# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၀၈၁)


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**

# ကျေးလက်အိမ်ပုံစံ နမူနာနှင့် နေ့ကလေးထိန်းဌာနတို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစစ်ဆေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံ နမူနာကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညနေပိုင်းတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း က ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံ နမူနာနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး ဝန်ကြီးဌာနရုံးဝင်းအတွင်း နမူနာပုံစံအဖြစ် ဆောက်လုပ်ပြသထားသည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် SEVEN KING Construction Co.,Ltd Managing Director ဦးမျိုးကိုကိုတို့က ကျေးလက်အိမ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသနှင့် ကိုက်ညီမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ▲

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များအပေါ် သဘောတူညီမှုရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သွားရောက်ခဲ့ပြီး နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒီဇင်ဘာ ၁၉ ရက်က ဒါကာမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များ (TERMS OF REFERENCE)အပေါ် သဘောတူညီမှုရရှိခဲ့ပြီး အဆိုပါ သဘောတူညီချက်အား ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗ္ဗူလ် ဟာဆန် မာမွတ်အလီ၏ ရှေ့မှောက်တွင် အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ◆


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# မြန်မာ့ဒီမိုကရေစီရေးနှင့် ကာတွန်း

ရန်ကုန်မြို့လယ် ပြခန်းတစ်ခု၌ ကာတွန်းပြပွဲတစ်ခု မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ကြီးမှူးကျင်းပခဲ့သည်။ အဆိုပါ ကာတွန်းပြပွဲ၏ ကြော်ငြာတွင် မည်သည့် ဗွီအိုင်ပီ (အထူးအရေးကြီးပုဂ္ဂိုလ်) တစ်ဦးတစ်ယောက်ကိုမျှ သီးခြားမဖိတ်ကြောင်း၊ ပြည်သူလူထုသည်သာ အထူးအရေးကြီးသူများဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုကြော်ငြာကို တွေ့ရသူတိုင်း ပြုံးမိကာ ကျေနပ်ပီတိဖြစ်မည်ထင်သည်။

မြန်မာနိုင်ငံ၌ လွန်ခဲ့သော လမ်းစဉ်ပါတီ ခေတ်တစ်ခေတ်က စတင်ကာ မကြာခင်ကာလအထိ ဗွီအိုင်ပီလူတန်းစားတစ်ရပ် အကြီးအကျယ် ပေါ်ထွန်းတည်ရှိနေခဲ့ပြီး ထိုလူတန်းစားက အစစအရာရာ အခွင့်ထူးခံများ ဖြစ်ခဲ့သည်။ ယနေ့ထက်တိုင်ပင် လုံးလုံးပပျောက်သွားခြင်း မဟုတ်ဘဲ လက်ကျန်ဗွီအိုင်ပီ လူတန်းစားတို့ကို တွေ့မြင်နေရဆဲ ဖြစ်သည်။

သူများတကာ ကျပ်တည်းနေချိန်တွင် ဗွီအိုင်ပီတို့အတွက် ကားရပ်စရာနေရာအများကြီးရှိမည်။ တိုင်းရေးပြည်ရာ ဆွေးနွေးတိုင်ပင်ရန်လိုသည့်အခါမျိုးဖြစ်၍ အားလုံးစည်းကြဝေးကြ စကားပြောနှီးနှောကြချိန်တွင်ပင် ဗွီအိုင်ပီတို့အတွက် ထိုင်ခုံမြင့် ဆိုဖာထူထူ သို့မဟုတ် သူများထက် ထူးခြားသည့် ထိုင်ခုံဖြစ်ရမည်။

ရှားပါးလှသည်ဆိုသော ကုန်မျိုးစုံကို အဆိုပါ ဗွီအိုင်ပီလူတန်းစားတို့သာ ပေါပေါလောလော ဝယ်ယူခွင့်ရခဲ့ကြ၏။ မည်သို့သော နေရာတွင်မဆို ဗွီအိုင်ပီလူတန်းစားက တန်းစီစရာမလို အထူးအခွင့်အရေးရသူများချည်း။ မကျန်းမာ၍ ဆေးရုံတက်ရလျှင် ဗွီအိုင်ပီတို့သာ ခုတင်နေရာရမည်။ သားသမီးကျောင်းတက်လျှင် ဗွီအိုင်ပီ၏ သားသမီးကမှ ကျောင်းဝင်ခွင့်လွယ်မည်။ ကျန်သည့် အများပြည်သူမှာ လူချင်းအတူတူ အလိုလိုနေရင်း သိမ်သိမ်ငယ်ငယ် ဖြစ်ရချေမည်။

နောင်တော့ သည်လိုအခြေအနေက စီးပွားရေးနယ်ပယ်ထဲသို့ တဖြည်းဖြည်းချင်း ဝင်ရောက်လာသည်။ စီးပွားရေးအကွက်အကွင်း ကောင်းကောင်းဆိုလျှင် ဗွီအိုင်ပီလူတန်းစားတို့အတွက်သာ နေရာရှိသည်။ တင်ဒါခေါ်လျှင် ဗွီအိုင်ပီလူတန်းစားတို့က အထူးအခွင့်အရေးဖြင့် တင်ဒါအောင်မည်။ ငွေကြေးအလုံးအရင်း ပတ်သက်နေသည့် စီမံကိန်းများ အားလုံးလိုလိုက ဗွီအိုင်ပီလူတန်းစား လက်ထဲတွင်ရှိသည်။ ထိုဗွီအိုင်ပီလူတန်းစားက သင့်ရာတော်ရာ ငွေကြေးအမြတ်များများ ပေးမည့်သူနှင့် တွဲဖက်အလုပ်လုပ်ရင်း ဘာအရင်းအနှီးမျှ စိုက်ထုတ်စရာမလိုဘဲ ရှယ်ယာရမည်။

သူတို့၏ အရင်းအနှီးနှင့် စွမ်းရည်မှာ ဗွီအိုင်ပီလူတန်းစား ဖြစ်ဖို့သာ။ ကာတွန်းဆရာတို့က ပြည်သူ့အစိုးရခေတ်တွင် ပြည်သူသည်သာ ဗွီအိုင်ပီလူတန်းစားဖြစ်ကြောင်း တို့ကာထိကာ သရော်ကာမျှမဟုတ်ဘဲ လူထုတစ်ရပ်လုံးကို တိုက်ရိုက် သတိပေးလိုက်သလိုပင်။

ဤသည်ပင် ကာတွန်းအတွေး ကာတွန်းအရေးဟု ဆိုချင်၏။ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲသမိုင်းကိုပြောလျှင် ကာတွန်းများ၏ အခန်းကဏ္ဍကို ထည့်မပြော၍ မဖြစ်နိုင်ပါ။ စင်စစ်မှာ ကာတွန်းများ၏ အခန်းကဏ္ဍက ဦးဆောင်မှုနေရာကပင် ပါသည်ဟုဆိုရမည် ထင်ပါသည်။

ဒီမိုကရေစီ ပိန်းပိန်းပိတ်မှောင်ကြီးကျနေဆဲကာလတွင် မည်သို့သော ဝေဖန်မှုကိုမဆို ကြားရမှာ၊ အကြောက်ကြီးကြောက်နေသူများက လွတ်လပ်စွာ ထုတ်ဖော်မှုဆိုသည်ကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခဲ့ကြချိန်မှာ ကာတွန်းဆရာများ၊ ကဗျာဆရာများ၊ စာရေးဆရာများက ရှေ့တန်းမှ နည်းမျိုးစုံဖြင့် လှည့်ကာပတ်ကာ ဖွင့်ခဲ့ကြသည်ဟု မြင်ပါသည်။

သည်အထဲတွင် ကာတွန်းနှင့် ကဗျာများက သွယ်ကာဝိုက်ကာ အရိပ်အမြွက်တစ်လှည့် တို့တို့ထိထိတစ်ခါနှင့် ပြည်သူလူထုနှင့် ဆက်သွယ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ထိုခေတ်အာဏာပိုင်တို့သည် ကာတွန်းနှင့် ကဗျာများကို အထူးတလည်ပင် ကြောက်ရွံ့ခဲ့ကြသည်ဟု ထင်သည်။ ရိုးရိုးစင်းစင်း ကာတွန်း၊ ကဗျာများကိုပင် မျက်ကလူးဆန်ပျာ အထပ်ထပ် အခါခါ စစ်ကာ ဆေးကာ ဖြစ်ခဲ့ကြသည်။

ပြည်သူလူထုကလည်း ဒီမိုကရေစီရနံ့နှင့် ကာတွန်းကဗျာများကို လွန်စွာမျှော်လင့်ခဲ့ကြလေသည်။

ပြည်သူ့ ကာတွန်းပြပွဲကြီးတစ်ခု ပေါ်ပေါက်လာရန် မျှော်မှန်းရင်း ကာတွန်းဆရာများကို ဂုဏ်ပြုကြိုဆိုလိုက်ပါကြောင်း။ ။


## တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး

## ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန


# ကရင်မျိုးနွယ်စုများ၏ သမိုင်းကြောင်းနှင့် ပတ်သက်သော သမိုင်းစာအုပ်ကို ထုတ်နိုင်ရန် ပြင်ဆင်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်နေ့ ညပိုင်းနှင့် ၁၈ ရက်နေ့ နံနက်ပိုင်းတို့တွင် ဒလမြို့နယ်အတွင်းရှိ ကရင်လူမျိုးစုအများဆုံးနေထိုင်ကြသည့် ထူးကြီးကျေးရွာ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းသည် ယဉ်ကျေးမှုကို တိုးပွားစေသည့် ရိုးရာပွဲကို ဖော်ထုတ်ပေးသည့် ပွဲတော်ဖြစ်ကြောင်း၊ ကရင်စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများတွင် ကရင်စာပေကို သင်ကြားပေးရန် ပြီးခဲ့သည့်နှစ်က ကျောင်းသား ၅၀၀၀ ကျော်ကို ဆရာ ဆရာမ ၂၀၀ ကျော်နှင့် သင်ခဲ့ရကြောင်း၊ ယခုနှစ်တွင် ဆရာ ဆရာမ ၄၀၀ ကျော်နှင့် ကျောင်းသားအရေအတွက် ၁၀၀၀၀ ကျော်ဖြစ်ခဲ့ရာ ကရင်စာပေကို သင်နိုင်ရန်အတွက်နှစ်ဆတိုးလာကြောင်း၊ ထို့အတူ ကရင်စာပေ မပျောက်အောင် (Dictionary) အဘိဓာန်စာအုပ် မြန်မာလိုအရှေ့ပိုးကရင်၊ အနောက်ပိုးကရင်နှင့် စကောကရင် စာလုံးရိုက်ရုံဖြင့် မြန်မာလိုနှင့်အင်္ဂလိပ်လိုထွက်ရှိအောင် ပညာရှင်များ စုစည်းပြီး လုပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ကရင်မျိုးနွယ်စုများ၏ သမိုင်းကြောင်းနှင့် ပတ်သက်သော သမိုင်းစာအုပ်ကို ထုတ်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁)ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ကရင်ရိုးရာ ဒုံးယိမ်းအကပြိုင်ပွဲများ၊ တေးသီချင်းများ၊ ကရင် (ကလေး) ကဗျာများ ရွတ်ဆို၍ ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အလံတင်ခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာ စကားတို့ဖြင့် ရိုးရာယဉ်ကျေးမှု စာပေများကို ကရင်တိုင်းရင်းသားများက ဟောပြောခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

ထင်သာမြင်သာ ပြုပြင်စရာ

# နေပြည်တော်မြို့မဈေးကြီး လူသွားစင်္ကြံများ ပျက်စီးယိုယွင်းနေ၍ ပြုပြင်ပေးစေလို



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေးကြီးသည် နေပြည်တော်တွင် ထင်ရှားသော ဈေးကြီးတစ်ဈေးဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများနှင့်ဒေသခံပြည်သူများအတွက် အားထားရာဈေးကြီးဖြစ်သည်။ ထို့အပြင် အနယ်နယ်အရပ်ရပ်ဆီမှ နေပြည်တော်သို့လည်းကောင်း၊ နေပြည်တော်မှ အနယ်နယ်အရပ်ရပ်သို့လည်းကောင်း၊ ကူးသန်းသွားလာနိုင်သည့် အဆင့်မြင့်အဝေးပြေးကားဂိတ်များလည်း ဈေး၏အရှေ့ဘက်တန်းနှင့် တောင်ဘက်တန်းတို့တွင် တည်ရှိသောကြောင့် လူစည်ကားရာ ဈေးကြီးတစ်ဈေးလည်းဖြစ်သည်။

ယခုအခါ အဆိုပါ မြို့မဈေးကြီး၏ ကုန်စိမ်းရုံ(၁)မျက်နှာစာရှေ့လူသွားစင်္ကြံပလက်ဖောင်း ပေ ၁၅၀ ခန့်နှင့် မြို့မဈေးပွဲရုံတန်းရှေ့ သားငါးရုံအနီးရှိ လူသွားစင်္ကြံပလက်ဖောင်းတို့မှာ ပျက်စီးယိုယွင်းနေပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုပါကြောင်း ဈေးရောင်းဈေးဝယ်သူများမှ လိုလားလျက်ရှိနေကြသည်။

“နေပြည်တော်ရဲ့ ပုံရိပ်ကို ထင်ဟပ်စေတဲ့ ဈေးကြီးတစ်ဈေးဖြစ်တာကြောင့် ဈေးအင်္ဂါရပ်နဲ့ ညီညွတ်ဖို့၊ သန့်ရှင်းသာယာဖို့နဲ့ လူသွားစင်္ကြံလမ်းတွေကောင်းဖို့လည်း လိုအပ်ပါတယ်၊ ညနေပိုင်းဝန်ထမ်းကြိုပို့ယာဉ်တွေဝင်ပြီး ဈေးဝယ်ကြပြီဆိုရင် အဲ့ဒီပျက်နေတဲ့ လူသွားစင်္ကြံနေရာမှာ ခလုတ်တိုက်လဲတဲ့ သူတွေမကြာခဏတွေ့နေရတယ်၊ လမ်းသွားလမ်းလာတွေအဆင်ပြေဖို့ သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုပါတယ်” ဟု ဈေးဝယ်လာသူတစ်ဦးက ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## မြို့နယ် ငါးမြို့နယ် စာပြန်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံသီလရှင်ပရိယတ္တိစာသင်တိုက်ကြီး၌ (၃၅) ကြိမ်မြောက် ငါးမြို့နယ်အစိုးရအာဂုံနှင့် ရေးဖြေစာပြန်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့ရာ ဘုရားသုံးဆူကျောင်းတိုက် ဆရာတော်နှင့် ကြီးကြပ်ဆရာတော်များ၊ ငါးမြို့နယ်သီလရှင်စာပြန်ပွဲ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သာသနာ့နွယ်ဝင် သီလရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဒေါ်သြဘာသီနှင့် ငါးမြို့နယ်မှ ကြီးကြပ်ဆရာကြီးများနှင့် စာဖြေကြမည့် သီလရှင်ဆရာလေးများ တက်ရောက်ကြသည်။

အဆိုပါ အစိုးရစာပြန်ပွဲတွင် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် ဓမ္မာစရိယတန်းများကို ငါးမြို့နယ်မှ ဆရာလေးများက အာဂုံပြန်နှင့် ရေးဖြေတို့ကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ဖြေဆိုကြရမည်ဖြစ်သည်။ **တင်ကြည်(သဃ်န်းကျွန်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၉-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ ・၃ |
| ထိုင်း | တစ်ဘတ် | ၄၁ ・၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၂ |
| တရုတ် | တစ်ယွမ် | ၂၀၆ ・၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ ・၄၈ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



ရှင်မြူးသာလှ ကျေးလက်ည

ဓာတ်ပုံ- ဝင်းဇော်ဦး(မင်းဘူး)

## တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်

"လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်။ ငါ့လူမျိုးသာ ကမ္ဘာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ ကိုယ့်လူမျိုးကိုယ်ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်"

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၁၉

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စများ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Sun Guoxiang နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Sun Guoxiang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် "မေမေ့ရင်ခွင်" နေ့ကလေးထိန်းဌာန၌ သုံးနှစ်အောက် ကလေးငယ်များအား အသက်အရွယ်အလိုက် ပြုစုစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်

▲ *ရှေ့ဖုံးမှ*

အဆိုပါ ကျေးလက်အိမ်သည် အလျားပေ ၄၀၊ အနံ ပေ ၆၀ ခြံဝင်းအတွင်း တည်ဆောက်မည်ဖြစ်ပြီး အဆောက်အဦအကျယ်အဝန်းမှာ ၁၈ ပေနှင့် ၂၈ ပေရှိကာ သွပ်မိုး၊ ကွန်ကရစ် ကျောက်ပြားအကာနှင့် သစ်ခင်းအဆောက်အအုံ အမျိုးအစား ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝင်းအတွင်း ဖွင့်လှစ်ထားသည့် "မေမေ့ရင်ခွင်"နေ့ကလေးထိန်းဌာနသို့ရောက်ရှိပြီး သုံးနှစ်အောက် ကလေးငယ်များအား အသက်အရွယ်အလိုက် ပြုစုစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**ရုံးချိန်အတွင်း လက်ခံပြုစုစောင့်ရှောက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေ့ကလေးထိန်းဌာန ကစားကွင်းငယ်သို့ရောက်ရှိပြီး ကလေးငယ်များ၏ ဆော့ကစားနေမှုများကို ကြည့်ရှုသည်။ အဆိုပါ နေ့ကလေးထိန်းဌာန၌ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းရုံးများမှ နိုင်ငံ့ဝန်ထမ်းများ၏ သားငယ်၊ သမီးငယ်များကို ရုံးချိန်အတွင်း လက်ခံပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## "နေ့ကလေးထိန်းဌာန၌ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းရုံးများမှ နိုင်ငံ့ဝန်ထမ်းများ၏ သားငယ်၊ သမီးငယ်များကို ရုံးချိန်အတွင်း လက်ခံ ပြုစု စောင့်ရှောက်ပေးလျက်ရှိ"

# ယခုနှစ်တွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြည်ပသို့ စံချိန်တင် ဆန်တင်ပို့နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည်မှ ကြိတ်ခွဲရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ အနေဖြင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများဖြစ်သည့် ရိတ်သိမ်းခြွေလှေ့စက်များ သုံးစွဲမှုမြှင့်တင်ရေး၊ အခြောက်ခံစက်၊ မျိုးစေ့သန့်စင်စက်၊ သိုလှောင်ရုံ တည်ထောင်ခြင်း လုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးရန် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၊ အထွေထွေညီလာခံနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**



**ပြောင်းလဲဖွဲ့စည်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးကောင်း မျိုးစေ့ထုတ် စိုက်ခင်းများ တည်ထောင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices, GAP) လိုက်နာ ကျင့်သုံးရေး၊ သွင်းအားစုများ အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်ရေး၊ မီဒီယာစွမ်းအားကိုအသုံးပြု၍ စိုက်ပျိုးနည်းပညာများ ပြန့်ပွားရေး အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မျိုးစေ့ထုတ်လုပ်ငန်းတွင်လည်း မျိုးစေ့ထုတ်လုပ်သူအသင်းများ (Seed Grower Association) တည်ထောင် ဆောင်ရွက်နေရာမှ မျိုးစေ့ထုတ် သမဝါယမအသင်းများ (Seed Grower Cooperative)အဖြစ် ပိုမိုကျယ်ပြန့်စွာ ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်စေရန် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရိတ်သိမ်းချိန်လွန်(Postharvest) လုပ်ငန်းစဉ်များ၌ အသုံးပြုရန် လိုအပ်သည့် သန့်စင်စက်များ၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံများ တည်ထောင်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်လာနိုင်ရေးအတွက် Two Step Loan ချေးငွေများ ချေးယူရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်သူအားလုံးတို့က ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြီး စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ တောင်သူလယ်သမားများနှင့် အကျိုးတူလယ်ယာစနစ် (Contract Farming) ဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ အပါအဝင် ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးခြင်း လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးခြင်း၊ လယ်ယာသီးနှံများအတွက် သီးနှံ အာမခံစနစ် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားများအတွက် အားကိုးအားထားပြုရမည့် Agribusiness Services Centre များ တည်ထောင်ခြင်း၊ လူတစ်ဦးချင်းစီ၏ ဆန်စားသုံးမှုနှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်း၊ ပြည်တွင်း ပြည်ပ လယ်ယာထွက်ကုန်ဈေးနှုန်းများအား ခုနှစ်အလိုက် စာအုပ်များ ရိုက်နှိပ်ထုတ်ဝေခြင်း စသည့်လုပ်ငန်းများ၊ စီမံကိန်းများကို ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စံချိန်တင် ဆန်တင်ပို့နိုင်**

နိုင်ငံတော်အနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် Export Lead Crop Production စနစ်ကို ကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှု သာဓကအဖြစ် ယခုနှစ်တွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြည်ပသို့ စံချိန်တင် ဆန်တင်ပို့နိုင်ခဲ့သည်။

ယမန်နှစ်က နွေစပါး ဧက ကိုးသိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုလာမည့် နွေစပါးရာသီတွင် ဧက ၁၈ သိန်းအထိ ဆည်ရေပေးဝေနိုင်ပြီဖြစ်၍ တောင်သူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပြီး သွင်းအားစုများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရယူသုံးစွဲနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရေးတို့အတွက် စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကြား နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား တရုတ်တိဘက် သုတေသနဌာန အကြီးအကဲ ပါမောက္ခချုပ် မစ္စတာ ကျန်းယွင် ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားကဏ္ဍမြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ဘာသာစကားများအား ဖြန့်ဝေနိုင်ရေး၊ မြန်မာနိုင်ငံနှင့် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကြား နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွား တိုးတက်ကောင်းမွန်စေရန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မှုများနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာ ရပ်တည်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Sun Guoxiang တို့ တွေ့ဆုံစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ် အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Sun Guoxiang အား ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ရုံးအမှတ်(၁၈)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲ ထပ်မံ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲ ၁၁၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၃၈ ဒသမ ၂၂၆ သန်းခန့်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ပြပွဲ အဋ္ဌမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်းဦးရေ ၄၄၂၉ ကျော် တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်း တန်ဖိုးမြင့် အချောထည်များနှင့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက် ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ကျင်းပခဲ့သည်မှာ အဋ္ဌမမြောက်နေ့သို့ ရောက်ရှိပြီဖြစ်ပြီး ယနေ့အထိ ကျောက်မျက်အတွဲပေါင်း ၃၂ တွဲကို တန်ဖိုးငွေ ယူရိုသန်း ၀ ဒသမ ၇၆၇ သန်း ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၃၅၂၀ ကို တန်ဖိုးငွေ ယူရိုသန်း ၂၀၃ ဒသမ ၅၄၉ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၆၀၁ မှ ၅၇၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်း အတွဲအမှတ် ၅၇၅၁ မှ ၆၆၈၅ ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ၂/၂၀၁၇ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ထပ်မံစိစစ်အတည်ပြု**

ရှေးဦးစွာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု၊ နည်းဥပဒေထုတ်ပြန်ပြဋ္ဌာန်းမှုနှင့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် နည်းဥပဒေပြင်ဆင်ရေးဆွဲ ထုတ်ပြန်ပြဋ္ဌာန်းမှု၊ ပြင်ဆင်သည့် နည်းဥပဒေအရ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်မှုနှင့် လက်ရှိ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှလျှောက်ထားလာမှု၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှု၊ စိစစ်ခွင့်ပြုမှု၊ ငြင်းပယ်မှုနှင့် ခွင့်ပြုပြီးသူများအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးပြီးစီးမှု၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြုဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းတာဝန်ခံအရာရှိက အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်များ၊ အမှတ်ပေးစနစ်နှင့် လျှောက်ထားမှုအခြေအနေတို့အား ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်များက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုနိုင်ရေး ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ခွင့်ပြုထားသူ မြန်မာနိုင်ငံသားဟောင်းများအနက် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားသူ လေးဦး၏ အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် အတည်ပြုချက်ရယူခြင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် နှစ်စဉ်သက်တမ်းအတည်ပြု ဆောင်ရွက်ပြီးစီးမှုနှင့် ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲလျှောက်ထားမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြပြီးနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**လက်ခံဆောင်ရွက်ခဲ့**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစား လေးမျိုးခွဲခြားသတ်မှတ်ကာ လျှောက်လွှာများ လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ လျှောက်ထားသူ စုစုပေါင်း ၄၂၉ ဦးရှိပြီး ဗဟိုကော်မတီအစည်းအဝေး ငါးကြိမ်ကျင်းပ၍ ၃၅၂ ဦးအား လူတွေ့စစ်ဆေးအကဲဖြတ် စိစစ်အတည်ပြုကာ ၃၃၈ ဦးအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန် ၁၄ ဦးမှာ လက်မှတ်နှင့် ကတ်ပြား လာရောက်ထုတ်ယူခြင်း မရှိသေးကြောင်း သိရသည်။ ထို့ပြင် လျှောက်ထားသူများအနက် နည်းဥပဒေနှင့် ကိုက်ညီမှုမရှိသူ ရှစ်ဦးအား ငြင်းပယ်ခဲ့ပြီး ယခုအချိန်အထိ ဗဟိုကော်မတီသို့ လာရောက်၍ လူတွေ့စစ်ဆေးအကဲဖြတ်ရန် ၁၂ ဦးကျန်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူ နှစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၃၅ ဦး၊ ဆက်စပ်နိုင်ငံခြားသား ကိုးဦးနှင့် လျှောက်ထားသူများ၏ မိသားစုဝင် ၁၁ ဦး စုစုပေါင်း ၅၇ ဦး စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက်ရည်ရွယ်၍ ချီးမြှင့်သည့် Kate Webb ဆုကို မြန်မာနိုင်ငံမှ သတင်းထောက် ကိုမြတ်ကျော်သူ ရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉

**အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက် ရည်ရွယ်၍ချီးမြှင့်သော Kate Webb ဆုကို မြန်မာနိုင်ငံမှ အကြီးတန်းသတင်းထောက် ကိုမြတ်ကျော်သူ ရရှိကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် AFP သတင်းဌာနက ကြေညာခဲ့သည်။ ကိုမြတ်ကျော်သူသည် Frontier Myanmar တွင် အကြီးတန်းသတင်းထောက်အဖြစ် စစ်ပွဲသတင်းနှင့် ပဋိပက္ခသတင်းများကို ကိုယ်တိုင်သွားရောက်ရေးသားနေသူဖြစ်သည်။**

**ထဲထဲဝင်ဝင် လုပ်ခဲ့ရ**

ကိုမြတ်ကျော်သူက "ဒီဆုကို ရဖို့အတွက် အထူးသဖြင့် အာရှတစ်ခုလုံးမှာရှိတဲ့ သတင်းထောက်တွေ ဝင်ပြိုင်ကြပါတယ်၊ စစ်ပွဲတွေ၊ ပဋိပက္ခတွေထဲမှာ ရှေ့တန်းကိုရောက်ပြီး ရေးခဲ့တဲ့ သတင်းတွေကို အဓိက ဦးစားပေးရွေးချယ်တာပါ။ ကျွန်တော်ရေးခဲ့တာက ၂၀၁၆ မှာ မောင်တောက ရဲစခန်းသုံးခုကို ဝင်တိုက်ခံရတဲ့ အကြောင်းရေးတယ်၊ ကျွန်တော်က အဲဒီကို ပထမဆုံးရောက်ခဲ့တယ်၊ နောက် ပဲခူး၊ ဝေါ-သူရဲသူမိန်၊ နောက် မူဆယ် ရှမ်းမြောက်မှာဖြစ်ခဲ့တဲ့ မုံးကိုးတိုက်ပွဲမှာ ကျွန်တော်သွားခဲ့တဲ့ ခရီးလမ်းတစ်လျှောက် ကြုံခဲ့တာတွေ ရေးတယ်၊ လိုလိုချင်ချင်နဲ့ ကိုယ်တိုင်ထဲထဲဝင်ဝင် လိုက်ပြီး လုပ်ခဲ့ရတဲ့ သတင်းတွေနဲ့ ဒီဆုကို ရတာဆိုတော့ ကျွန်တော့်အတွက်ကတော့ အတိုင်းမသိ ဝမ်းသာရတာပေါ့"ဟု Kate Webb ဆုရရှိမှုနှင့် ပတ်သက်၍ ဖြေကြားသည်။

**Kate Webb ဆု ချီးမြှင့်ပေး**

နယူးဇီလန်နိုင်ငံတွင်မွေးဖွားသည့် Kate Webb သည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ စစ်ပွဲသတင်းများနှင့် အခြားသမိုင်းဝင် အဖြစ်အပျက်များစွာကို နှစ်ပေါင်းများစွာ သတင်းရယူခဲ့သည့် သြစတြေးလျ ဝါရင့်ဂျာနယ်လစ်တစ်ဦးဖြစ်သည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင် အစရှိသည့် အာရှဒေသနိုင်ငံများ အပါအဝင် အရှေ့အလယ်ပိုင်းဒေသများ၌ပါ သတင်းရယူခဲ့ပြီး အကြင်နာနှင့် ကရုဏာတရားကြီးမားမှုတို့ကြောင့် Kate သည် အာရှ၏ အတုယူဖွယ်ဂျာနယ်လစ်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ Kate Webb သည် အသက် ၆၄ နှစ်အရွယ် ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက် ရည်ရွယ်ပြီး ကွယ်လွန်သွားသော နယူးဇီလန်နိုင်ငံသူ Kate Webb ကို အစွဲပြု၍ AFP သတင်းဌာနသည် ၂၀၀၈ မှ စတင်ပြီး Kate Webb ဆုကို ချီးမြှင့်ပေးခဲ့သည်။

ကိုမြတ်ကျော်သူ Kate Webb ဆုရရှိမှုအပေါ် Frontier Myanmar (နေပြည်တော်တာဝန်ခံ) ကိုညဏ်လှိုင်လင်းက "မရတ်(မြတ်ကျော်သူ)က ၂၀၁၆ မှာ မောင်တောပဋိပက္ခ၊ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခဲ့တဲ့သူတွေ၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ရှမ်းပြည်မြောက်ပိုင်းက တိုက်ပွဲတွေအကြောင်းတွေလည်း သွားရေးတယ်၊ ဒါကြောင့် ရတယ်လို့ ဆုရွေးချယ်ရေးအဖွဲ့က ညွှန်းပါတယ်၊ သူက ဂျာနယ်လစ်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ လက္ခဏာတွေ ရှိတယ်လို့ ကျွန်တော် ယုံတယ်၊ သူက တစ်ခုခုဖြစ်ပြီဆို ထဲထဲဝင်ဝင် သိချင်တယ်၊ အားထုတ်တယ်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့ သူဟာ သတင်းထောက်ကောင်းဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ၂၀၁၄ လောက်မှာ သူနဲ့ လုပ်ဖော်ကိုင်ဖက် သတင်းသမားတွေအဖြစ် ဆုံခဲ့တာပါ"ဟု ပြောသည်။

ကိုမြတ်ကျော်သူသည် Kate Webb ဆုကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးရရှိသည့် သတင်းထောက်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် လူ့အသိုင်းအဝိုင်းကြား တိုက်ခိုက်မှုများကို ဖော်ထုတ်ရေးသားခဲ့သည့်အတွက် ဆုရွေးချယ်ရေးကော်မတီက အသိအမှတ်ပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ AFP သတင်းဌာနသည် အာရှသတင်းထောက်များအတွက် Kate Webb ဆုကို နှစ်စဉ် ချီးမြှင့်လျက်ရှိသည်။

**အဓိက ဦးစားပေးပို့**

Kate Webb ဆု ရရှိခဲ့သော Frontier Myanmar မှ အကြီးတန်း သတင်းထောက် ကိုမြတ်ကျော်သူက "၂၀၁၆ ခုနှစ်မှာ ကျွန်တော်သတင်းလိုက်ပြီး ရေးသားခဲ့တဲ့ အထူးသဖြင့် စစ်ပွဲတွေ၊ အဓိကရုဏ်းတွေနဲ့ဆိုင်တဲ့ သတင်းတွေကို ကြည့်ပြီးပေးတာပါ၊ စစ်ပွဲတွေ၊ ပဋိပက္ခတွေထဲမှာ ရှေ့တန်းကိုရောက်ပြီး ရေးခဲ့တဲ့ သတင်းတွေကို အဓိက ဦးစားပေးပို့ခဲ့တာပါ။

"ဒီဆုကို ရဖို့အတွက် အထူးသဖြင့် အာရှတစ်ခုလုံးမှာရှိတဲ့ သတင်းထောက်တွေ ဝင်ပြိုင်ကြပါတယ်၊ စစ်ပွဲနဲ့ အဓိကရုဏ်းသတင်းတွေရေးတဲ့ သတင်းထောက်တွေ များတာပေါ့၊ အဓိကထားရွေးချယ်တာလည်း အဲ့ဒီလို သတင်းတွေရယူရေးသားခဲ့တဲ့ သူတွေကိုပါ။



**Kate Webb ဆုရရှိသည့် မြန်မာနိုင်ငံမှ သတင်းထောက် ကိုမြတ်ကျော်သူ**
ဓာတ်ပုံ-AFP သတင်းဌာန

**အတိုင်းမသိ ဝမ်းသာ**

"ဒီဆုအတွက် စာမူသတ်မှတ်တာက လေးခုပါ၊ ကျွန်တော်က သူတို့ထည့်စဉ်းစားလို့ရအောင် ငါးခုပို့ခဲ့တယ်၊ ခံစားချက်ကတော့ သတင်းထောက်တစ်ယောက် သတင်းအလုပ်လုပ်တယ်၊ နောက် ကျွန်တော် ကိုယ်တိုင်လည်း တကယ်ဖြစ်နေတဲ့ နေရာတွေကို ကိုယ်တိုင်သွားပြီး သတင်းတွေ ရေးချင်တယ်၊ လိုလိုချင်ချင်နဲ့ ကိုယ်တိုင်ထဲထဲဝင်ဝင်လိုက်ပြီး လုပ်ခဲ့ရတဲ့ သတင်းတွေနဲ့ ဒီဆုကို ရတာဆိုတော့ ကျွန်တော့်အတွက်ကတော့ အတိုင်းမသိ ဝမ်းသာရပါတယ်။

**သတင်းကသာ ဆုံးဖြတ်ပေး**

"သတင်းလောကထဲ ဝင်လာမယ့်သူတွေ၊ ရှိနေတဲ့သူတွေအတွက်တော့မဟုတ်ပါဘူး၊ ကျွန်တော်တို့ သတင်းထောက်တွေ အကုန်လုံး ဘာသာ၊ လူမျိုးဆိုပြီး အစွဲမထားဘဲ ဂျာနယ်လစ်ဇင်ကိုသာ စိတ်ထဲမှာစွဲပြီးလုပ်မယ် ဆိုရင်တော့ ကျွန်တော်တို့ ရေးသမျှ သတင်းတိုင်းက ညီမျှနေမယ်ဆိုတာကို ကျွန်တော်ကိုယ်တိုင်လည်း ယုံကြည်တယ်၊ ကျွန်တော့်ကို ဒီဂျာနယ်လစ်ဇင်အတတ်ပညာ သင်ပေးခဲ့တဲ့ ဆရာ ဦးရဲနိုင်မိုးတို့ ပြောသလိုပါပဲ၊ သတင်းကသာ ဆုံးဖြတ်ပေးတာပါ၊ ကျွန်တော်တို့ စိတ်ထဲမှာရှိနေတဲ့ ဘာသာရေး၊ လူမျိုးရေးတွေက တကယ့်သတင်းဆိုတာနဲ့ ယှဉ်လိုက်ရင် ဘာမှမဟုတ်တော့ဘူး၊ သတင်းရေးတဲ့ နေရာမှာ အစွဲတွေဖြုတ်ပြီးတော့ ရေးကြမယ်၊ ဖော်ပြနိုင်မယ်ဆို အကောင်းဆုံးပါပဲ။

**ရေးသားတင်ပြ**

"အဓိက ကတော့ဗျာ၊ မီးလောင်၊ ရေကြီး၊ သူပုန်စီးဆိုတဲ့ အဆိုတောင်ရှိတယ်၊ မီးလောင်တာရော၊ ရေကြီးတာရော၊ သူပုန်စီးတာရော မကောင်းဘူး၊ ဒါပေမယ့် သတင်းအလုပ်ဆိုတာကလည်း အဆင်မပြေတဲ့ ကိစ္စတွေ၊ လူထုအတွက် ခံစားနေရတာတွေ၊ အောက်ခြေက အဖြစ်အပျက်တွေ၊ နောက် အပေါ်က ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့်အထိ အဆင်မပြေတာတွေ ရေးသားတင်ပြနေရတာ၊ ဘယ်သတင်းထောက်ကမှ ကိုယ့်နိုင်ငံမှာဖြစ်နေတဲ့ စစ်ပွဲတွေ၊ အဓိကရုဏ်းတွေ မမြင်ချင်ဘူး၊ မတွေ့ချင်ကြဘူး၊ ဒါပေမယ့် ဒီဟာတွေ ဖြစ်နေတော့ ရေးနေကြရတယ်၊ သတင်းထောက်မှ မဟုတ်ဘဲ ဘယ်သူမဆို ဒီလိုအရာတွေ အဖြစ်အပျက်တွေကို မမြင်ချင်ကြပါဘူး။

**ပထမဆုံး သင်ကြားခဲ့**

"၂၀၁၀ မှာ ကျွန်တော်တို့ ယူနတီဂျာနယ် စလုပ်ကြတယ်၊ ကျွန်တော်က သတင်းထောက် တစ်ယောက်အနေနဲ့ စတင်တယ်၊ အဲ့ဒီမှာ အယ်ဒီတာချုပ်က ကိုဖြိုးဝေလင်းပေါ့၊ အစ်ကို ဆရာပါပဲ၊ နောက် ဆရာဦးရဲနိုင်မိုးဆီက ဂျာနယ်လစ်ဇင်နဲ့ ပတ်သက်တဲ့ အတတ်ပညာတွေ ပထမဆုံး သင်ကြားခဲ့ရပြီး ကျွန်တော် သတင်းအတတ်ပညာတွေ စရပါတယ်၊ နောက် ကျွန်တော် မဇ္ဈိမမှာ သုံးနှစ်ခွဲလောက် လုပ်တယ်၊ အယ်ဒီတာရာထူးအထိ ရခဲ့ပါတယ်၊ အဲဒီကနေ ၂၀၁၅ နှစ်စမှာ မြန်မာတိုင်းမ်မှာ အလုပ်ဝင်တယ်၊ အဲဒီမှာ ခြောက်လလောက်လုပ်ပြီး ကျွန်တော် Frontier မှာ ယနေ့အထိ အကြီးတန်းသတင်းထောက် အဖြစ် လုပ်နေပါတယ်"ဟု မြန်မာ့သတင်းစဉ်မှ မေးမြန်းမှုများကို စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သည်။

**မေးရေး-ရဲခေါင်ညွှန့်**

## မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး ပျဉ်းမနား၌ ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်ရဲတပ်ဖွဲ့မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးခြင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပြသခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ပျဉ်းမနားမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု အာဟာရသုခဈေး အုပ်ချုပ်ရေးမှူးရုံးရှေ့ကွင်းပြင်၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်ဝင်းက မှုခင်းကျဆင်းရေး ပညာပေးဟောပြောခြင်း၊ လူကုန်တားတပ်ဖွဲ့မှ ရဲအုပ် စိုင်းနေမျိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဆွေးနွေးခြင်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်ဌေးလွင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးပြောကြားခဲ့ပြီး လာရောက်လေ့လာနားထောင်သူ ဈေးသူဈေးသားများက မှုခင်းပညာပေးယာဉ်ပေါ်သို့ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **ရဲရဲ(ပျဉ်းမနား)**

# ကိုယ့်သမိုင်းကို ကိုယ်ပဲရေးကြသည်

## ဝေယံမောင်

Bullet သတင်းဂျာနယ်ကို ထုတ်ဝေသူလည်းဖြစ်၊ သတင်းဆောင်းပါးများ၊ အယ်ဒီတာ့အာဘော်များ ရေးသားနေသူ တစ်ဦးလည်းဖြစ်သည့် ဦးလှဆွေက သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဒီဇင်ဘာ ၁၈ ရက်နေ့ နံနက် ၃ နာရီ ၅၉ မိနစ်အချိန်၌ Post တစ်ခုတင်လာပြီး အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

"ဆရာဖေမြင့်တို့ ပြန်ကြားရေးကိုင်လိုက်မှ မြန်မာစာ အရေးအသားတိုးတက်လာတယ်၊ မြန်မာ့အကောက်ခွန်က အရင်လူဟောင်းတွေနဲ့ ရောင်းဝယ်ဖောက်ကားမှာ မဟုတ်တော့ဘူးဆိုတဲ့သဘော၊ အခုဝယ်လက်အသစ်ရလာတဲ့သူက အောဇီက နယ်စပ်တပ်ဖွဲ့တဲ့၊ သူနဲ့ ပူးပေါင်းမှာတဲ့"

အဆိုပါ စာသားနှင့်အတူ တွဲလျက်ဖော်ပြလာသည်က ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် Democracy Today သတင်းဂျာနယ် (အတွဲ ၄၊ အမှတ် ၃၃၉ ) စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် "မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေခြင်းကို မြန်မာအကောက်ခွန်ဦးစီးဌာနက ဩစတြေးလျနယ်စပ်တပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မည်"ဟူသော သတင်းခေါင်းစီးနှင့် သတင်းဖြစ်ပါသည်( ဖြစ်စဉ်ကို ပိုမိုပေါ်လွင်စေရန်သာ ရည်ရွယ်ပြီး သက်ဆိုင်ရာ သတင်းစာကို ထိခိုက်နစ်နာစေလိုသည့် ဆန္ဒဖြင့် ဖော်ပြခြင်းမဟုတ်ပါ)။

**မတော်တဆအမှား**

သတင်းက မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကို ကာကွယ်တားဆီးရန် ပြည်ပနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စကို ရေးသားထားခြင်းဖြစ်သော်လည်း သတင်းခေါင်းစဉ် စာသားတပ်မှုက အဓိပ္ပာယ်တစ်မျိုး ပေါက်နေသည်ကို ထင်ထင်ရှားရှားတွေ့မြင်ကြရမည် ဖြစ်ပါသည်။

**ထပ်ဆင့်အမှား ပိုဆိုးရွား**

သို့သော် ပို၍ ဆိုးရွားသည်က Democracy Today သတင်းစာသည် ပုဂ္ဂလိကပိုင် သတင်းစာ တစ်စောင်ဖြစ်ပြီး ပြန်ကြားရေးမှ ထုတ်ဝေသော သတင်းစာမဟုတ်။ ဦးလှဆွေ ရေးသားသော Post ကို ဖတ်မိသူ အားလုံးကမူ ပြန်ကြားရေးမှ ထုတ်သည့်စာစောင်ဟု အဓိပ္ပာယ်ချက်ချင်းပေါက်စေနိုင်သည့် ပြန်ကြားရေးဝန်ကြီး၏ အမည်ကို ဖော်ပြထားခြင်း။

အဆိုပါ သတင်းကို နိုင်ငံပိုင်ကြေးမုံသတင်းစာ (ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ်) စာမျက်နှာ ၁၇ တွင်လည်း "တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့် မြန်မာအကောက်ခွန်ဌာနတို့ လက်မှတ်ရေးထိုး"ဟု ခေါင်းစီး တပ်ကာ ဖော်ပြခဲ့ပါသည်။

သို့သော် ဦးလှဆွေ၏ Post ကို ဖတ်ပြီး မှတ်ချက်ပေးကြသူများက ပြန်ကြားရေးဝန်ကြီးဌာန၏ အမှားဟုမှတ်ယူကာ အမျိုးမျိုးဝေဖန်ရေးသားကြ၏။ အဆိုပါ သတင်းကို သိရှိပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးသက်ဆွေက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက အရင်အတိုင်း ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သုံးစောင်ကို နိုင်ငံပိုင်အဖြစ် ထုတ်ဝေနေကြောင်း၊ ယခု ဖော်ပြထားတဲ့ သတင်းစာက ၎င်းတို့ထုတ်တာ မဟုတ်ကြောင်းစသည်ဖြင့် ဖော်ပြ၍ ဦးလှဆွေတင်ထားသည့် Post အောက်တွင် လည်းကောင်း၊ ဦးလှဆွေ၏ Messenger Box တွင်လည်းကောင်း ယင်းနေ့ညနေ ၃ နာရီ ၃၃ မိနစ်တွင် ပြန်လည်ရေးသားခဲ့ပါသည်။ သို့သော် ယခု ဤစာစုရေးနေသည့်အချိန်ထိ ကာယကံရှင် ဦးလှဆွေက မှားယွင်းကြောင်း တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးပါ။ ယင်း Post ကိုလည်း ယခုအထိ တင်ထားဆဲဖြစ်ပါ၏။

သတင်းမီဒီယာနယ်ပယ်တွင် ကျင်လည်ကျက်စားသူ အားလုံး သတင်းမီဒီယာ ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းကြရန် တာဝန်ရှိပါသည်။ ထိုသို့ တာဝန်ရှိကြောင်းလည်း မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတစ်ခုဖြစ်သော သတင်းမီဒီယာ ဥပဒေပုဒ်မ ၉ ၌ အတိအလင်း ပြဋ္ဌာန်းထားပါ၏။ ပုဒ်မ ၉ ၏ ပုဒ်မခွဲ(ခ)တွင် "တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌ လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း"ဟု ပါရှိပါသည်။

ကျင့်ဝတ်ကို မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် "လိုက်နာ စောင့်ထိန်းအပ်သော ဝတ္တရား"ဟု ဖော်ပြထားပါသည်။ သတင်းမီဒီယာသမားတို့ လိုက်နာအပ်သည့် ကျင့်ဝတ်၊ စောင့်ထိန်းအပ်သော ဝတ္တရားတို့ကို မီးမောင်းထိုးပြနေခြင်းပင် ဖြစ်ပါ၏။

Post ကို တင်သည့်အချိန်က နံနက် မိုးမလင်းသေးသည့်အချိန် ၄ နာရီ၊ အမှားကို ပြင်ဆင်ရန် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုဟု လူတိုင်းသိနိုင်သည့် တစ်ရက်ကျော်ကာလကျော်လွန်ခဲ့သော်လည်း ယနေ့တိုင် မပြင်ဆင်သေးသည်က ကာယကံရှင်၏ အားနည်း ချို့ယွင်းမှုဟု ပြောဆိုရမည်ဖြစ်ပါသည်။

**ကျင့်ဝတ်၏ တန်ဖိုး**

ကျင့်ဝတ်ကို လိုက်နာခြင်းဖြင့် အောက်ပါ အကျိုးတရားတို့ရရှိစေနိုင်သည်ဟု သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် မှတ်သားခဲ့ဖူးပါသည်-

(၁) ကျင့်ဝတ်က မိမိ၏ ပရော်ဖက်ရှင်နယ် အဆင့်အတန်းကို ပြဆိုသည်။
(၂) ကျင့်ဝတ်က မိမိ၏ ဂုဏ်သိက္ခာနှင့်ဆက်စပ်သည်။
(၃) ကျင့်ဝတ်သည် မိမိ၏ အသိတရား ရှင်သန်မှုကို ပြဆိုသည်။
(၄) ကျင့်ဝတ်သည် မိမိ၏ စိတ်သဘောထား ခံယူချက် တစ်မျိုးလည်း ဖြစ်သည်။
(၅) ကျင့်ဝတ်သည် မိမိ၏ တန်ဖိုးဖြစ်သည်။

**အမှားနှင့်ကင်းသည့် မီဒီယာသမား ရှားလှသည်**

လူတိုင်း အမှားနှင့်မကင်းနိုင်သလို ပုထုဇဉ်လူသားဖြစ်သည့် သတင်းမီဒီယာသမားတို့လည်း အမှားနှင့်မကင်းနိုင်ပါ။ သို့သော် မိမိရေးသားလိုက်သော သတင်း တစ်ပုဒ်သည် အချက်အလက် မမှန်မကန် မှားယွင်းမှုကြောင့် သက်ဆိုင်သူတစ်ဦးဦး၊ အဖွဲ့အစည်းတစ်ခုခုတို့အပေါ် အထင်အမြင်လွဲမှား သွားစေခြင်း၊

စာမျက်နှာ ၇ သို့




ဦးလှဆွေ၏ လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားသော စာသားနှင့် ပုံ။



DEMOCRACY today — SERVING THE PEOPLE'S RIGHT TO KNOW

သောကြာနေ့၊ ဒီဇင်ဘာ ၁၅၊ ၂၀၁၇

### မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေခြင်းကို မြန်မာအကောက်ခွန်ဦးစီးဌာနက ဩစတြေးလျနယ်စပ်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄–** ဒေသတွင်း မူးယစ်ဆေးဝါးများမှောင်ခိုကုန်ကူးခြင်းအပြင် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းကာကွယ်တားဆီးရန် ဩစတြေးလျနယ်စပ်တပ်ဖွဲ့နှင့် မြန်မာအကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှသိရသည်။

ဩစတြေးလျနယ်စပ်တပ်ဖွဲ့ (ABF)သည် မြန်မာအကောက်ခွန်ဦးစီးဌာန(MCD)နှင့် ဒေသတွင်း မူးယစ်ဆေးဝါးများမှောင်ခိုကုန်ကူးခြင်းအပြင် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းရန်၊ ဟန့်တားရန်နှင့် ကာကွယ်တားဆီးရန် အတွက် နှစ်နိုင်ငံသမိုင်းဝင် သတင်းအချက်အလက်မျှဝေရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၂ ရက်က မဲခေါင်ဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်နက်စ်နှင့် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့မှ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဒီနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ တရား မဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုတိုက်ဖျက်ရေးကို အဓိကဆောင်ရွက်မှာဖြစ်ပါတယ်။ ရရှိလာတဲ့ သတင်းအချက်အလက်တွေကို အပြန်အလှန်ဖလှယ်ပြီး တရားမဝင် မူးယစ်ဆေးဝါးကုန်သွယ်မှုတွေကို တားဆီးထိန်းချုပ်သွားမှာဖြစ်ပါတယ်။ အကောက်ခွန်နဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုတွေကိုလည်း ကာကွယ်တားဆီးမှုတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒီဇင်ဘာ ၁၄ ရက်က ဒီမိုကရေစီတူဒေးသို့ပြောသည်။

ဩစတြေးလျနယ်စပ်တပ်ဖွဲ့(ABF)သည် မြန်မာအကောက်ခွန်ဦးစီးဌာန(MCD)အား သံသယရှိသည့်ကုန်စည်များတွင် တရားမဝင်မူးယစ်ဆေးဝါးများကို စစ်ဆေးနိုင်ရန် မူးယစ်ဆေးဝါးစမ်းသပ်သည့်ပစ္စည်းများ၊ ရန်ကုန်ပင် လယ်ဆိပ်ကမ်းကဲ့သို့ လုပ်ငန်းဆောင်ရွက်ရသည့် ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်စွာဆက်သွယ်ဆောင်ရွက်နိုင်စေမည့် မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများကိုပေးအပ်ခဲ့ကြောင်း သိရသည်။ TEEP

ဒီဇင်ဘာ ၁၂ ရက်က လက်မှတ်ရေးထိုးပွဲမြင်ကွင်းကိုတွေ့ရစဉ်။ ဓာတ်ပုံ- TEEP

### တရားမဝင်လုပ်သ... သက်တမ်းတိုးပေး...

**ရန်ကုန်၊ ဒီဇင်ဘာ ၁၄–** အကြောင်း... အမျိုးမျိုးကြောင့် အထောက်... အထားမပြုလုပ်နိုင်သည့်လုပ်သား... များအတွက် တရားမဝင်လုပ်သား... ဖမ်းဆီးမှု ကင်းလွတ်ခွင့်ရက်ကို... ထပ်မံတိုးမြှင့်ပေးရန် ထိုင်းအစိုး... ထံ မြန်မာဘက်မှတောင်းဆိုထား... ကြောင်း သိရသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့ထုတ် Democracy Today သတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် သတင်း ခေါင်းစဉ်နှင့် သတင်း။

**လူတိုင်းအမှားနှင့် မကင်းနိုင်သလို ပုထုဇဉ်လူသားဖြစ်သည့် သတင်းမီဒီယာသမားတို့လည်း အမှားနှင့်မကင်းနိုင်ပါ။ သို့သော် မိမိရေးသားလိုက်သော သတင်းတစ်ပုဒ်သည် အချက်အလက်မမှန်မကန် မှားယွင်းမှုကြောင့် သက်ဆိုင်သူ တစ်ဦးဦး၊ အဖွဲ့အစည်းတစ်ခုခုတို့အပေါ် အထင်အမြင် လွဲမှားသွားစေခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေခြင်းတို့ မပေါ် ပေါက်စေသင့်ပါ။ မတော်တဆ ပေါ်ပေါက်ခဲ့ပါက လည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဖြေရှင်းရမည်**

*စာမျက်နှာ ၆ မှ*

ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေခြင်းတို့ မပေါ်ပေါက်စေသင့်ပါ။ မတော်တဆ ပေါ်ပေါက်ခဲ့ပါကလည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဖြေရှင်းရမည်သာ ဖြစ်ပါသည်။

## ကိုယ့်သမိုင်းကိုကိုယ်ပဲ ရေးကြသည်

ယခုအဖြစ်အပျက်ကို တွေးရှုဆင်ခြင်ရင်း ကျွန်တော့်ဆရာသမားတစ်ဦးက ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ပြန်လည်ကြားယောင်လာမိပါသည်-

“သတင်းပျံ့နှံ့မှု အလွန်လွယ်ကူသော ဒီခေတ်ကြီးမှာ မိမိတို့ပြောသော စကားလုံးတိုင်း၊ မိမိတို့ ရေးသားသော စာကြောင်းတိုင်း၊ မိမိတို့ လုပ်သော အလုပ်တိုင်းသည် မိမိတို့၏ သမိုင်းဖြစ်သည်။ မိမိတို့သမိုင်းကို အခြားလူများက လာရေး၍ မရ၊ မိမိတို့ ဘာသာရေးကြရမည်”ဟူ၍။ ။

### တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့်မြန်မာ အကောက်ခွန်ဌာနတို့ လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အတွက် ဩစတြေးလျ နယ်စပ်တပ်ဖွဲ့ (ABF) နှင့် မြန်မာ့အကောက်ခွန်ဌာန (MCD) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ နှစ်နိုင်ငံ အဖွဲ့အစည်းနှစ်ခု အကြား တရားမဝင်မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်း၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းရန်၊ ဟန့်တားရန်နှင့် ကာကွယ်တားဆီးရန်အတွက် သမိုင်းဝင် သတင်းအချက်အလက်မျှဝေ ရေးဆိုင်ရာနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ လက်မှတ်ရေးထိုးနိုင်ခြင်းသည် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ် ကာကွယ်စောင့်ရှောက်ရေး (DIBP) နှင့် မြန်မာ့အကောက်ခွန်တို့အကြား ပထမဆုံး ရေးထိုးသည့် နားလည်မှုစာချွန်လွှာဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေးတွင် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြု၍ ဒေသအတွင်း တရားမဝင် မူးယစ်ဆေးဝါးများနှင့် အစဖျောက်စမ်းသပ်ပစ္စည်းများအား တိုက်ဖျက်ရာတွင် အတူလုပ်ဆောင်နိုင်ရေး အနာဂတ်မူဘောင်တစ်ရပ်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဩစတြေးလျနိုင်ငံသည် မြန်မာ့အကောက်ခွန်ဌာန၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်နှင့်ဒေသတွင်း တရားမဝင် မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်းကို စုံစမ်းထောက်လှမ်းတားဆီးရေးအတွက် အခိုင်အမာ အားပေး ထောက်ခံလျက်ရှိပြီး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မူးယစ်ဆေးဝါး စမ်းသပ်သည့် ပစ္စည်းများနှင့် မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများကို မြန်မာ့အကောက်ခွန်ဌာနသို့ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ရာ အဆိုပါ ပစ္စည်းကိရိယာများသည် သံသယရှိသည့် ကုန်စည်များတွင် တရားမဝင် မူးယစ်ဆေးဝါးများကို စစ်ဆေးရာတွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများသည် ရန်ကုန် ဆိပ်ကမ်းကဲ့သို့သော လုပ်ငန်းဆောင်ရွက်ရသည့် ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်စွာ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ မိတ်ဖက်ဆောင်ရွက်မှုသည် DIBP နှင့် အခြားသော တားဆီးနှိမ်နင်းရေးအဖွဲ့များ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကြား ထူထောင်ထားသည့် အပြန်အလှန်အကျိုးရှိမည့် ဆက်ဆံရေးများကို ကောင်းမွန်စေမည်ဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်နက်စ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာ ဒေးဗစ်နက်စ်နှင့် မြန်မာ့အကောက်ခွန်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဆုနှင်းလှဲ့**

ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ တွင် ဖော်ပြထားသည့် သတင်းခေါင်းစဉ်နှင့် သတင်းကို တွေ့ရစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော် ဒီဇင်ဘာ ၁၇ ရက်က ဘီးလင်းမြို့နယ်ရှိ ဝင်ပြန်နှင့် တောင်ကလေးကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ မောင်မွေး



ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ကျော်၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေးတို့က မူခင်းကျဆင်းရေးနှင့် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဗဟုသုတရရှိစေရန် မူခင်းပြခန်းယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးခြင်း ဆောင်ရွက်ကြစဉ်။ သန့်စင်(ပဲခူး)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တရုတ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့သို့ အလုပ်သဘော လေ့လာရေးခရီးသွားရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာနိုင်မှုအပေါ် ပိုလန်တက္ကသိုလ်မှ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား Honorary Doctorate in Business Administration ဘွဲ့ပေးအပ်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ရန်ကုန်မြို့၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လာနိုင်မှုအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် Honorary Doctorate in Business Administration ဘွဲ့ကို ပိုလန်နိုင်ငံ University of Information Technology and Management in Rzeszow, Poland က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို ပေးအပ်ချီးမြှင့် လိုက်ကြောင်း သိရသည်။

“အခုက ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေတဲ့ အခြေအနေနဲ့ ရန်ကုန်ရဲ့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လာနိုင်မှုအပေါ်မှာ အသိအမှတ်ပြုတဲ့ ဆုတစ်ခုပဲဖြစ်ပါတယ်၊ ဒီအတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ဒီဟာက ဂုဏ်ပကာသနအတွက် မဟုတ်ပါဘူး၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုအတွက် တွန်းအားတစ်ခု ဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။



ထပ်မံ၍ ဝန်ကြီးချုပ်က “ စံနှုန်းတွေကတော့ သူတို့နိုင်ငံမှာ သူတို့တက္ကသိုလ်ကနေပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေတဲ့သူတွေ Business Administration နဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်တဲ့သူတွေ အဲဒီသူတွေကို သူတို့က လေ့လာတယ်၊ စွမ်းဆောင်နိုင်သူတွေကို ကြည့်တယ်၊ ဒီအပေါ်ကနေကြည့်ပြီး ပေးတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**ဖိတ်ကြားထား**

အဆိုပါဘွဲ့ ပေးအပ်ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နေအိမ်တွင် ကျင်းပခဲ့ကြောင်းနှင့် University of Information Technology and Management in Rzeszow, Poland မှ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား ၎င်းတို့တက္ကသိုလ်တွင် ဟောပြောပို့ချရန် ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၃၇ ဦးအား စိစစ်ခွင့်ပြုပေးခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၃-၁၂-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၆-၁၁-၂၀၁၇ ရက်နေ့မှ ၁-၁၂-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၀ ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်လေးဦး၊ မဂ္ဂဇင်း ငါးဦး၊ အထွေထွေ ၁၆ ဦး၊ ပေါင်း ၃၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ နှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၇၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၆၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၂ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၃၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့သည်။

မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူ တစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ပန်းနှစ်ပွင့်စီးချင်း ဇာတ်လမ်းတွဲ MRTV ရုပ်သံလိုင်းမှ ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

Aung Pyi Entertainment မှ စီစဉ်ထုတ်လုပ်ပြီး MRTV မြန်မာ့ရုပ်မြင်သံကြားတွင် ပြသမည့် ပန်းနှစ်ပွင့်စီးချင်း ရုပ်သံဇာတ်လမ်းတွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်မတို့ ပရိသတ်တွေ မြန်မာဇာတ်လမ်းတွဲကို စိတ်ဝင်စားလာကြတယ်၊ ဒါကြောင့် မြန်မာဇာတ်လမ်းတွဲကို ဖန်တီးချင်တယ်၊ ဖန်တီးတဲ့နေရာမှာလည်း ပုံမှန်ရိုက်ကူးနေကျ ဇာတ်လမ်းတွဲ မဟုတ်ဘဲ ထူးထူးခြားခြား ဖန်တီးချင်တဲ့အတွက်ကြောင့် ပန်းနှစ်ပွင့်စီးချင်းရုပ်သံဇာတ်လမ်းကို ထုတ်လုပ်ဖြစ်တာပါ၊ ဒီဇာတ်လမ်းက ဥပဒေကို အခြေခံထားပြီး ရှေ့နေအမျိုးသမီးနှစ်ယောက်ရဲ့ သူတို့အလုပ်ပေါ်မှာ ကြိုးစားအားထုတ်မှု ယှဉ်ပြိုင်ကြပုံတွေကို ဇာတ်လမ်းဇာတ်အိမ်တွေနဲ့ ဖန်တီးထားတာပါဟု” Aung Pyi Entertainment မှ စီစဉ်ထုတ်လုပ်သူ ဒါရိုက်တာ မေသူဇေက ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို ဒါရိုက်တာ မင်းခိုက်စိုးစန်၊ ဇာတ်ညွှန်း ထက်မြတ်နိုင်ဇင်တို့က ရိုက်ကူးပြီး သရုပ်ဆောင် ပိုင်ဖြိုးသု၊ မေဘရဏီသော်၊ စိုးရန်အောင်၊ ထက်ကိုကိုလင်း၊ Marco၊ ရန်ကျော်၊ ကိုကိုလင်းမောင်၊ ထူးသာ၊ ထူး၊ ထူးမွန်၊ သန်းသန်းစိုး၊ ညွှန့်သည်သရုပ်ဆောင် ဇွဲပြည့်၊ ကျော်သူလင်း၊ ခင်သဇင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။



အဆိုပါအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စုစုပေါင်း အပိုင်း ၃၀ ဖြင့် အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ည ၇ နာရီမှ ၈ နာရီအထိ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နယူးဒေလီမြို့မှ ဟာရန (Haryana) ပြည်နယ်တွင် တည်ရှိသော Indian Oil Corporation Limited ပိုင် Panipat ရေနံချက်စက်ရုံစုသို့ ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက စက်ရုံရှင်းလင်းခန်းမတွင် စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံ၏ Control Room၊ Research and Development Center နှင့် ကုန်ထုတ်လုပ်မှု အခြေအနေများကို သွားရောက်လေ့လာခဲ့သည်။ **(ယာပုံ)**

ထို့နောက် နယူးဒေလီမြို့သို့ ပြန်လည်ရောက်ရှိပြီး ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ Power Minister ဦးစီးသောအဖွဲ့နှင့်လည်းကောင်း၊ Petroleum and Natural Gas Minister ဦးစီးသောအဖွဲ့နှင့် လည်းကောင်း၊ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် အောင်မြင်ကောင်းမွန်သည့် ရလဒ်များရရှိရန် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့က ကြိုးစားဆောင်ရွက်မည်

ချင်းမိုင် ဒီဇင်ဘာ ၁၉

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့၏ နိုင်ငံရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST နှင့် လုပ်ငန်းကော်မတီများအကြား လာမည့် ဇန်နဝါရီလအတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည်။** (အောက်ပုံ)

KNU (ကရင်အမျိုးသားအစည်းအရုံး) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက "ငြိမ်းချမ်းရေး တည်ဆောက်မှု အောင်မြင်ဖို့အတွက် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အောင်မြင်ပြီး ကောင်းမွန်တဲ့ရလဒ်တွေ ထပ်ရှိဖို့အတွက် ကျွန်တော်တို့ ရှစ်ဖွဲ့က ကြိုးစားဆောင်ရွက်သွားမယ်၊ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောထားချမှတ်ပါတယ်"ဟု အစည်းအဝေးအပြီးတွင် ဖြေကြားသည်။

**ဆွေးနွေး**

ငါးရက်တာ အစည်းအဝေး၌ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးတွင် တင်သွင်းဆွေးနွေးမည့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍ ငါးရပ်ကိုဆွေးနွေးခဲ့ကြသည်။

ပဒိုစောကွယ်ထူးဝင်းက "ကျွန်တော်တို့ အခု ဆွေးနွေးပွဲက လာမယ့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တင်သွင်းမယ့် သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းတွေကို သက်ဆိုင်ရာလုပ်ငန်းကော်မတီက PPST အစည်းအဝေးကို တင်သွင်းတယ်၊ ဒါကိုဆွေးနွေးပြီး အတည်ပြုပါတယ်၊ အဲ့ဒီအတည်ပြုမှုကို သက်ဆိုင်ရာလူမျိုးအလိုက် ကျင်းပမယ့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေမှာ ပြန်လည်တင်ပြပြီး သူတို့ရဲ့ သဘောထားတွေကို စုစည်းသွားမှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ငါးရက်တာ ကျင်းပခဲ့သည့် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အစည်းအဝေးတွင် ကဏ္ဍကြီးငါးရပ်ဖြစ်သော နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍများကို ဆွေးနွေးခဲ့သည်။

"ဆုံးဖြတ်ချက်ကတော့ လုပ်ငန်းဆောင်ရွက်ချက် ဆုံးဖြတ်အတည်ပြုမှု အချက် ၂၀ နဲ့ မှတ်တမ်း လေးချက်ထွက်ပါတယ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ပိုမိုအောင်မြင်ဖို့အတွက် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်သွားဖို့ ဆုံးဖြတ်တာရှိပါတယ်၊ ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်တဲ့အခါမှာ ပိုမိုအောင်မြင်ဖို့အတွက် လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေ ဒေသအလိုက်၊ လူမျိုးအလိုက်ကျင်းပတဲ့ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွေ ကျင်းပတဲ့နေရာမှာ အဟန့်အတား၊ အနှောင့်အယှက်မရှိဖို့ ယုံကြည်မှုပိုမိုရဖို့ သက်ဆိုင်ရာတာဝန်ရှိသူ ခေါင်းဆောင်တွေက တာဝန်ယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပဒိုစောကွယ်ထူးဝင်းက ပြောသည်။



**သဘောထားများရယူ**

NCA အပစ်ရပ် ရှစ်ဖွဲ့၏ နိုင်ငံရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST နှင့် လုပ်ငန်းကော်မတီများအကြား ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးအပြီးတွင် အချက် ငါးချက်ကိုသဘောတူခဲ့ကြသည်။ ယင်းတို့မှာ -

၁။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍအလိုက် ပြင်ဆင်ထားသောအဆိုပြုစာတမ်း (မူကြမ်း)များကို အတည်ပြုပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAO) မှ မိမိတို့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိမိတို့လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံ ဆွေးနွေးပွဲများတွင် ပြန်လည်ရှင်းလင်းတင်ပြပြီး အကြံပြုချက်များ၊ သဘောထားများရယူသွားမည်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုအောင်မြင်နိုင်ရေးအတွက် ကဏ္ဍအလိုက် အလွတ်သဘောဆွေးနွေးသွားမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရန် ချမှတ်သည်။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံပွဲများ (Public Consultations) အောင်မြင်စွာ ကျင်းပနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ၏ ဆုံးဖြတ်ချက်များကို အလေးထားလိုက်နာပံ့ပိုးရန် တိုက်တွန်းသည်။

၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများတွင် အကျေအလည် ဆွေးနွေးကာ ရရှိထားသော ရလဒ်များကို ထိရောက်အောင်မြင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေး ဖြစ်ပေါ်လာနိုင်ရေးကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၅။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAO) (၈) ဖွဲ့အနေဖြင့် မိမိတို့ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လက်ခံနိုင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူများရရှိရေးကို ဦးတည်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးသွားပြီး ယင်းရလဒ်များကိုလည်း ရရှိသွားအောင် ကြိုးစားသွားမည် စသည်တို့ဖြစ်သည်။ **ရဲခေါင်ညွန့်၊ ဓာတ်ပုံအောင်အောင်(ချင်းမိုင်)**

# လူကုန်ကူးခံရပြီး ဘန်ဂျီနာကျွန်းမှ ပြန်လည်ရောက်ရှိလာသူ မြန်မာ ရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေ ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ သူများပါဝင်သည့် နစ်နာကြေးပေးအပ်ရေး လုပ်ငန်းကော်မတီက အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းမှ ပြန်လည်ရောက်ရှိခဲ့သည့် မြန်မာရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးငွေများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကာယကံရှင်များထံ တိုက်ရိုက်လွှဲပြောင်းပေးအပ်သည်။

မြန်မာရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးငွေများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်းပြီး ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေက "နစ်နာကြေးရရှိတဲ့ မြန်မာနိုင်ငံသား ရှစ်ဦးဟာ ထိုင်းနိုင်ငံ ဗန်ကောက်ကနေ အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ကျွန်းတွေမှာ ရေလုပ်သားအဖြစ် လူကုန်ကူးခံခဲ့ရပြီး ရောက်ရှိသွားခြင်းဖြစ်ပါတယ်၊ ဂျကာတာမှာရှိတဲ့ မြန်မာသံရုံးက အင်ဒိုနီးရှားမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေ အခြားအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး လူကုန်ကူးခံနေရတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်၊ လူကုန်ကူးခံရခြင်း အတွက် တာဝန်ရှိတဲ့သူတွေကို တရားဥပဒေနဲ့အညီ အရေးယူဖို့နဲ့ သက်သေအဖြစ် ရေလုပ်သား ရှစ်ဦးကလည်း ထွက်ဆိုနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နစ်နာသူတွေအတွက် လျော်ကြေးငွေရရှိဖို့ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်၊ လျော်ကြေးငွေကို အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ်ရုံးရဲ့ သဘောတူညီ ခွင့်ပြုချက်နဲ့အညီ ဂျကာတာက မြန်မာသံအမတ်ကြီးက လွှဲပြောင်းရယူခဲ့ပါတယ်၊ အားလုံးပေါင်းရရှိခဲ့တဲ့ ငွေပမာဏကတော့ အမေရိကန် ဒေါ်လာ ၃၂၂၂၉ ခန့်ကို ရေလုပ်သား ရှစ်ဦးက နစ်နာခဲ့ရတဲ့ အချိန်ကာလ အပိုင်းအခြားနဲ့ အနေအထားပေါ်မူတည်ပြီး အမေရိကန်ဒေါ်လာ သုံးသောင်းနှစ်ထောင်ကျော်လောက် ခွဲဝေရရှိခဲ့ပါတယ်"ဟု ပြောသည်။

လျော်ကြေးငွေရရှိခဲ့သည့် ကော့သောင်းမြို့နယ်မှ ဦးဇော်ဇော်မြတ်က "၂၀၁၃ ခုနှစ် ၇ လပိုင်းလောက်က ထိုင်းမှာ အလုပ်သွားလုပ်ရင်း လူကုန်ကူးခံခဲ့ရပြီး အင်ဒိုနီးရှားရောက်သွားတယ်၊ ဟိုမှာ ငါးဖမ်းလှေတွေမှာ အလုပ်လုပ်ရတယ်၊ လစာက သူတို့ပေးသလောက်ပဲရတယ်၊ မြန်မာနိုင်ငံကို ၂၀၁၅ ခုနှစ် ၆ လပိုင်းလောက်က ပြန်ရောက်တယ်၊ အခု လျော်ကြေးငွေက အမေရိကန်ဒေါ်လာ ၄၉၀၀ ကျော်ရတယ်"ဟု ပြောသည်။

ထိုင်းနိုင်ငံ ငါးဖမ်းစက်လှေများမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်သို့ ရောက်ရှိခဲ့ပြီး လူကုန်ကူးခံခဲ့ရသူ မြန်မာရေလုပ်သားများနှင့်စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ်ခဲ့ရာ သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ကျူးလွန်သူတရားခံများ ပြစ်ဒဏ်ကျခံစေရေးနှင့် လူကုန်ကူးခံရသူ မြန်မာရေလုပ်သားများ နစ်နာကြေးငွေရရှိရေးအတွက် အမှုနှင့်သက်ဆိုင်သူများအား တရားရုံး၌ သက်သေထွက်ဆိုနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံမှ Lembaga Perlindungan Saksi Dan Korban (LPSK) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။



မြန်မာရေလုပ်သားများအား နစ်နာကြေးပေးအပ်ပွဲတွင် တာဝန်ရှိသူများ၊ ရေလုပ်သားများနှင့် မိသားစုဝင်များကို တွေ့ရစဉ်။

ယင်းကဲ့သို့ ညှိနှိုင်းဆွေးနွေးခဲ့မှုအရ အင်ဒိုနီးရှားအစိုးရက လူကုန်ကူးမှုပပျောက်ရေး ဥပဒေနှင့် တရားစွဲဆိုခဲ့ရာ အဆိုပါအမှုအား သက်သေထွက်ဆိုနိုင်ခဲ့သည့် မြန်မာရေလုပ်သား ရှစ်ဦးအတွက် ၎င်းတို့ အလုပ်လုပ်ကိုင်ခဲ့သည့် အချိန်ကာလ၊ နစ်နာမှု၊ အတိုင်းအတာများအရ PT. Benjina Pusaka Resources ကုမ္ပဏီမှ နစ်နာကြေးငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၂၂၂၉ ခန့်ပေးလျော်ရန် အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ် ရုံးက ယခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါနစ်နာကြေးငွေအား လွှဲပြောင်းလက်ခံနိုင်ရေးအတွက် မြန်မာ သံအမတ်ကြီး ဒေါ်အိအိခင်က ဦးဆောင်၍ အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် ဂျကာတာရှိ မြန်မာသံရုံးမှ အခမ်းအနားဖြင့် ကိုယ်စားထုတ်ယူလက်ခံ ခဲ့သည်။

ထို့နောက် မြန်မာသံရုံးမှ အဆိုပါနစ်နာကြေးငွေများကို ယနေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကာယကံရှင်များထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

မြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )

၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

❖ *ကျောဖုံးမှ*

နိုဝင်ဘာလကုန်ပိုင်းတွင် ထိုင်းကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည့် ကျော်ကိုကိုအားခေါ်ယူမည့် ချင်းရိုင်ယူနိုက်တက်အသင်းသည် ၂၀၁၇ ရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲတွင် အဆင့်လေးရခဲ့သည့်အသင်းဖြစ်ပြီး လာမည့်ရာသီတွင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကျော်ကိုကိုသည် ဇေယျာရွှေမြေအသင်းတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကိုစတင်ခဲ့ပြီး ရန်ကုန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ် (CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇)ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊
(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(၂) တိုင်တန်းသူသည် မည်ကဲ့သို့မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံ မေးမြန်းပါမည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

◆ *ရှေ့ဖုံးမှ*

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ်တို့မှ လက်မှတ်ရေးထိုးခဲ့သည်။

**နှစ်ဦးနှစ်ဖက် သဘောတူညီ**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားရန်ရှိပြီး ယင်းလုပ်ငန်းအဖွဲ့သည် နေပြည်တော်တွင် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်ကိုအခြေခံ၍ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရယူရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။ ပူးတွဲလုပ်ငန်းအဖွဲ့သည် ပြန်လည်လက်ခံရေးအစီအစဉ်တွင် ပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အထွေထွေမူဘောင်များ၊ မူဝါဒရေးရာအစီအမံများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ် တို့ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များအပေါ် သဘောတူညီချက်အား လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်

● *ကျောဖုံးမှ*

ဆီရက်စ်(ဖိလစ်ပိုင်)၊ ဟုမ်းယူနိုက်တက် (စင်ကာပူ)၊ အန်ကော (ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက်(မြန်မာ)၊ အုပ်စု(G)တွင် ဘာလီယူနိုက်တက်(အင်ဒိုနီးရှား)၊ ဂလိုဘယ်ဆီဘူး (ဖိလစ်ပိုင်)၊ ထန်ဟွာ (ဗီယက်နမ်)နှင့် ရန်ကုန်(မြန်မာ)အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီလမှ မေလအထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ခြေစစ်ပွဲအောင်မြင်ပါက ရတနာပုံအသင်းက AFC Cup ပြိုင်ပွဲတွင် အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ ခြေစစ်ပွဲမအောင်မြင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဖိလစ်ပိုင်လိဂ်ပြိုင်ပွဲ ပြီးဆုံးခဲ့သောကြောင့် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံမည့်အသင်း ထွက်ပေါ်လာပြီဖြစ်ပြီး ဖိလစ်ပိုင်လိဂ်ချန်ပီယံ ဆီရက်စ်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းသည် ခြေစစ်ပွဲမအောင်မြင်ပါက AFC Cup ပြိုင်ပွဲတွင်လည်း တစ်အုပ်စုတည်းကျရောက်နေပြီး ထပ်မံတွေ့ဆုံလျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် အာရှချန်ပီယံလိဂ်တွင် စတင်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး AFC Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မျှော်မှန်းထားကြောင်း သိရသည်။ အာရှအဆင့် ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် အောင်မြင်မှုရရန် ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ရန်ကုန်အသင်းသည် ကျော်ကိုကိုအား အငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုမည် ဖြစ်သော်လည်း လက်ရွေးစင်အဆင့်ရှိ ပြည်တွင်းကစားသမားများကို ပြန်လည်ခေါ်ယူထားသည်။ ယင်းနှစ်သင်းသည် ရာသီကြိုခြေစမ်းပွဲများကစားကာ အသင်းအားပြင်ဆင်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**



**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ လက်ရှိဓာတ်အား ဖြန့်ဖြူးလျက်ရှိသော အနီးစခန်းဓာတ်အားခွဲရုံ ၃၃ ကေဗွီ ပြင်ဦးလွင်ဓာတ်အားလိုင်း ကြိုးအသေးမှ ကြိုးအကြီးဖြင့် အဆင့်မြှင့်လဲလှယ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလ ဒုတိယပတ်က ပြည်တော်သာ ၅ လမ်းထိပ်မှ ကလပ်လမ်းအတိုင်း ဂေါက်ကလပ် အထိ ဆောင်ရွက်ရာ ဒု-ခရိုင်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ် မန်နေဂျာတို့ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ် ဝန်ထမ်းများ ဆောင်ရွက်စဉ်။**

မြန်မာ့အလင်း

# ပင်စင်ကိစ္စ တွက်ချက်ရာတွင် အမှားအယွင်းမရှိ တွက်ချက်နိုင်ရန် အရေးကြီး

**မန္တလေး ဒီဇင်ဘာ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပင်စင်အထောက်အကူပြု သင်တန်းအမှတ်စဉ်(၂/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက် သဇင်လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ အဆိုပါတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပင်စင်ခံစားခွင့်**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွှန့်စိန်က ပင်စင်လုပ်ငန်းသည် ဝန်ထမ်းများအတွက် စိတ်ဝင်စားဖွယ်ကောင်းလာသည်ကို တွေ့ရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးကလည်း ပင်စင်စားဝန်ထမ်းများအတွက် ပင်စင်ယူပြီးနောက် သားစဉ်မြေးဆက်နေထိုင်နိုင်ရန် နေရာထိုင်ခင်း အဆောက်အအုံများ စီစဉ်နေသည်ကို သိရှိရပါကြောင်း၊ ပင်စင်ကိစ္စ တွက်ချက်ကြရာတွင် ဝန်ထမ်းရေးရာမှ ဝန်ထမ်းများအနေဖြင့် ပင်စင်စားဝန်ထမ်းများအတွက် လုပ်သက်၊ မွေးသက္ကရာဇ်၊ ခွင့်ကိစ္စရပ်များရှိသဖြင့် အမှားအယွင်းမရှိ တွက်ချက်နိုင်ရန် အရေးကြီးပါကြောင်း စသည့် ပင်စင်လုပ်ငန်းနှင့် ပင်စင်ခံစားခွင့်များအကြောင်းကို ပြောကြားခဲ့သည်။



**မန္တလေးတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွှန့်စိန် သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

**သင်ကြားပို့ချ**

ထို့နောက် တိုင်းဒေသကြီးပင်စင်ဦးစီးဌာနမှူး ဒေါ်နွဲ့ယဉ်ဝင်းက တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ပင်စင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပင်စင်နှင့် ဆုငွေတွက်ချက်ပုံ တွက်ချက်နည်း၊ အမှုထမ်းသက် မှတ်တမ်းများ ထားသိုပုံ ထားသိုနည်း စသည့် ပင်စင်အထောက်ကူပြု သင်တန်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၁၉

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီများ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိသည်။**

ထိုကဲ့သို့ လှူဒါန်းလျက်ရှိရာ ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၇၆၆၊ တောင်အာဖရိက ရောက် မြန်မာနိုင်ငံသားများက လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၂၁၆၅၊ ဒေါက်တာ ဝင်းနိုင်နှင့်ဇနီး ဒေါ်ဝေဝေအေး (စင်ကာပူနိုင်ငံ)က လှူဒါန်းငွေ စင်ကာပူဒေါ်လာ ၃၀၀ တို့ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လာရောက်ပေးအပ် လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**

# စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့လုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်ကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၇၈၇၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။




**မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ မိုးစပါးများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကုံးကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၈ ရက်ထိ စုစုပေါင်း ၅၀၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**မြောက်ဦးမြို့နယ်**

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၈၁၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မေ်ရွာ၊ ဖားပျော်၊ တောင်တိုက်ပုက္ခ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၄၅၈ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

**ကျောက်တော်မြို့နယ်**

ကျောက်တော် မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၅၆၀ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**ရသေ့တောင်မြို့နယ်**

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ငပြောက်ဆည်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ စုစုပေါင်း ၁၀ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ သင်တန်းဆင်း

**စစ်တွေ ဒီဇင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စစ်တွေမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ အထည်ပန်းပုံရိုက်နှင့်ဆေးရေးပန်းချီ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စစ်တွေမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

**ဝတ်ဆင်သုံးစွဲနိုင်စေရန်**

ရှေးဦးစွာ ရခိုင်ပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေဘသိန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် စစ်တွေမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်သက်နှင်းဖြိုးက လွန်းရာကျချိတ်တွေ တန်ဖိုးမြင့်မား၍ လူတန်းစားအားလုံး ဝတ်ဆင်သုံးစွဲနိုင်စေရန်အတွက် အဝတ်အထည်ပေါ်မှာ ချိတ်အဆင်များ ဆေးရေးပုံဖော်ခြင်းဖြင့် လူတိုင်းသုံးစွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဖွင့်လှစ်**

စစ်တွေမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်သက်နှင်းဖြိုးက ဆေးရေးပန်းချီနည်းပညာပြန့်ပွားစေရန်၊ အဝတ်အထည်အပေါ်တွင် တံဆိပ်ရိုက်နှိပ်ခြင်း၊ ဆေးရေးပုံဖော်ပန်းရိုက်တတ်ခြင်းဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းလုပ်ကိုင်နိုင်စေရန်၊ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် နိုင်ငံတော်က ချမှတ်ထားသည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသူ ၁၅ ဦးကို ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ သင်တန်းနည်းပြ ဆရာ ဆရာမများက စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ပေးအပ်**

ဆက်လက်၍ မြို့မိမြို့ဖ ဦးမောင်သာစိန်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



**အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။**

*ကျောဖုံးမှ*

ယခုအခါ လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်ကာ ပိတ်သိမ်းချိန်ရောက်လာပြီဖြစ်၍ ရိတ်သိမ်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ ရက်တွင် လည်းကောင်း၊ ရောင်းချခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ ရက်တွင် လည်းကောင်း အပြီးပြတ် စခန်းပိတ်သိမ်းဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် စပါးဝယ်ယူသူလုပ်ငန်းရှင်များအားလည်း အသိပေးအကြောင်းကြားရန် ပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသဆေးများ ထိုးနှံပေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ငွေတောင် (တိုင်းရင်းသား) ကျေးရွာ၊ ရွှေရင်အေး (တိုင်းရင်းသား)ကျေးရွာ၊ ကင်ချောင်း (တိုင်းရင်းသား) ကျေးရွာနှင့် ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတို့ တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့် (တိုင်းရင်းသား)ကျေးရွာ၊ ကြိမ်ချောင်း (ရခေ့နှော) ကျေးရွာ၊ တမန်းသား (တိုင်းရင်းသား)ကျေးရွာနှင့် ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားသုံးကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရ စခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာ၊ ကပ္ပတောင်း (တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ (ရခေ့နှော) ကျေးရွာနှင့် ရွက်ညိုတောင် (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခုနစ်ကောင်နှင့် ဆိတ်ခုနစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၄၃ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၇၀၄ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။



**မောင်တောမြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘူးသီးတောင် မောင်တောဒေသ လမ်းတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မောင်တော ဒီဇင်ဘာ ၁၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ် မေယုတောင်ကျော်လမ်းဖြစ်သည့် ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။** (ယာပုံ)



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မောင်တောခရိုင် တောင်ပြိုလက်ဝဲ မြို့နယ်ရှိ ပြန်လည်လက်ခံကြိုဆိုရေး စခန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသော Modular House များတည်ဆောက်နေမှု၊ အဆောက်အအုံတွင် အသုံးပြုထားသောပစ္စည်း၊ တည်ဆောက်မှုပုံစံ၊ အရည်အသွေးကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Modular House များကို ဒီဇင်ဘာလဆန်းပိုင်းမှစ၍ တည်ဆောက်နေခြင်းဖြစ်ပြီး ဇန်နဝါရီလကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကာ အရေအတွက်အားဖြင့် (၉၀ × ၁၈) ပေရှိ Modular House အလုံးပေါင်း ၁၇ လုံး ရှိမည်ဖြစ်ကြောင်း၊ လောလောဆယ် သုံးလုံး တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖောက်လုပ်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းလမ်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၇)က မောင်တောဒေသတွင် တာဝန်ယူဖောက်လုပ်နေသည့်၊ တောင်ကျော်လမ်းနှစ်လမ်းအနက် တစ်လမ်းဖြစ်ပြီး အရှည်အားဖြင့် ၁၅ မိုင်ရှိမည်ဖြစ်ကာ မြေသားလမ်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တံတားအထူးအဖွဲ့ (၇)မှ တာဝန်ယူတည်ဆောက်နေသော ဘူးသီးတောင်-ကျောက်တော်လမ်းပေါ်ရှိ စိုင်းဒင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းပေါ်ရှိ ရသေ့တောင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# လာမည့်နှစ်တွင် စစ်တွေမှ မောင်တောသို့ ကားလမ်းဖြင့် သွားလာနိုင်တော့မည်



ဦးကျော်လင်း
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေး
ဝန်ကြီးဌာန



ဦးအုန်းလွင်
လမ်းဦးစီး
ညွှန်ချုပ်



ဦးခင်သက်
ကျေးလက်
ညွှန်ချုပ်



ဦးရွှေလေး
တံတားဦးစီး
ညွှန်ချုပ်

**မောင်တောဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

**ထိုသို့ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့များက အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မောင်တောဒေသရှိ လမ်းတံတားစီမံကိန်းများ ကြည့်ရှုစစ်ဆေးရန် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်ကို စုစည်းဖော်ပြလိုက်ပါသည်-**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး-ဆောက်လုပ်ရေးဝန်ကြီးဌာန)**

ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားတွေ တည်ဆောက်လျက်ရှိပါတယ်။ ပထမဆုံးအနေနဲ့ အငူမော်ကနေ မောင်တောအထိ မိုင်၅၀ ရှိပါတယ်။ အဲဒါကတော့ UEHRD အောက်ကနေ အေးရှားဝေါကုမ္ပဏီက ၁၈ ပေခွဲ ကွန်ကရစ်လမ်းခင်းဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက ဒီဇိုင်းထုတ်ပေးပါတယ်။ ပြီးတော့ QC ဆောင်ရွက်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး အသေးစိတ်ညှိနှိုင်းဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ ပြီးတော့ အငူမော်ကနေ ဘူးသီးတောင်အထိ လမ်းမကြီးရှိပါတယ်။ ဒီလမ်းကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရိုးမဖြတ်လမ်းနှစ်လမ်းဖောက်လုပ်နေပါတယ်။ ကျောက်ပန္နူ -စေတီပြင်လမ်းနဲ့ ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖြစ်ပါတယ်။ နယ်မြေဒေသဖွံ့ဖြိုးဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးက အရေးကြီးပါတယ်။ အဓိက ကတော့ ဘူးသီးတောင်နဲ့ မောင်တောဒေသကို မော်တော်ကားနဲ့ သွားလာနိုင်မယ့် လမ်းတစ်လမ်းလိုအပ်နေပါတယ်။ စစ်တွေကနေ မောင်တောကို တိုက်ရိုက်မော်တော်ကားလမ်းတစ်လမ်း လိုအပ်နေပါတယ်။ အဲဒီလမ်းအတွက်လည်း စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောလမ်းကို ဆောင်ရွက်နေပါတယ်။ အားလုံး ၉၅ မိုင်လောက်ရှိတဲ့ လမ်းမကြီးကို ဖောက်လုပ်နေပါတယ်။ ဒီလမ်းမကြီးဖောက်လုပ်ရာမှာ မြစ်တွေက အတားအဆီးဖြစ်နေပါတယ်။ ဒီအတွက် တံတားကြီးငါးစင်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေပါတယ်။ လာမယ့်မတ်လမှာ ပြီးစီးမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လမှာ စစ်တွေကနေ မောင်တောကို ကားနဲ့ သွားလာနိုင်တော့မှာပဲ ဖြစ်ပါတယ်။

**ဦးအုန်းလွင် (ညွှန်ကြားရေးမှူးချုပ်-လမ်းဦးစီးဌာန)**

လမ်းဦးစီးဌာနအနေနဲ့ မေယုတောင်တန်းကြီးကို အရှေ့အနောက် တောင်ကျော်ဖြတ်လမ်းလေးခု ဖောက်လုပ်မယ့်အထဲက နှစ်ခုဆောင်ရွက်နေပါတယ်။ ပထမလမ်းကတော့ စေတီပြင်-အင်းဒင်-ကျောက်ပန္နူ ၁၀ မိုင် ခုနစ်ဖာလုံလမ်း ဖြစ်ပါတယ်။ ယာဉ်ယန္တရား ၂၆ စီးနဲ့ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ၃၄ ပေ မြေသားလမ်းရရှိဖို့ ဦးစွာဆောင်ရွက်ပါတယ်။ ဒီလမ်းပေါ်မှာ ရှစ်လက်မထု ကျောက်ခင်းပြီး တစ်ချိန်တည်းမှာ ဒီလမ်းပေါ်မှာ ၁၈ ပေ ကွန်ကရစ်လမ်းခင်းမှာ ဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ တံတားကြီးငယ် ၇၅ စင်းဆောက်လုပ်မှာ ဖြစ်ပါတယ်။ ဒုတိယလမ်းကတော့ ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖြစ်ပါတယ်။ ၁၅ မိုင်ရှိပါတယ်။ တံတားကြီးငယ် ၅၂ စင်းကိုလည်း ဒီလမ်းပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ လမ်းအကျယ် ၃၄ ပေ ရှိပါတယ်။ ဒီလမ်းကိုလည်း ဘတ်ဂျက်ရရှိမှုပေါ်မူတည်ပြီး ၁၈ ပေ ကွန်ကရစ်လမ်းခင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းနှစ်လမ်း ဖောက်လုပ်ပေးလိုက်တဲ့အတွက် မေယုတောင်အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းဒေသတွေ လမ်းပန်းဆက်သွယ်ရေးတိုးတက်လာမှာဖြစ်ပါတယ်။

**ဦးခင်သက် (ညွှန်ကြားရေးမှူးချုပ်-ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)**

ကျွန်တော်တို့ဌာနအနေနဲ့ မောင်တောဒေသမှာ ဘူးသီးတောင်-အငူမော်လမ်း ၄၆ မိုင် ၅ ဖာလုံလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်။ တစ်မိုင်နဲ့ လေးဖာလုံကတော့ ကွန်ကရစ်လမ်း ဖြစ်ပါတယ်။ ကျန်တဲ့ ၃၈ မိုင် ၂ ဖာလုံကတော့ ကျောက်လမ်းဖြစ်ပြီး ခုနစ်မိုင်ကတော့ မြေသားလမ်းအဖြစ်ရှိပါတယ်။ ဒီလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်အောင် ခုနစ်မိုင်မြေသားလမ်းကို ကျောက်ခင်းတဲ့ လုပ်ငန်းရှိပါတယ်။ ဒီလမ်းကို သွားလာလို့မရတာက တံတားတွေမပြီးသေးလို့ ဖြစ်ပါတယ်။ တံတားကြီးငယ် ၄၉ စင်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ ၃၈ မိုင်ကျောက်လမ်းကို လမ်းချောသွားအောင်ဖြုံးကျောက် ခြောက်လက်မထု ခင်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ရာသီမရွေးသွားလာနိုင်တော့မှာ ဖြစ်ပါတယ်။

**ဦးရွှေလေး**
**(ညွှန်ကြားရေးမှူးချုပ်-တံတားဦးစီးဌာန)**

ကျွန်တော်တို့ဌာနအနေနဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းမှာရှိတဲ့ တံတားကြီးငါးစင်းကို တာဝန်ယူတည်ဆောက်ပေးနေပါတယ်။ မတ် ၃၁ ရက် မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ - နေဝင်းထွန်း**

# ရခိုင်ပြည်နယ်တွင် ချင်းသီးနှံကို ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းကာ စတင်စမ်းသပ်စိုက်ပျိုးသွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

**ရခိုင်ပြည်နယ်တွင် ချင်းသီးနှံ (Ginger) ကို ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းကာ စတင်စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရပြီး အရင်းစိုက်ထုတ်မှုနည်းပါးကာ အထွက်နှုန်းနှင့် ဈေးကွက်သေချာသည့်အတွက် ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် စမ်းသပ်စိုက်ပျိုးရန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ညှိနှိုင်းမှုဖြင့် ပြည်နယ်အစိုးရနှင့် ဒေသခံ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**အာမခံစာချုပ်များ ချုပ်ဆိုနိုင်ရေး**

လာမည့် မတ်လ ချင်းစိုက်ရာသီတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ချင်းသီးနှံ စမ်းသပ်စိုက်ပျိုးနိုင်ရန်အတွက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (RSCCI)တို့က ချင်းမျိုးတက် ပိဿာတစ်ထောင်စီ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ စမ်းသပ်မှု အောင်မြင်ပါက ဒေသခံတောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဝယ်သူများနှင့် တောင်သူများအကြား အာမခံစာချုပ်များ ချုပ်ဆိုနိုင်ရေး ကြားခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း RSCCI မှ အတွင်းရေးမှူး ဦးအောင်အောင်က ပြောကြားသည်။

ပြည်တွင်းစားသုံးမှုအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးသန်းဝန်းကျင် ရရှိနေသည့် ချင်းသီးနှံကို ရှမ်းပြည်တောင်ပိုင်းတွင်သာ အဓိက စိုက်ပျိုးလျက်ရှိပြီး ရခိုင်ပြည်နယ်တွင် စိုက်ပျိုးနိုင်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်မည့်အပြင် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် လျော့ကျသွားမည်ဖြစ်သည့်အတွက် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်မည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ သိရသည်။

“ရခိုင်ဒေသက ချင်းစိုက်ဖို့အတွက် ရေခံမြေခံ အနေအထားကောင်းတယ်၊ ဒါကြောင့် အထွက်နှုန်းကောင်းမှာ သေချာတယ်၊ ဈေးကွက်အနေနဲ့လည်း အမေရိကန်၊ နယ်သာလန်၊ ဂျာမနီတို့ကို တင်ပို့ဖို့ အခွင့်အလမ်းရှိနေတယ်၊ ဒါပေမယ့် လက်ရှိမှာ ဘင်္ဂလားဒေ့ရှ်ရဲ့ဝယ်လိုအားကို လိုက်မီအောင် မပို့နိုင်သေးဘူး” ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFVP)မှ အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

ချင်းစိုက်ဧ တစ်ဧအတွက် မျိုးအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းဝန်းကျင်ခန့်ရှိပြီး ပုံမှန်အထွက်နှုန်းမှာ တစ်ဧ ချင်းစိမ်းပိဿာ ၈၀၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းသီးနှံစိုက်ပျိုးရေး တာဝန်ရှိသူများ ဆွေးနွေးစဉ်။

# ကျိုက်ထီးရိုးသို့ တောင်တက် ကေဘယ်ကားလိုင်း တံခါးဖွင့်၊ ပိတ် ချွတ်ယွင်းခြင်းကြောင့် ခေတ္တရပ်ဆိုင်းထားရ

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

ကျိုက်ထိုမြို့နယ်၌ ဒီဇင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည့် ကျိုက်ထီးရိုးရသေ့တောင်မှ ကျိုက်ထီးရိုးတောင်ပေါ်သို့ ပြေးဆွဲလျက်ရှိသည့် ကျိုက်ထီးရိုး ကေဘယ်ကားလိုင်းသည် စတင်ဖွင့်လှစ်သည့်နေ့တွင် တက်ရောက်လာသည့်ဧည့်သည်များနှင့် ဘုရားဖူးပြည်သူ များကို ဖွင့်ပွဲအထိမ်းအမှတ်ဖြစ် အခမဲ့ပြေးဆွဲခဲ့ရာ ဘုရားဖူးပြည်သူများ များပြားပြီး တွဲဆိုင်းများပေါ်သို့ အတင်းတိုးဝှေ့တက်ရောက်စီးနင်းခဲ့သဖြင့် ကေဘယ်ကားတွဲဆိုင်းများ၏ အဖွင့်၊ အပိတ်တံခါးအချို့ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ချွတ်ယွင်းမှုကြောင့် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီမှစတင်၍ ပြေးဆွဲ မှုကို ခေတ္တရပ်နားထားပြီး အသေးစိတ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်း( မော်လမြိုင်)**

# မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံသားတစ်ဦးအား ပြည်နှင်လွှဲပြောင်း

**တာချီလိတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ ပြစ်ဒဏ်စေ့သည့် ထိုင်းနိုင်ငံသား တစ်ဦးအား ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင်ဒဏ်အမိန့် ရရှိပြီးဖြစ်သော ထိုင်းနိုင်ငံသား Mr.Audomsak (၂၇ နှစ်)အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး ဦးထွန်းရီနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဦးနိုင်ဝင်းထွန်းတို့က ကျိုင်းတုံအကျဉ်းထောင်မှ ထုတ်ယူ၍ မော်တော်ယာဉ်ဖြင့် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ ပို့ဆောင်ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနခွဲ (တာချီလိတ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဇော်ဝင်းနှင့် ပြည်နှင်အဖွဲ့က ထိုင်းနိုင်ငံတာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံသား Mr.Audomsak သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်က တာချီလိတ်မြို့တာလော့ဈေးအတွင်း ထိုင်းဘတ်ငွေအတုများ ကိုင်ဆောင်သုံးစွဲမှုဖြင့် မြန်မာနိုင်ငံ တာဝန်ရှိသူများက ဖမ်းဆီးအရေးယူဆောင်ရွက်ထားရှိပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၈၉(ခ)၊(ဂ)အရ ရာဇဝတ်မှုအမှတ်၊ ၃၆၀/၂၀၁၅ ဖြင့် အလုပ်နှင့်ထောင်ဒဏ် လေးနှစ်ကျခံခဲ့ပြီး အကျဉ်းထောင်လျှော့ရက် စည်းမျဉ်းများအရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အကျဉ်းကျခံရာမှ ပြစ်ဒဏ်စေ့လွတ်မြောက်ခဲ့ကြောင်း သိရသည်။



**မြင့်မိုရ်(တာချီလိတ်)**

# ဖားကန့်မြို့နယ် မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သေနတ်ပစ်ခံရ၍ သေဆုံး

**ဖားကန့် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ ဒီဇင်ဘာ ၁၉ ရက်မွန်းတည့် ၁၂ နာရီက မြို့နယ်မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌအား သေနတ်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးခဲ့၍ သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့ မရှိုကထောင်ရပ်ကွက် ဘောလီတံတားထိပ်၌ရှိသော ရတနာဖားကန့် ခရီးသယ်မော်တော်ယာဉ် ဂိတ်ပိုင်ရှင် ဦးခင်စိုး (၅၆နှစ်) (ယ.က.တ)ဥက္ကဋ္ဌသည် ဂိတ်အတွင်း ထိုင်နေစဉ် ဆိုင်ကယ်နှစ်စီးဖြင့် လူလေးဦးရောက်လာကာ သေနတ်ကိုင်ထားသူ နှစ်ဦးက ဂိတ်အတွင်းဝင်ရောက်၍ သေနတ်ဖြင့် သုံးချက်ပစ်ခတ်ပြီး ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကြောင့် ဦးခင်စိုး၏ ဦးခေါင်းတွင် ဒဏ်ရာတစ်ချက်၊ နောက်ကျောတွင် ဒဏ်ရာနှစ်ချက်ရရှိခဲ့ပြီး ဖားကန့်ပြည်သူ့ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက သေနတ်သမားများ အား ဖမ်းဆီးရမိနိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရ သည်။ **ဝင်းနိုင်(ကချင်မြေ)**

# မသင်္ကာဖွယ်ရပ်တန့်ထားသည့် ယာဉ်များပေါ်မှ ပိတောက်ခွဲသားများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက် က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၉၂၀၊ သွင်းကုန် ၁၀၂၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂ ဒသမ ၉၇၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၉၉ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈ ဒသမ ၉၆၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၇ ရက်က မူဆယ်နှင့် မန္တလေးသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၆ မိုင် ခြောက်ဖာလုံ၊ နားဆော့ကျေးရွာ၏ အနောက်ဘက် တောင်ယာသို့သွားသော လမ်း၌ Toyota Probox ယာဉ်တစ်စီးနှင့် Toyota Succeed ယာဉ်တစ်စီးတို့ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ မိုးကာစ၊ စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွှေသစ် ၂၈ တုံး (၁ ဒသမ ၀၂၆၆ တန်)၊ ပိတောက်ခွဲသား အချောင်း ၆၀ (၀ဒသမ ၀၄၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၃၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ဈေးလမ်းပိတ်ဆို့နေသည်ကို ဖယ်ခိုင်းသော စည်ပင်ဝန်ထမ်းအား ကုန်စိမ်းသည်အမျိုးသမီးက မကျေနပ်၍ ရိုက်နှက်

**မိတ္ထီလာ ဒီဇင်ဘာ ၁၉**

မိတ္ထီလာမြို့၌ ဈေးလမ်းရှင်းလင်းရေး တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာဝန်ထမ်းအား ဖယ်ရှားခိုင်းသည်ကို မကျေနပ်၍ ကုန်စိမ်းသည် အမျိုးသမီးက ရိုက်နှက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိတ္ထီလာ မြို့မစည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကိုကိုကျော် မိတ္ထီလာမြို့ မြို့မဈေးရုံး၌ တာဝန်ထမ်းဆောင်နေချိန် ဒီဇင်ဘာ ၁၈ ရက်က မြို့မဈေး ဈေးသည်များအား စည်းကမ်းထိန်းသိမ်းရေး တာဝန်ယူထားသူ ဦးကျော်ဆွေ၏ တင်ပြချက်အရ ဈေးပတ်လည် ပိတ်ဆို့မှုမရှိစေရေးအတွက် ရှင်းလင်းမှုဆောင်ရွက်နေသည့် ဦးတင်ဝင်း (စက်မောင်း- ၄) အား လမ်းပိတ်ဆို့နေသည့် ဖတ်ပွင့်ရောင်းချသူ မသင်းသင်းအောင်အား ဖယ်ရှားခိုင်းရာ မကျေနပ်၍ အရှည် တစ်တောင်ခန့်ရှိသော တုတ်ဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ ရိုက်နှက်မှုကြောင့် ဦးတင်ဝင်းတွင် ဒဏ်ရာများရရှိပြီး မိတ္ထီလာဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေကြောင်း၊ တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာဝန်ထမ်းအား ဒဏ်ရာရရှိအောင် ပြုလုပ်သူ မသင်းသင်းအောင်အား အရေးယူပေးပါရန် ဒုတိယ ဦးစီးမှူး ဦးကိုကိုကျော်က တိုင်ကြားခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိတ္ထီလာမြို့ အမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# ချက်ကြိုးတန်းလန်းနှင့် ကလေးတစ်ဦး အမှိုက်ကားအတွင်း တွေ့ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ချက်ကြိုးတန်းလန်းနှင့် မွေးခါစကလေးငယ်(မ)တစ်ဦး အမှိုက်ကားအတွင်း စွန့်ပစ်ထားမှု ဒီဇင်ဘာ ၁၉ ရက် နံနက်က စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက်အတွင်း ဖြစ်ပွားခဲ့သည်။

စမ်းချောင်းမြို့နယ် စည်ပင်သာယာသန့်ရှင်းရေးဌာနမှ ဝန်ထမ်းဖြစ်သူ ဦးမောင်ငယ်သည် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက် ကျွန်းတောလမ်း ခြံအမှတ် ၁၉၆ စိန်မေရီမျက်မမြင်ကျောင်းရှေ့တွင်ရပ်ထားသော အမှိုက်သိမ်းယာဉ်ပေါ်မှအမှိုက်များအား ရှင်းလင်းစဉ် အမှိုက်ထုပ်များနှင့် အတူရောပစ်ထားသော အိတ်အတွင်းမှ ချက်ကြိုးတန်းလန်းဖြင့် သေဆုံးနေသော အင်္ဂါစုံမွေးခါစကလေးငယ် (မ)တစ်ဦးအား တွေ့ရှိရခြင်းဖြစ်သည်။

ဦးမောင်ငယ်က အနီးရှိ ကွမ်းယာဆိုင်မှ အမျိုးသမီးအားခေါ်ယူပြသခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မိမိဌာနသို့ အကြောင်းကြား ခဲ့ခြင်းဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဇံတင့်က ဆက်လက်၍ မြို့နယ်ထွေအုပ်နှင့် မြို့မရဲစခန်းသို့ ထပ်မံအကြောင်းကြား သတင်းပေးပို့ခဲ့သည်။ တာဝန်ရှိသူများ လာရောက်စစ်ဆေးပြီးနောက် နံနက်၉နာရီခွဲခန့်တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး စမ်းချောင်းမြို့မရဲစခန်းမှ ကလေးစွန့်ပစ်သူအား အရေးယူနိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကိုကြီးတင်**

# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီက ကျိုင်းတုံမြို့ ဝမ်တာပုံ ပူးပေါင်းစစ်ဆေးရေးစခန်း၌ အိုက်ဥမောင်းနှင်ပြီး အိုက်ယီ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ အိုက်ယီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ဆောင်းဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ အား လည်းကောင်း **(အောက်ပုံ)**၊ မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီ က မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းမနှင့် ခေမာကျောင်းလမ်းထောင့်၌ သန့်ဇင်ဦး (ခ)သူရအောင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ရွှေပေါက်ကံမြို့သစ်နေ ဝင်းထွဋ်၏နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ ကျည် သုံးတောင့်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၁၇ ရက်မွန်းလွဲ ၂ နာရီ ၂၀ မိနစ်က မြောက် ဥက္ကလာပမြို့နယ် ည ရပ်ကွက် ခေမာကျောင်းလမ်းတွင် စိုးမောင်မောင်မြင့်(ခ)စိုးစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ်နေ ညွန့်ဝင်း(ခ)ဇင်ဇင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မျိုးသီဟကိုတွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွ ရူးသွပ်ဆေး ပြား ၄၄၉၄ ပြားနှင့် ငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ ရုပ်အလောင်း ၁၀ လောင်း တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ လူများအား သတ်ဖြတ်မြှုပ်နှံထားကြောင်း သတင်းပေးပို့တိုင်ကြားလာမှုအရ ယမန်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရုပ်အလောင်း ၁၀ လောင်းတွေ့ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ် ဦးဆောင်ပြီး မြို့နယ်တရားသူကြီး အင်းဒင်ရဲစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ပါဝင်သောအဖွဲ့ဖြင့် စစ်ဆေးဖော်ထုတ်ရာ မည်သူမည်ဝါ မခွဲခြားနိုင်သော ရုပ်အလောင်း ၁၀ လောင်းအား တွေ့ရှိခဲ့ပြီး အဆိုပါအဖွဲ့အနေဖြင့် ရုပ်အလောင်းများ၏ စိစစ်ဖော်ထုတ်ချက်နှင့် ဖြစ်စဉ် မှန်ပေါ်ပေါက်နိုင်ရေးအတွက် ဆက်လက်စစ်ဆေး ဆောင်ရွက် လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ ရထားလမ်းချော်တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရ



အမ်းထရက်ရထား လမ်းချော်တိမ်းမှောက်ကာ အဝေးပြေးလမ်းမပေါ်ကျသွားသည့် မြင်ကွင်းကို တွေ့ရစဉ်။

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ တာကိုမာအနီးတွင် တနင်္လာနေ့က အမ်းထရက်ရထား လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးရုံသုံးခုသို့ ပို့ဆောင်ခဲ့ရကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ဝါရှင်တန်ဒေသ ပတ္တရောင်ရဲအဖွဲ့က အမေရိကန်အနောက်ဘက်ကမ်းခြေပေါ်ရှိ ဆီတယ်လ်တောင်ပိုင်း၌ ရထား ၁၄ တွဲအနက် ၁၃ တွဲလုံးလမ်းချော်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။ ရထားတွဲတစ်တွဲမှာ ယာဉ်များပိတ်ဆို့နေသည့် အဝေးပြေးလမ်းပေါ်သို့ ကျသွားခဲ့ရာ အမြန်လမ်းမကြီးပေါ်ရှိ မော်တော်ယာဉ်များကို ထိခိုက်စေခဲ့ကြောင်း သိရသည်။

သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်ကို တိကျစွာဖော်ပြခြင်းမရှိသော်လည်း အကျိုးအမြတ်မကြည့်သော Multi Care Health ဆေးရုံနှင့် ဆေးပေးခန်းများကွန်ရက်က လူ ၂၂ ဦးကို ၎င်းတို့၏ ဆေးရုံသုံးခုသို့ ခေါ်ဆောင်ခဲ့ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အမ်းထရက်ရထားသည် တာကိုမာ၊ ပေါ့တ်လန်း၊ အော်ရီဂွန်တို့အကြား ပြေးဆွဲလာခဲ့ရာ အမ်းထရက်ရထားသည် Pierce စီရင်စုအတွင်း၌ လမ်းချော်ကာ တိမ်းမှောက်သွားခဲ့သည်။ ရထားလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားချိန်တွင် ရထားပေါ်၌ ခရီးသည် ၇၈ ဦးနှင့် ရထားအမှုထမ်း ငါးဦးလိုက်ပါလာခဲ့ကြောင်း သိရသည်။ ဆီတယ်တောင်ပိုင်းကို အမ်းထရက်ရထားပြေးဆွဲမှုကို ခေတ္တရပ်နားထားကြောင်း အမ်းထရက်မီးရထားကော်ပိုရေးရှင်းအဖွဲ့က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ရထားလမ်းချော် တိမ်းမှောက်မှုသည် အရှိန်ပြင်းမောင်းနှင်မှုကြောင့် ဖြစ်ရခြင်းဟုတ်မဟုတ် သိရှိရန်စောသေးကြောင်း အမေရိကန်အမျိုးသားသယ်ယူပို့ဆောင်မှုလုံခြုံရေး ဘုတ်အဖွဲ့က ပြောကြားခဲ့သည်။ အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ဘယ်လာဒင်ဇာက စုံစမ်းစစ်ဆေးသူ ၂၀ ဦးပါရှိသည့် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရထားလမ်းချော် တိမ်းမှောက်မှုတွင် ပါဝင်ခဲ့ကြသည့် ခရီးသည်များအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တနင်္လာနေ့တွင် ဆုမွန်ကောင်းတောင်းပေးခဲ့သည်။ **ရိုက်တာ**

## တရုတ်နိုင်ငံ အရှေ့ပိုင်း၌ ဓာတုစက်ရုံမီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံး

**ဂျီနန် ဒီဇင်ဘာ ၁၉**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒုံပြည်နယ်၌အင်္ဂါနေ့က ဓာတုစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဝိန်ဖန်းမြို့ ချန်ဂယ်စီရင်စုရှိ ဓာတုစက်ရုံကုမ္ပဏီတစ်ခု၏အလုပ်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးအဖွဲ့၏ ဖော်ပြချက်အရ သိရသည်။

မီးလောင်မှုတွင် မီးတောက်များကို ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဘယ်ကြောင့် မီးလောင်မှုဖြစ်ပွားရကြောင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆိုက်ဘာ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် မြောက်ကိုရီးယားကို အမေရိကန်အပြစ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

ဆေးရုံများ၊ ဘဏ်များနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားသောကုမ္ပဏီများတွင် ယခုနှစ်အစောပိုင်းက ဖြစ်ပွားခဲ့သည့် Wanna Cry ဟုအမည်ပေးခဲ့သည့် ဆိုက်ဘာ တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည့်အတွက် မြောက်ကိုရီးယားကို ထရန့်အစိုးရအဖွဲ့က လူသိရှင်ကြား ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

ယင်း ဆိုက်ဘာတိုက်ခိုက်မှုသည် ကျယ်ပြန့်၍ ငွေကြေးဘီလီယံများစွာ ကုန်ကျစေခဲ့ပြီး မြောက်ကိုရီးယားတွင် တာဝန်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ထိပ်တန်းလုံခြုံရေး အကြံပေးပုဂ္ဂိုလ် တွမ်ဘိုဆတ်က ဖော်ပြခဲ့မှုကို ဝေါစထရိဂျာနယ်တွင်ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားသည် ဆယ်စုနှစ်တစ်ခုကျော်ကြာသည်အထိ ဆိုးရွားစွာပြုမူနေပြီး ဟန့်တားထိန်းချုပ်မှု မရှိကြောင်းနှင့် ၎င်း၏ အမုန်းတရားမှပေါ်ပေါက်လာသည့် အပြုအမူများသည် မကောင်းသည့်ဘက်တွင် လွန်ကဲနေသည်ဟု ဘိုဆတ်က ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

## ချီလီ ရွေးကောက်ခံ သမ္မတ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို မြှင့်တင်လို

**ဆန်တီယာဂို ဒီဇင်ဘာ ၁၉**

ချီလီရွေးကောက်ခံသမ္မတ ဆီဘက်စ်ရှန် ပီနီရာသည် ၎င်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမှသည် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းများအထိ များစွာသောနယ်ပယ်ကဏ္ဍများတွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို တိုးချဲ့သွားရန် စီစဉ်နေကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ချီလီ၏ ကုန်သွယ်ရေးမိတ်ဖက်အဖြစ် ဦးဆောင်နေသည်ကို ကျွန်ုပ်တို့အားလုံးသိရှိပြီးဖြစ်ပြီး ယင်းဆက်ဆံရေးကို ပိုမိုအားဖြည့်သွားတော့မည်ဖြစ်ကြောင်း ပီနီရာက နိုင်ငံခြားသတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့စဉ်ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုကို ပိုမိုတိုးချဲ့သွားရုံမက သိပ္ပံနှင့်နည်းပညာတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အခြေခံအဆောက်အအုံနှင့် အင်ဂျင်နီယာပညာရပ်များတွင်လည်း ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း ဆက်ဆံရေးတိုးမြှင့်သွားမည်ဖြစ်ကြောင်း ပီနီရာက ပြောသည်။

စီးပွားရေးလုပ်ငန်းများကို ထောက်ခံသူဖြစ်သည့် ပီနီရာသည် ချီလီနိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၀ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြီးခဲ့သည့်တနင်္ဂနွေနေ့ သမ္မတရွေးကောက်ပွဲတွင်လည်း အနိုင်ရရှိခဲ့သည်ဖြစ်ရာ လာမည့် ၂၀၁၈ ခုနှစ် မတ်၁၁ရက်တွင် သမ္မတအဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

၎င်း၏အနိုင်ရရှိမှုကို ချီးကျူးဂုဏ်ပြုခဲ့သည့်အတွက် ပီနီရာက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**


ချီလီရွေးကောက်ခံသမ္မတ ဆီဘက်စ်ရှန် ပီနီရာ

## အခွန်ပြုပြင်ပြောင်းလဲရေးအတွက် ဂျေရုဆလင်သို့ သွားရောက်မည့်ခရီးစဉ်ကို မိုက်ပန့်စ်ရွှေ့ဆိုင်း



အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတမိုက်ပန့်စ်

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန် ဒုတိယသမ္မတမိုက်ပန့်စ်သည် အခွန်ပြုပြင်ပြောင်းလဲရေးအစီအစဉ်နှင့် ပတ်သက်၍ ဆီးနိတ်လွှတ်တော်မဲပေးမှုတွင် ပါဝင်ရန်အတွက် ဂျေရုဆလင်သို့ သွားရောက်မည့် အလည်အပတ်ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

မိုက်ပန့်စ်သည် မူလကအင်္ဂါနေ့တွင် အီဂျစ်နှင့်အစ္စရေးသို့ ထွက်ခွာရန် စီစဉ်ထားခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် ဂျေရုဆလင်သို့ သွားရောက်ရန် စီစဉ်ခဲ့သည်။

သို့သော် အိမ်ဖြူတော်က ပန့်စ်သည် ခရီးစဉ်သွားရောက်မှုကို ဇန်နဝါရီလလယ်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ဆီးနိတ်လွှတ်တော်သည် လာမည့်အင်္ဂါနေ့တွင် ရီပတ်ဘလစ်ကန် အခွန်ဥပဒေကို မဲခွဲဆုံးဖြတ်သွားမည်ဟု မျှော်လင့်ရသည်။

ယခုလအစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့ပြီး အမေရိကန်က ၎င်း၏သံရုံးကို တဲလ်အဗစ်မှ ဂျေရုဆလင်သို့ ရွှေ့ပြောင်းမည်ဟု ပြောကြားခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကြောင့် အရှေ့အလယ်ပိုင်းဒေသနှင့် နေရာအနှံ့အပြားတို့၌ ဆန္ဒထုတ်ဖော်မှုများပေါ်ပေါက်လာခဲ့သည်။ ပန့်စ်သည် ၎င်း၏ ခရီးစဉ်သွားရောက်မှုအတွင်း ဆန္ဒထုတ်ဖော်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

**အင်န်အိတ်ခ်ျကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျာမနီတွင် ရွှေ့ပြောင်းသွားလာသူ အသစ် ဝင်ရောက်မှု အရေအတွက် ကျဆင်းလာ

**ဘာလင် ဒီဇင်ဘာ ၁၉**
ဂျာမနီနိုင်ငံတွင် ယခုနှစ်အတွက် ရွှေ့ပြောင်းသွားလာသူများ အသစ်ဝင်ရောက်လာမှု အရေအတွက် လျော့ကျလာပြီဖြစ်ကြောင်း ဂျာမနီဖက်ဒရယ်ပြည်ထဲရေးဝန်ကြီး သောမတ်စ် ဒီမိုင်ဇီရီက ပြောကြားခဲ့သည်။

နိုဝင်ဘာ လကုန်ခန့်တွင် ရွှေ့ပြောင်းသွားလာသူ အရေအတွက်သည် ၁၇၃၀၀၀ ရှိခဲ့ပြီး ၎င်းအနေဖြင့် တစ်နှစ်စာလုံးအတွက် တွက်ချက်ခဲ့ပြီး ၂၀၀၀၀၀ အောက်လျော့နည်းလိမ့်မည်ကို တွေ့ရှိခဲ့ကြောင်း ဒီမိုင်ဇီရီက ပြောသည်။

၂၀၁၆ခုနှစ်တွင်ဂျာမနီသို့ဝင်ရောက်လာသည့် ရွှေ့ပြောင်းသွားလာသူ အရေအတွက်သည် ၂၈၀၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ဝင်ရောက်ခဲ့သူအရေအတွက်မှာ ၈၉၀၀၀၀ အထိရှိခဲ့ကြောင်း အစိုးရစာရင်းအင်း အချက်အလက်များ အရသိရသည်။

ဒုက္ခသည်အများစုတို့သည် စစ်ဘေးဒဏ်ကိုခံနေရသည့် ဆီးရီးယား၊ အီရတ်နှင့် အာဖဂန်နစ္စတန်တို့မှ ဝင်ရောက်လာကြခြင်းဖြစ်သည်။

ဘော်လ်ကန်ဒေသနိုင်ငံအများစုက ၎င်းတို့၏နယ်စပ်ဝင်ပေါက်များကို ပိတ်လိုက်ပြီး ဥရောပသမဂ္ဂက ၂၀၁၆မတ်လတွင် တူရကီနှင့်ဒုက္ခသည်စာချုပ် ချုပ်ဆိုလိုက်ချိန်မှစတင်ကာ ဂျာမနီနိုင်ငံသို့ ရွှေ့ပြောင်းသွားလာသူ အရေအတွက် ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### တူရကီသံရုံးကို ဂျေရုဆလင် အရှေ့ပိုင်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်မည်

**အန်ကာရာ ဒီဇင်ဘာ ၁၉**
တူရကီသမ္မတ ရီဆက်တေယစ် အာဒိုဂန်သည် တူရကီသံရုံးကို ဂျေရုဆလင်အရှေ့ပိုင်းတွင် ဖွင့်လှစ်သွားရန်မျှော်လင့်ထားကြောင်း သိရသည်။ ဂျေရုဆလင်အရှေ့ပိုင်းကို ပါလက်စတိုင်းက ၎င်းတို့၏ အနာဂတ်မြို့တော်အဖြစ် အခိုင်အမာပြောဆိုခဲ့သည်။

သမ္မတ အာဒိုဂန်သည် တူရကီအလယ်ပိုင်းကာရာမန်မြို့တွင် တနင်္ဂနွေနေ့က ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ်သတ်မှတ် ကြေညာလိုက်ပြီးနောက်တွင် တူရကီဘက်မှ ထိုသို့လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။

တူရကီသည် အရှေ့ဂျေရုဆလင်၌ ကောင်စစ်ဝန်ရုံးဖွင့်လှစ်ထားပြီး သံရုံးကိုလည်း အဆိုပါနေရာတွင် ဖွင့်လှစ်ရန် နီးကပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း လတ်တလောတွင် အရှေ့ဂျေရုဆလင်သည် အစ္စရေး၏လက်အောက်တွင်ရှိနေသည့်အတွက် ချက်ချင်းဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ယူကရိန်းရဲ့ အကျင့်ပျက်ခြစားမှုကို အမေရိကန်နဲ့မဟာမိတ်တွေ ဘယ်လို ကိုင်တွယ်ဆောင်ရွက်မလဲ

**---- ကလျာမိုးမြင့် ----**



ယူကရိန်းနိုင်ငံအတွင်းမှာ မကြာခဏဆိုသလို ဖြစ်ပွားနေတဲ့ အကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်ဖို့ယူကရိန်းအနေနဲ့ စိတ်ပါလက်ပါ မရှိမှုဟာ ယူကရိန်းရဲ့မဟာမိတ်အနောက်နိုင်ငံတွေကို နောက်ဆုံးမှာ စိတ်ရှည်သည်းခံမှုကုန်ဆုံးသွားအောင်လုပ်နေသလိုပါပဲ။ အမေရိကန်၊ ဥရောပသမဂ္ဂနဲ့ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့တို့က မကြာသေးမီက ယူကရိန်းရှေ့နေချုပ်ရုံးရဲ့ လွတ်လပ်သောအကျင့်ပျက်ခြစားမှုစုံစမ်းရေးအဖွဲ့ ပြိုလဲပျက်စီးသွားခဲ့တာနဲ့ပတ်သက်ပြီး အပြင်းအထန်ဝေဖန်ရှုတ်ချခဲ့ကြပါတယ်။ ဒီအဖွဲ့အစည်းကိုယ်တိုင်ဟာလည်းပဲ လိမ်လည်မှုတွေများစွာ ပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခြင်းခံထားရပါတယ်။

အဆင့်မြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ပြိုကွဲပျက်စီးသွားခြင်းအပါအဝင် ယူကရိန်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အမျိုးသားဗျူရိုအဖွဲ့ (NABU) က အာဏာပိုင်တွေကို ဖမ်းဆီးလိုက်ခြင်းနဲ့ ဗျူရိုအဖွဲ့ရဲ့ အရေးကြီး မှတ်တမ်းဖိုင်တွေကို သိမ်းဆည်းလိုက်ခြင်းတွေကြောင့် အကျင့်ပျက်ခြစားမှုကို တွန်းလှန်တိုက်ဖျက်မယ်လို့ ယူကရိန်းက ပေးအပ်ခဲ့တဲ့ ကတိကဝတ်တွေဟာ စိုးရိမ်ပူပန်မှုတွေကို မြင့်တက်လာစေခဲ့တယ်လို့ အမေရိကန်ပြည်တွင်း ဦးစီးဌာနက ဒီဇင်ဘာလ ၄ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။

ဒီအဖြစ်အပျက်တွေက ပြည်သူတွေရဲ့ယုံကြည်မှုကို ရိုက်ချိုးဖျက်ဆီးလိုက်သလိုဖြစ်သွားခဲ့ပြီး ယူကရိန်းအပေါ်မှာ နိုင်ငံတကာကအကူအညီပေးအပ်နေတာတွေကို ဖျက်ဆီးပစ်လိုက်မယ့် အန္တရာယ်ရှိလာတယ်လို့ ဥရောပသမဂ္ဂနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က တူညီတဲ့စိုးရိမ်ပူပန်မှုတွေကို ဖော်ပြခဲ့ကြပါတယ်။

NABU အဖွဲ့အပေါ်မှာ တိုက်ခိုက်လာတာတွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်အနေနဲ့ ဒေါသတကြီးတုံ့ပြန်ခဲ့တာဟာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပါ။ ဒီအေဂျင်စီဟာ အမေရိကန်ရဲ့အထောက်အပံ့နဲ့ တည်ထောင်ခဲ့တဲ့အဖွဲ့အစည်းဖြစ် ပြီး ဝါရှင်တန်ဟာ NABU အဖွဲ့ရဲ့ အေဂျင့်တွေကို ကူညီလေ့ကျင့်ပေးဖို့အတွက် အက်ဖ်ဘီအိုင်အေးဂျင့်တစ်ဦးကို တာဝန်ပေးအပ်ပြီး NABU အဖွဲ့ဆီကို စေလွှတ်ခဲ့ပါတယ်။

ယူကရိန်းရဲ့ ရှေ့နေချုပ်ရုံးက NABU အဖွဲ့ရဲ့လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်တွေရဲ့ အမည်ကို ပေါက်ကြားစေခြင်းအားဖြင့် အက်ဖ်ဘီအိုင်ကို နှောင့်ယှက်ဖျက်ဆီးခဲ့တာကို တွေ့မြင်ရတာဟာ လျှို့ဝှက်အေးဂျင့်တွေကို အန္တရာယ်ထဲတွန်းပို့ရာ ရောက်နေပြီး ဒီလိုလုပ်လိုက်တာဟာ ယူကရိန်းက အမေရိကန်ရဲ့ မျက်လုံးထဲကို ကျေးဇူးကန်းတဲ့လက်ညှိုးတစ်ချောင်းနဲ့ ထိုးလိုက်သလိုပါပဲ။

NABU ကိုတိုက်ခိုက်လာတာဟာ ယူကရိန်းရဲ့ အကျင့်ပျက်အစောင့်စစ်သည်တစ်ဦးက ပြုပြင်ပြောင်းလဲသူတွေရဲ့ အောင်မြင်မှုကို ဖျက်ဆီးဖို့နောက်ဆုံးခြေလှမ်းတစ်ခုလို့ဆိုရမှာ ဖြစ်ပါတယ်။ အိုမင်းနေတဲ့ အစောင့်စစ်သည်ဟာ အနောက်နိုင်ငံတွေရဲ့အကူအညီနဲ့ ဖန်တီးထားတဲ့ တခြားသော ယူကရိန်းအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတွေကိုလည်း ပျက်ပြားအောင်လုပ်နေပြီး ပြည်သူ့အာဏာပိုင်တွေ အားလုံးက ၎င်းတို့ရဲ့ပိုင်ဆိုင်မှုတွေကို ထုတ်ဖော်ပြောဆိုတဲ့ ကြေညာချက်ကို ဖိုင်တွဲထားဖို့ လိုအပ်တဲ့ဥပဒေကိုပါ ဖျက်ဆီးပစ်ရာ ရောက်နေပါတယ်။

ဒါပေမယ့် ခုဖြစ်နေတဲ့ အခြေအနေတွေဟာ အဖွဲ့အစည်းတွေအပေါ်မှာ နှိပ်ကွပ်လိုက်တယ်ဆိုတာထက် ပိုဆိုးနေပါတယ်။ ဥပဒေအရစည်းကမ်းထိန်းသိမ်းကြပ်မတ်တဲ့ အေဂျင်စီတွေဟာလည်း ယူကရိန်းရဲ့အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတက်ကြွလှုပ်ရှားသူတွေနဲ့ အဖွဲ့အစည်းတွေကို ခွဲထုတ်ပစ်ဖို့လုပ်ကြံဖန်တီးထားတဲ့ အရေးယူဆောင်ရွက်မှုတွေကို အသုံးပြုပြီး အနှောင့်အယှက်ပေး တိုက်ခိုက်မှုတွေ လုပ်ဆောင်နေပါတယ်။

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုဗဟိုဌာန (AntAC)က ၎င်းတို့အဖွဲ့ဟာ အခွန်အာဏာပိုင်တွေက နှောင့်ယှက်တာကိုခံနေရပြီး ဌာနရဲ့ခေါင်းဆောင်တွေဟာ ယူကရိန်းလျှို့ဝှက်ဝန်ဆောင်မှုအဖွဲ့က ကြိုတင်ကြံစည်ထားတဲ့ခြိမ်းခြောက်မှုနဲ့ အသရေဖျက်မှုတွေကို ခံနေရတယ်လို့ ပြောကြားခဲ့ပါတယ်။ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကို ဖြိုခွင်းရာမှာ အကူအညီပေးအပ်နေတဲ့ ယူကရိန်းရဲ့ pharma mafia အဖွဲ့က လည်ပတ်ဆောင်ရွက်နေတဲ့ အန်ဂျီအိုအဖွဲ့အစည်း နှစ်ခုဟာလည်း ပြင်းထန်တဲ့ အနှောင့်အယှက်ပေးတိုက်ခိုက်မှုတွေရဲ့ ပစ်မှတ်ဖြစ်နေပြီး လုပ်ကြံစွပ်စွဲမှုတွေကို ရင်ဆိုင်နေရပါတယ်။

တုန်လှုပ်စရာအကောင်းဆုံးဖြစ်ရပ်တစ်ခုကတော့ခါကစ်ဗ်မြို့က တက်ကြွလှုပ်ရှားသူနှစ်ဦးဟာ ဘယ်သူဘယ်ဝါမှန်းမသိတဲ့လုပ်ကြံသူတွေရဲ့ အပြင်းအထန်ရိုက်နှက်ခြင်းကို ခံလိုက်ရတာ ဖြစ်ပြီး ဒီအဖြစ်အပျက်က အနာဂတ်မှာ တက်ကြွလှုပ်ရှားသူတွေ တိုက်ခိုက်မှုမခံရအောင် ကာကွယ်ပေးဖို့ဥရောပသမဂ္ဂက အာဏာပိုင်တွေကို တောင်းဆိုရတဲ့အထိ ဖြစ်လာတာပါပဲ။

အမေရိကန်ဟာ ယူကရိန်းမှာရင်းနှီးထည့်ဝင်မှုတွေအများကြီး ပြုလုပ်ထားတဲ့နိုင်ငံပါ။ ဝါရှင်တန်ဟာ ယူကရိန်းကို ချေးငွေ ဘီလီယံပေါင်းများစွာ အာမခံထားခြင်းအားဖြင့် ဒီမိုကရေစီကျပြီး အနောက်နိုင်ငံထောက်ခံသော ယူကရိန်းကို တည်ထောင်ဖို့ ကြိုးစားနေပါတယ်။ အဓိပ္ပာယ်ကတော့ အကယ်၍ ယူကရိန်းက ဒီချေးငွေတွေကို မဆပ်နိုင်တော့ရင် အမေရိကန်ကအခွန်အခပေးဆောင်သူတွေက ကျသင့်ငွေကို ပေးဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။အမေရိကန်ဟာ ယူကရိန်းကို ကျည်ကာဝတ်စုံလိုမျိုး လူ့အသက်ကို မထိခိုက်စေနိုင်တဲ့ ပစ္စည်းကိရိယာတွေအတွက်လည်း အမေရိကန်ဒေါ်လာ သန်း ၇၅၀ ထောက်ပံ့ပေးထားပါတယ်။ နောက်တစ်ခုကတော့ အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေဟာ ခရိုင်းမီးယားကိုရုရှားကကျူးကျော်ခဲ့မှုနဲ့ ယူကရိန်းအရှေ့ပိုင်းကိုရုရှားက ဝင်ရောက်စွက်ဖက်ခဲ့မှုအတွက် ရုရှားကို တုံ့ပြန်တဲ့အနေနဲ့ ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်လိုက်ခြင်းအားဖြင့်လည်း အကူအညီပေးခဲ့ပါတယ်။ ရုရှားနဲ့အတူ နျူကလီးယား လုံခြုံရေးပူးပေါင်းဆောင်ရွက်နေမှုကိုလည်း ရပ်ဆိုင်းလိုက်ပါတယ်။

ဒီလိုရပ်ဆိုင်းလိုက်တဲ့အတွက် နျူကလီးယားလက်နက်တွေကို အယ်လ်ခိုင်ဒါသို့မဟုတ် အိုင်အက်စ် စစ်သွေးကြွတွေက လက်ခံရရှိသွားနိုင်တဲ့ အန္တရာယ်တွေကို ပိုပြီးမြင့်တက်လာစေခဲ့ပါတယ်။ ဒါ့အပြင် ရုရှားနဲ့အတူ လုပ်ဆောင်နေတဲ့ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို အဆုံးသတ်သွားစေတယ်လို့ နေတိုးအဖွဲ့အကြီးတန်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေဟာ ယူကရိန်းအာဏာပိုင်တွေကို လမ်းကြောင်းမှန်ပေါ်ရောက်ရှိအောင်တွန်းအားပေးခြင်းအားဖြင့် ယူကရိန်း မှာ ၎င်းတို့ရဲ့ရင်းနှီးမြှုပ်နှံထားမှုတွေနဲ့ ယူကရိန်းရဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အထောက်အပံ့ပေးနေတာတွေကို ကာကွယ်ဖို့လိုအပ်ပါတယ်။

ပထမဦးစွာ အနောက်နိုင်ငံတွေဟာ ၎င်းတို့ရဲ့ငွေကြေးဆိုင်ရာ ကုတ်အား ကန်အားတွေကို ယူကရိန်းကို ဆန့်ကျင်တဲ့အပိုင်းမှာ အသုံးပြုသင့်ပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က လွတ်လပ်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးတရားရုံးကို တည်ထောင်ဖို့ တောင်းဆိုထားတဲ့ လိုအပ်ချက်ကို အားဖြည့်ဖို့လိုအပ်တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ပါဝင်ပါတယ်။

ဥရောပရဲ့ Venice Commission ကောင်စီက မကြာသေးမီကပဲ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးတရားရုံးကို ဘယ်လိုဖွဲ့စည်းမယ်ဆိုတာနဲ့ပတ်သက်ပြီး အတိအလင်းလမ်းညွှန်ချက်တွေ ပေးအပ်သွားခဲ့ပါတယ်။ ဒါကိုဖွဲ့စည်းဖို့အတွက် အချိန်ဆွဲနေစရာ၊ စောဒကတက်စရာအကြောင်း ဘာမှမရှိဘူးလို့ဆိုပါတယ်။

NABU အဖွဲ့နဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုတွေအပေါ်မှာ တိုက်ခိုက်လာတာတွေဟာ အကူအညီ အထောက်အပံ့တွေအားလုံးကို အဆုံးသတ်မသွားခင်မှာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ဟာ အတူ ပူးပေါင်းပြီး ယူကရိန်းကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်အောင် လုပ်ဆောင်သင့်ပါတယ်။ ခြွင်းချက်ဖြစ်တဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေပါ မရပ်ဆိုင်းသွားခင်အချိန်အထိ ဒီကိစ္စကို အမေရိကန်နဲ့ မဟာမိတ်တွေက အချိန်မီ ဖြေရှင်းသင့်ပါတယ်။

**ကိုးကား - ရိုက်တာ**

> **" NABU အဖွဲ့အပေါ်မှာ တိုက်ခိုက်လာတာတွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်အနေနဲ့ ဒေါသတကြီးတုံ့ပြန်ခဲ့တာဟာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပါ။ ဒီအေဂျင်စီဟာ အမေရိကန်ရဲ့အထောက်အပံ့နဲ့ တည်ထောင်ခဲ့တဲ့ အဖွဲ့အစည်းဖြစ်ပြီး ဝါရှင်တန်ဟာ NABU အဖွဲ့ရဲ့ အေးဂျင့်တွေကို ကူညီလေ့ကျင့်ပေးဖို့အတွက် အက်ဖ်ဘီအိုင်အေးဂျင့် တစ်ဦးကို တာဝန်ပေးအပ်ပြီး NABU အဖွဲ့ဆီကို စေလွှတ်ခဲ့"**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ငွေကြေးအထောက်အပံ့**

**ကုမ္ပဏီမှ ယင်း၏ထုတ်ဝေသည့်အစုရှယ်ယာများကို ဝယ်ယူခြင်းအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

၁၂၈။ (က) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃၀ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှတစ်ပါး အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီ မဟုတ်သော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီများအပြင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီက ထုတ်ဝေထားသည့် အစုရှယ်ယာတစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် ငွေကြေးအထောက်အပံ့ တစ်စုံတစ်ရာကို ပေးအပ်ခြင်း မပြုရ။

သို့ရာတွင် ငွေထုတ်ချေးခြင်းမှာ ကုမ္ပဏီ၏ သာမန်စီးပွားရေးလုပ်ငန်းတစ်စိတ်တစ်ဒေသဖြစ်လျှင် ကုမ္ပဏီ၏ သာမန်စီးပွားရေးလုပ်ငန်းအဖြစ် ငွေထုတ်ချေးခြင်းအား ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း မရှိစေရ။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခုက အစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်း၊ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချခြင်း သို့မဟုတ် အခန်း (၁၅) တွင်ပါရှိသော ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအပေါ်အကျိုးသက်ရောက်စေမည့် ဆောင်ရွက်မှု သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အခွင့်အရေးကို ထိခိုက်စေခြင်း မရှိစေရ။

၁၂၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၈ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြုလုပ်ဆောင်ရွက်ခဲ့လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင်ပါဝင်သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**ငွေကြေးအထောက်အပံ့ပေးအပ်ရန် ကုမ္ပဏီအား ခွင့်ပြုခြင်း**

၁၃၀။ (က) ပုဒ်မ ၁၂၈ နှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များနှင့် ညီညွတ်မှသာ ကုမ္ပဏီ သို့မဟုတ် ယင်း၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများကို ရယူနိုင်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေကြေးအထောက်အပံ့ ပေးအပ်နိုင်သည်-

(၁) ဒါရိုက်တာအဖွဲ့သည် အောက်ပါအခြေအနေများကို လက်ခံနိုင်ဖွယ်ရှိသော အကြောင်းပြချက်များရှိကြောင်း ဆုံးဖြတ်ခဲ့လျှင်-

(កက) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးသင့်ကြောင်း၊

(ခခ) ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးခံစားခွင့်များကို ကောင်းစွာရရှိစေမည်ဖြစ်ကြောင်း၊

(ဂဂ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိကြောင်း၊

(ဃဃ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှု မရှိကြောင်းနှင့်

(ငင) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံကြောင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၃၃ အရ ငွေကြေးအထောက်အပံ့ပေးခြင်းအား အစုရှယ်ယာရှင်များက အတည်ပြုကြောင်း။

(ခ) ငွေကြေးအထောက်အပံ့ပေးခြင်းအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ဒါရိုက်တာအဖွဲ့မှခွင့်ပြုပြီးနောက် အဆိုပါငွေကြေးအထောက်အပံ့ကို ပေးအပ်ခြင်း မပြုသေးမီကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေကြေးအထောက်အပံ့ပေးပြီးနောက် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါလိုအပ်ချက်များကို ချက်ချင်းလိုက်နာနိုင်သည့် အခြေအနေရှိမည် မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့ကတွေ့ရှိလျှင် ကုမ္ပဏီကပြုလုပ်မည့် ငွေကြေးအထောက်အပံ့တစ်ရပ်ရပ်ကို ပြုလုပ်ခွင့်ရှိသည်ဟု မှတ်ယူခြင်း မရှိစေရ။

၁၃၁။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၃၀ ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်မှုကို ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၃၂။ ပုဒ်မ ၁၃၁ အပြင် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပေးအပ်ပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၃၀၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ငွေကြေးအထောက်အပံ့ပေးခြင်းကို သိလျက်ဖြင့်တမင် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီကပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် ငွေကြေးအထောက်အပံ့များပေးခဲ့သည့် တန်ဖိုးပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၃၃။ (က) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းအတွက် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို အောက်ပါအတိုင်းပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့်အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်မှာ အစုရှယ်ယာများ ရရှိသူကဖြစ်စေ၊ ၎င်းတို့၏တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကိုထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ချမှတ်ခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်များအားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၃၀ တွင် ဖော်ပြပါရှိသည့်အတိုင်း ငွေကြေးအထောက်အပံ့ကို ရယူဆောင်ရွက်ပြီးနောက် ချက်ချင်းနိုင်ငံတော်အတွင်း စတော့ချေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီဖြစ်သည်ဆိုလျှင် ငွေကြေးအထောက်အပံ့အား အဆိုပါ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ဂ) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းဆောင်ရွက်ပြီးနောက် ချက်ချင်း အောက်ပါအတိုင်း အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိခဲ့လျှင် ထိုအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီသည်-

(၁) ဤဥပဒေအရဖွဲ့စည်းတည်ထောင်ထားပြီး နိုင်ငံတော်အတွင်း စတော့ချေးကွက်၌ အမည်စာရင်းတင်သွင်းထားခြင်း မရှိသေးသည့် ကုမ္ပဏီဖြစ်သည်ဆိုလျှင်၊ ၎င်းအပြင်

(၂) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သော ကုမ္ပဏီ ဖြစ်သည်ဆိုလျှင်၊ အထက်ပါကိစ္စရပ်တွင် ငွေကြေးအထောက်အပံ့ပေးခြင်းကို ထိုအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

ပုဒ်မခွဲ (က) သို့မဟုတ်(ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် အစည်းအဝေးတစ်ရပ်အား ခေါ်ယူကျင်းပလိုသော ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်းနှင့်သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသောအချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ်ပါရှိစေရမည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် ခေါ်ယူကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာအား ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ပေးပို့မည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် ငွေကြေးအထောက်အပံ့ပေးခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

(င) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့မပေးမီ အနည်းဆုံး ၂၁ ရက်အတွင်း ထိုငွေကြေးအထောက်အပံ့ပေးခြင်းအား ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုဆောင်ရွက်ပြီးဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(စ) ပုဒ်မခွဲ(က) သို့မဟုတ်(ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် ချမှတ်ထားသည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း ဖော်ပြပါကုမ္ပဏီ၊ နိုင်ငံတော်အတွင်း စတော့ချေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီသည် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဆ) ကုမ္ပဏီ၏ဒါရိုက်တာနှင့် အခြားအရာရှိအားလုံး၏တာဝန်များမှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို လည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကိုလည်းကောင်း သင့်လျော်သောဆောင်ရွက်ချက်ဖြင့် ပြုလုပ်ရန်ဖြစ်သည်။

၁၃၄။ ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင် ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၁၃၅။ ပုဒ်မ ၁၂၈ တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များကို ပေးအပ်ခဲ့လျှင် ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

**အစုရှယ်ယာများကို မိမိကိုယ်တိုင်ပြန်လည်ရယူခြင်းအား တားမြစ်ခြင်း**

**အစုရှယ်ယာများအား တိုက်ရိုက်ရယူခြင်း**

၁၃၆။ ကုမ္ပဏီတစ်ခုသည် အောက်ပါကိစ္စရပ်မှအပ ၎င်း၏အစုရှယ်ယာများကို ရယူခြင်းမပြုရ-

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ဝယ်ယူခြင်း သို့မဟုတ်

(ခ) တရားရုံး၏အမိန့်အရ ဆောင်ရွက်ခြင်း။

**အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်း**

၁၃၇။ ကုမ္ပဏီတစ်ခုသည် ယင်း၏အစုရှယ်ယာများ သို့မဟုတ် ယင်းကို ကြီးကြပ်အုပ်ချုပ်နေသည့် အစုများပိုင်ဆိုင်သောကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် အာမခံချက်များရယူခြင်း မပြုရ။

**အစုရှယ်ယာများကို လက်အောက်ခံကုမ္ပဏီတစ်ခုသို့ ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း**

၁၃၈။ အောက်ပါအကြောင်းများ ပေါ်ပေါက်ခြင်းမရှိလျှင် ကုမ္ပဏီတစ်ခုက ယင်း၏လက်အောက်ခံ ကုမ္ပဏီသို့ ယင်း၏အစုရှယ်ယာများကို ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ပျက်ပြယ်သည် -

(က) လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီသည် အစုရှယ်ယာများအား ယုံကြည် အပ်နှံခြင်းခံရသူအဖြစ်သာ လက်ခံထားခြင်းဖြစ်ပြီး အစုရှယ်ယာများမှ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ရယူခြင်း မရှိလျှင် သို့မဟုတ်

(ခ) လွှဲပြောင်းမှုအား အဆိုပါကုမ္ပဏီ၏ အစုများပိုင်ဆိုင်သော ကုမ္ပဏီက ပြုလုပ်ပြီး လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီက ထိုအစုများ ပိုင်ဆိုင်သော ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်လျှင်။

**ကင်းလွတ်ချက်များ**

၁၃၉။ ဤပုဒ်မနှင့်သက်ဆိုင်ခြင်းမရှိသည့် အခြားအခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေဘဲပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (က)၊ပုဒ်မ ၁၃၇ နှင့် ၁၃၈ တို့တွင် တားမြစ်ထားသည့် သို့မဟုတ် ပျက်ပြယ်သည့်ကိစ္စတစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ပြီး အကျိုးသက်ရောက်စေနိုင်သည့် အခြေအနေများကို သတ်မှတ်ဖော်ပြနိုင်သည်။

**တာဝန်များကို ဆက်လက်ဆောင်ရွက်ရခြင်း**

**အခြားတာဝန်များကို ဆက်လက်လိုက်နာဆောင်ရွက်ရခြင်း**

၁၄၀။ ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာမတည်ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အပိုင်း ၄ တွင် ပါရှိသော တာဝန်များအပါအဝင် ဤဥပဒေအရ ၎င်းတို့၏ တာဝန်သို့မဟုတ် ၎င်းတို့အား ပေးအပ်ထားသည့် တာဝန်တစ်ရပ်ရပ်ကို ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်အရ ခွင့်ပြုထားသည့် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက ဆုံးဖြတ်ချက်ချမှတ်၍ အတည်ပြုထားသည့် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ခွင့်ပြုထားသည့် အကြောင်းမျှဖြင့် ကင်းလွတ်ခွင့် မရှိစေရ။

**အပိုင်း (၄)**

**စီမံခန့်ခွဲခြင်းနှင့်အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်း၊ ပေါင်းနှံခြင်းနှင့်ကြွေးမြီတာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း**

**အခန်း (၁၆)**

**ကုမ္ပဏီရုံးခန်းနှင့် အမည်**

**မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်း**

၁၄၁။ (က) ကုမ္ပဏီတစ်ခုသည် ယင်းအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများအတွက် လိပ်မူပေးပို့နိုင်မည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတစ်ခု ရှိရမည်။

(ခ) ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာရှိ အဆောက်အအုံဥပစာတွင် လုပ်ငန်းဆောင်ရွက်ရန် မလိုအပ်။ သို့ရာတွင် အဆိုပါအဆောက်အအုံဥပစာတွင် ဝင်ရောက် နေထိုင်သူက ယင်းနေရာအား ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးကြောင်း သဘောတူညီချက်ကို ရယူထိန်းသိမ်းထားရမည်။ အဆိုပါသဘောတူညီချက်အား ပြန်လည်ရုပ်သိမ်းခဲ့လျှင် ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းအသစ်တစ်ခုကို ထပ်မံဖော်ပြရမည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မခွဲအရ လိုအပ်သော သဘောတူညီချက် အထောက်အထားကို ကုမ္ပဏီအား တင်ပြစေနိုင်သည်။

(ဂ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့် လျှောက်လွှာတွင် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအပြည့်အစုံကို အကြောင်းကြား ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အဆိုပါလိပ်စာတွင် အဆိုပြုပြောင်းလဲပြင်ဆင်မှု တစ်စုံတစ်ရာရှိခဲ့ပါက ထိုသို့ပြောင်းလဲပြင်ဆင်သည့်နေ့ မတိုင်မီ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ ပြောင်းလဲမှုများကို မှတ်တမ်းတင်ထားရှိရမည်။

(ဃ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းလိပ်စာသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် တာဝန်အတွက် ပြည့်စုံလုံလောက်သည်ဟု သတ်မှတ်ခြင်း မရှိစေရ။

(င) မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များပေါ်ပေါက်ကြောင်း ထင်မြင်ခဲ့လျှင် နိုင်ငံအတွင်းနေထိုင်သည့် ဒါရိုက်တာတစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာကို အဆိုပါဒါရိုက်တာ၏ လိပ်စာဖြင့် ပြောင်းလဲသတ်မှတ်လိုကြောင်း အသိပေးနိုင်သည်-

(၁) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံဥပစာတွင် တည်ရှိခဲ့သော်လည်း ထိုအဆောက်အအုံဥပစာတွင် ကုမ္ပဏီက ဆက်လက်လုပ်ငန်းဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ်

(၂) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံဥပစာတွင် လုပ်ငန်းဆောင်ရွက်ခြင်းမရှိလျှင် ထိုအဆောက်အအုံဥပစာတွင်ဝင်ရောက်နေထိုင်သူက ယင်းဥပစာအား ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးရန် သဘောတူညီခြင်း မရှိလျှင် သို့မဟုတ် ပြန်လည်ရုပ်သိမ်းလျှင် သို့မဟုတ် ၎င်းအနေဖြင့် ယင်းဥပစာတွင် ဆက်လက်နေထိုင်ခြင်း မရှိလျှင် အဆိုပါအကြောင်းကြားစာအား ထုတ်ပြန်သည့် နေ့မှ ၂၈ ရက်အတွင်း ကုမ္ပဏီသည် ရုံးခန်းလိပ်စာအသစ်ကို သတ်မှတ်ဖော်ပြနိုင်ခြင်း မရှိပါက မှတ်ပုံတင်အရာရှိသည် အထက်ပါလိပ်စာကို မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။

၁၄၂။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၄၁ အရ သတ်မှတ်ထားသည့်အချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်လေးသိန်းကို ပေးဆောင်ရမည်။

**တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၏အမည်ကို ဖော်ပြရခြင်း**

၁၄၃။ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီအားလုံးသည် -

(က) ယင်း၏အမည်အား မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတွင်လည်းကောင်း၊ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်သည့်ရုံးခန်း သို့မဟုတ် နေရာအားလုံးတို့တွင် လည်းကောင်း မြင်သာသည့်နေရာ၌ မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းစွာ ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီ၏ရုံးတံဆိပ်ရှိခဲ့လျှင် ယင်းရုံးတံဆိပ်တွင် ၎င်း၏အမည်အား ရှင်းလင်းလွယ်ကူသည့် စာလုံးများဖြင့် ဖော်ပြပါရှိစေရမည်။

(ဂ) အောက်ပါကိစ္စရပ်များအားလုံးတွင် ယင်း၏အမည်အား မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လွယ်ကူစွာ ဖတ်ရှုနိုင်စေရန် ဖော်ပြရမည်-

(၁) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း စာဖြင့်ရေးသားပေးပို့သည့် ဆက်သွယ်ဆောင်ရွက်မှုများနှင့်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သည့် သို့မဟုတ် လက်မှတ်ရေးထိုးပြီး ကုမ္ပဏီအတွက် ဥပဒေအရတာဝန်ရှိမှုတစ်ရပ်ရပ်ကိုဖြစ်စေသည့် စာရွက်စာတမ်းများ။

*(ဆက်လက်ဖော်ပြပါမည်)*

# နှလုံးအစားထိုးကုသရန် နှလုံးများများရရှိနိုင်သည့် ရောဂါဖြစ်နေသောအင်္ဂါများကို သုံးခြင်း

**ဝင်းသစ် (F.N.I)**

အသက် ၅၈ နှစ်အရွယ် Tom GiangiulioJr သည် နှလုံးအစားထိုးကုသရန်အတွက် နိုင်ငံလုံးဆိုင်ရာ စောင့်ဆိုင်းနေရသောစာရင်း၌ ပါရှိခဲ့သည်မှာ နှစ်နှစ် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ သူသည် နှလုံးကြွက်သားများကို အားပျော့စေသော Cardiomyopathy ရောဂါကို ခံစားနေရသဖြင့် သက်ဆိုင်ရာ ဆေးဝါးကုသမှုအပြင် ခွဲစိတ်မှုများကိုပါ ပြုလုပ်ခဲ့သော်လည်း သူ၏ဆရာဝန်များက ၎င်းတို့အနေဖြင့် ထို့ထက်ပိုမိုဆောင်ရွက်ပေး၍ မရတော့ကြောင်း သူ့အား ပြောကြားထားခဲ့၏။ သူ့အနေဖြင့် နှလုံးအသစ်တစ်လုံးရရှိရန် စောင့်စားနေရမည်ပင်။ နှလုံးအစားထိုးကုသရန် စောင့်ဆိုင်းနေစဉ်အတွင်း တစ်ရက်လျှင် အယောက် ၂၀ သေဆုံးနေသော အမေရိကန်တစ်ယောက် မဖြစ်လာရန်သာ သူက မျှော်လင့်နေရသည်။

"ခင်ဗျားမနက်တိုင်း အိပ်ရာကထလာပြီး ညကျရင်အိပ်ဖို့ ခင်ဗျားရှိဦးမလားလို့ ထင်နေရတယ်"ဟု နယူးဂျာစီပြည်နယ် Waterford Works ၌ နေထိုင်သော Giangiulio က ပြောဆိုသည်။ သူကဆက်ပြောသေးသည်။

"ဒါက အခြားတစ်ဖက်မှာ အလင်းရောင်မရှိတဲ့ ဥမင်လိုဏ်ခေါင်းထဲကို ကြည့်နေရတာနဲ့တူတယ်"

**ကျန်းမာရေးစမ်းသပ်မှု**

Philadelphia ရှိ Penn Medicine ဆေးရုံတွင် ဆရာဝန်များက သူ့အား ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော (unconventional) အဆိုတစ်ခုကို ကမ်းလှမ်းခဲ့သည်။ "နှလုံးအသစ်တစ်ခုတော့ မြန်မြန်ရနိုင်တယ်၊ ဒါပေမယ့် ခင်ဗျားကိုယ်ထဲကို ကြောက်စရာကောင်းတဲ့ hepatitis C ပိုးတွေ ခဏဖြစ်ဖြစ် ထည့်ပေးလိမ့်မယ်၊ အဲဒီကျန်းမာရေးစမ်းသပ်မှုမှာ ခင်ဗျားပါချင်ရင် ပါလို့ရတယ်"ဟု ကမ်းလှမ်းခဲ့သည်။

**လှူဒါန်းရသော အလှူခံနှလုံး** 

နှစ်စဉ် အမေရိကန်ပြည်ထောင်စုတွင် အင်္ဂါများ(organs)သို့ သွေးကြောများမှတစ်ဆင့် ရောဂါကူးစက်မှုကြောင့် လှူဒါန်းရသော အလှူခံနှလုံး(donor heart) တစ်ထောင်ခန့်ရှိသည်။ သို့ရာတွင် ရောဂါကို ယခု ကုသနိုင်ပြီဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း hepatitis C ရောဂါကို ကုသရန်အတွက် အလွန်အစွမ်းထက်သည့် ဆေးအသစ်အများအပြားကို နိုင်ငံတော်က ခွင့်ပြုပြီးဖြစ်ရာ ယခုအချိန်အထိ ထိုဆေးများက hepatitis C ရောဂါကို ၉၈ ရာခိုင်နှုန်းအထိ ပျောက်ကင်းအောင် ကုသနိုင်ကြောင်း ပြသခဲ့ပြီးဖြစ်သည်။

"အခု hepatitis C ရောဂါကို ကုသလို့ရနေပြီဖြစ်တော့ ကျွန်မတို့က အဲဒီအင်္ဂါတွေကို သုံးတဲ့နေရာမှာ အသေအပျောက်များလာမှာကို စိုးရိမ်စရာ မရှိတော့ဘူး၊ ဒီအချက်က အလှူခံနှလုံးအရေအတွက်ကို တိုးတက်စေမယ့် အခွင့်အရေးပဲ"ဟု Penn Medicine ဆေးရုံမှ နှလုံးအစားထိုးကုသမှုအစီအစဉ်၏ ဆေးဝါးကုသမှု ဒါရိုက်တာ Dr.Rhondalyn Mclean က ပြောဆိုသည်။

**ရောဂါရှိသော အလှူခံနှလုံး**

မူးယစ်ဆေးဝါးကပ်ဘေးကြောင့် လူအမြောက်အများ သေဆုံးခဲ့ရာ မကြာသေးသည့် နှစ်များအတွင်း hepatitis C ရောဂါရှိသော အလှူခံနှလုံးများ များစွာရှိနိုင်သည်။ ၂၀၁၀-၂၀၁၅ နှစ်များအတွင်း hepatitis C ရောဂါဖြစ်ပွားမှုမှာ သုံးဆနီးပါး တိုးမြင့်လာရာ ပညာရှင်များက ယင်းကဲ့သို့ တိုးမြင့်လာရခြင်းမှာ မူးယစ်ဆေးဝါးကို ဆေးထိုးသုံးစွဲမှု တိုးမြင့်လာခြင်းကြောင့်ဟု ဆိုကြသည်။

"ငယ်ရွယ်ကျန်းမာသူတွေဟာ မူးယစ်ဆေးဝါး အရမ်းသုံးကြလို့ သေဆုံးကြတယ်၊ အဲဒါကြောင့် အလှူခံနှလုံး များများရနိုင်တယ်"ဟု ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ် Perelman ဆေးကျောင်း၊ ဆေးဝါးနှင့် ကူးစက်ရောဂါပျံ့ပွားခြင်း ကာကွယ်မှုဌာန၏ လက်ထောက်ပါမောက္ခနှင့် စမ်းသပ်မှု၏ ပူးတွဲခေါင်းဆောင်ဖြစ်သူ ဒေါက်တာ David Goldberg က ပြောဆိုသည်။

**စတင်စမ်းသပ်**

စူးစမ်းစမ်းသပ်နေသောအင်္ဂါမှာ နှလုံး တစ်မျိုးတည်း မဟုတ်ပေ။ ၂၀၁၆ ခုနှစ် နွေဦးတွင် လူနာများသို့ hepatitis C ရောဂါဖြစ်နေသော နှလုံးများကို ထည့်သွင်းပေးရာတွင် အန္တရာယ်ကင်း/မကင်းနှင့် ထိရောက်မှု ရှိ/မရှိကို Penn Medicine ဆေးရုံ၌ စတင်စမ်းသပ်သည်။ ထိုစမ်းသပ်မှုအတွက် hepatitis C ရောဂါကို ကုသသည့်ဆေး Zepatier ကို ထုတ်လုပ်သော Merck ဆေးကုမ္ပဏီက ငွေကြေးအချို့ထောက်ပံ့သည်။

ခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် စမ်းသပ်ခံ ပုဂ္ဂိုလ်များမှာ သူတို့၏သွေးထဲတွင် ရောဂါပိုးပေါ်လာသည်အထိ ဆေးရုံ၌ ရက်အနည်းငယ် စောင့်ဆိုင်းရသည်။ ထို့နောက် Zepatier ဆေးကို ၁၂ ပတ်ကြာ စားရသည်။ နှလုံးအစားထိုးရရှိသူမှာ အယောက် ၃၀ ပင်မပြည့်ပေ။ သို့သော် ဆေးကို ရက်အပြည့်စားသုံးသူအားလုံးမှာ ရောဂါပိုးလုံးဝကင်းစင်သွားသည်။ ရောဂါရှိသောနှလုံးအစားထိုးခြင်းဖြင့် ထိုကဲ့သို့ရလဒ်များ ရရှိလိမ့်မည်ဟု ဆရာဝန်များက မျှော်လင့်ကြသည်။ သို့ရာတွင် အာမခံချက်တော့ ပေးနိုင်မည်မဟုတ်ပေ။ "ကျွန်တော်တို့က တစ်ယောက်ယောက်ကို အင်မတန်ကြောက်စရာကောင်းတဲ့ ရောဂါပိုးတွေ ပေးနေတယ်"ဟု ဒေါက်တာ Goldberg က ဆို၏။

**နှလုံးအစားထိုးကုသ**

ကျောက်ကပ်အစားထိုး စမ်းသပ်မှုများကို မလုပ်ဆောင်မီတွင်ပင် အစမ်းသပ်ခံသူများအနေဖြင့် သူတို့ရရှိမည့် ရောဂါများကို ကုသ၍ မရ ဖြစ်ကောင်းဖြစ်နိုင်သည်ကို ကောင်းစွာ သဘောပေါက်ရမည်ဖြစ်သည်။ သူ့ဇနီး၊ သူ့ဆရာဝန်များနှင့် အသေအချာ ဆွေးနွေးတိုင်ပင်ပြီးနောက် Giangiulio သည် hepatitis C ရောဂါ ကူးစက်နေသော နှလုံးတစ်ခု အစားထိုးရန်အတွက် စမ်းသပ်မှု၌ ပါဝင်လာသည့် ဧဝဆော်ဦးပုဂ္ဂိုလ် ဖြစ်လာသည်။ သုံးလခန့် စောင့်ဆိုင်းရပြီးနောက် သူနှင့်အပ်စပ်သော နှလုံးတစ်ခု ရရှိလာသဖြင့် နှလုံးအစားထိုးကုသမှုကို ၂၀၁၇ ဇွန်လ ၁၈ ရက်တွင် ပြုလုပ်ခဲ့၏။ "ဒီအစီအစဉ်က ကျွန်တော့်အသက်ကို ကယ်လိုက်တာပဲ"ဟု သူကပြောဆိုသည်။

အလှူခံနှလုံး စောင့်ဆိုင်းသူများစာရင်းသို့ ၂၀၁၆ ခုနှစ်တွင် လူ ၄၃၄၄ ဦး တိုးလာသည်။ ၎င်းတို့အနက် ၃၁၉၁ ဦးသာ နှလုံးတစ်ခုစီ ရရှိခဲ့သည်။ hepatitis C ရောဂါဖြစ်နေသော အင်္ဂါများကို အသုံးပြုခြင်းအားဖြင့် ထိုကွာဟချက်ကို များစွာ လျော့နည်းကျဉ်းမြောင်းသွားစေနိုင်သည်ဟု Penn Medicine ဆေးရုံမှ ဆရာဝန်များက ထောက်ပြကြသည်။ အခြားဆေးရုံအများအပြားကလည်း အလားတူ စမ်းသပ်မှုများကို ပြုလုပ်နေကြသည်။

လူနာအများကလည်း ခွဲစိတ်ကုသရန် စိတ်သန်နေကြသည်။ hepatitis C ရောဂါရှိသော ကျောက်ကပ်တစ်ခုကို အစားထိုးလက်ခံထားသည့် အသက် ၆၄ နှစ်ရှိသူ Kiran Shelat က "တစ်ခါတလေ စွန့်စားရမှာပေါ့"ဟု ပြောဆိုသည်။

နှလုံးခွဲစိတ်ကုသမှု ခံယူပြီးနောက် ပြန်လည်ကျန်းမာလန်းဆန်းလာရန်အတွက် အချိန်ယူရပေသည်။ သို့သော် ယခုဆိုလျှင် Giangiulio မှာ လွယ်လွယ်ကူကူ အသက်ရှူနိုင်ပြီး ကာယလုပ်ရှားမှုအချို့ကိုလည်း ပြုလုပ်နိုင်ပြီဖြစ်သည်။ "ဒါကိုလုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့နေရာမှာ ကျွန်တော်လုံးလုံးမကြောက်ခဲ့၊ မစိုးရိမ်ခဲ့ဘူး၊ အဲဒီစမ်းသပ်မှုက ကျွန်တော့်အသက်ကို ကယ်သလို နှစ်စဉ်အသက်ပေါင်းများစွာကိုလည်း ကယ်နိုင်တယ်"ဟု သူက ထောက်ခံပြောဆိုထားလေသည်။ ။



**"သက်ဆိုင်ရာ ဆေးဝါးကုသမှုအပြင် ခွဲစိတ်မှုများကိုပါ ပြုလုပ်ခဲ့သော်လည်း သူ၏ဆရာဝန်များက ၎င်းတို့အနေဖြင့် ထို့ထက်ပိုမိုဆောင်ရွက်ပေး၍ မရတော့ကြောင်း သူ့အား ပြောကြားထားခဲ့၏။ သူ့အနေဖြင့် နှလုံးအသစ်တစ်လုံးရရှိရန် စောင့်စားနေရမည်ပင်။ နှလုံးအစားထိုးကုသရန် စောင့်ဆိုင်းနေစဉ်အတွင်း တစ်ရက်လျှင် အယောက် ၂၀ သေဆုံးနေသော အမေရိကန်တစ်ယောက် မဖြစ်လာရန်သာ သူက မျှော်လင့်နေရသည်။ "ခင်ဗျားမနက်တိုင်း အိပ်ရာကထလာပြီး ညကျရင် အိပ်ဖို့ ခင်ဗျားရှိဦးမလားလို့ ထင်နေရတယ်"ဟု နယူးဂျာစီပြည်နယ် Waterford Works ၌ နေထိုင်သော Giangiulio က ပြောဆိုသည်"**

**အမေရိကန်ပြည်ထောင်စုမှ နှလုံးအစားထိုးကုသခြင်းဆိုင်ရာ အချက်အလက်များ**

| | |
|---|---|
| နှလုံးအစားထိုးကုသရန် စောင့်ဆိုင်းနေသူများ | ၃၉၉၁ ဦး |
| ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် နှလုံးအစားထိုး ကုသမှုများ | ၃၁၉၁ ဦး |
| နှလုံးအစားထိုးကုသရန် စောင့်ဆိုင်းရသည့် ပျမ်းမျှရက်ပေါင်း | ၃၁၂ ရက် |

## မျက်မမြင်များ၏အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**ရေဦး ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းက ကြီးမှူး၍ မျက်မမြင်များ၏ဘဝကို မြှင့်တင်ပေးနိုင်ရန်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူအခွင့်အရေး ရရှိစေရန် ရည်ရွယ်လျက် မျက်မမြင်များ၏ အခွင့်အရေးဆိုင်ရာများ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မဲအိုးကျေးရွာရှိ ဉာဏရောင်ခြည် မျက်မမြင်ပညာသင်ကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ ရေဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ ရပ်မိရပ်ဖများ၊ မျက်မမြင် ကျောင်းသားများ တက်ရောက်ကြပြီး ရေဦးမြို့နယ် ဉာဏရောင်ခြည် မျက်မမြင်ကျောင်းမှ အတွင်းရေးမှူး ဦးဇော်ရဲနိုင်က လက်ရှိ မျက်မမြင်ကျောင်း၏ ရပ်တည်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မျက်မမြင်ကျောင်းမှ ကွန်ပျူတာနည်းပြဆရာ ဦးပြည့်ဖြိုးနိုင်က အမြင်အာရုံ မသန်စွမ်းသူများ၏ သဘောသဘာဝများနှင့် ပညာရပ်အလိုက် သင်ကြားရာတွင် တွေ့ကြုံနေကြရသည့် အခက်အခဲများ၊ စာမေးပွဲဖြေဆိုရာ၌ လိုအပ်ချက်များ၊ မျက်မမြင်များ အလွယ်တကူဖတ်နိုင်စေမည့် စာထုတ်စက်ချထားပေးရန်နှင့် ထူးချွန်မျက်မမြင်ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါးနေခြင်း စသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ရေဦးမြို့နယ် ဉာဏရောင်ခြည် မျက်မမြင်သင်တန်းကျောင်း တာဝန်ခံနှင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မျက်မမြင်သူများ၏ အခွင့်အရေးဖြစ်သည့် ဘဝရပ်တည်နေမှုပုံစံ၊ သင်ကြားရေးပုံစံ၊ စာမေးပွဲ အလွယ်တကူဖြေဆိုနိုင်ရေး၊ လိုအပ်နေသော သင်ထောက်ကူပစ္စည်းများရရှိနိုင်မည့်အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မည့် အခြေအနေ၊ ဥပဒေအရ တန်းတူအခွင့် အရေးရရှိစေရေး စသည့်ချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **သန်းထိုက်(ရေဦး)**

## တရုတ်ဈေးကွက်ထက် ပြည်တွင်းလက်လီရောင်းချခြင်းက ဖရဲစိုက်တောင်သူများအတွက် တွက်ခြေကိုက်နေ

**ရေတာရှည် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဖရဲစိုက်တောင်သူများအနေဖြင့် ယခင်က တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရာ၌ ဈေးကောင်းရရှိခဲ့သော်လည်း လက်ရှိအချိန်တွင် မူဆယ်ဈေးကွက်၌ ဈေးနှုန်း ကျဆင်းမှုများရှိနေ၍ ပြည်တွင်းလက်လီရောင်းချခြင်းက ကုန်ကျစရိတ်သက်သာပြီး တရုတ်သို့တင်ပို့သည်ထက် ဈေးနှုန်းပိုမိုရရှိနေကြောင်း ကွင်းကြီးကျေးရွာအုပ်စုရှိ ဖရဲစိုက်တောင်သူများထံမှ သိရသည်။

အမတ်ကြီးကျေးရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက "အစောပေါ်တဲ့သူတွေက မူဆယ်ဈေးကွက်မှာ ၅၀၀၀ ကျော် ရောင်းချခဲ့ရလို့ ဈေးကွက်ကောင်းတယ်လို့ ပြောလို့ရပါတယ်၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ခရီးလမ်းအကွာအဝေးကြောင့် ဖရဲသီးတွေက လတ်ဆတ်မှုမရှိတာရယ်၊ စံချိန်စံညွှန်းမမီတာတွေရယ်ကြောင့် တရုတ်ဝယ်လက်တွေဘက်က ဈေးနှိမ်တာတွေရှိတယ်၊ ဟိုမှာ အခု တစ်လုံးကို ၁၄၀၀ ကျပ်နှုန်းပဲ ရောင်းရတယ်၊ ဒီမှာ တစ်လုံးကို ၁၅၀၀၊ ၂၀၀၀ ရောင်းရတယ်၊ တစ်ပြိုင်တည်း ကုန်သွားတာထက် အကုန်အကျသက်သက်သာသာနဲ့ အချိန်ပေးပြီးရောင်းရတာပဲ ကွာတော့ ဒီမှာပဲ ရောင်းကြတာများတယ်"ဟု ပြောသည်။



ယခုနှစ်တွင် ပဲဈေးကွက်အေးနေခြင်းကြောင့် ဒေသအတော်များများ၌ ဖရဲစိုက်ပျိုးသူ များပြားခဲ့သည့်အလျောက် အကျိုးအမြတ်ခံစားရမှုအတွက် မိမိတို့စိုက်ပျိုးသည့် သီးနှံများသည် စံချိန်စံညွှန်းမီရန် အရေးကြီးလာကြောင်း တောင်သူအချို့က သုံးသပ်ပြောကြားသည်။ မြေတစ်ဧကတွင် ဖရဲပင်အရေအတွက် ၁၁၀၀ နှင့် ၁၂၀၀ အကြား စိုက်ပျိုးသည့်အခါ ဈေးကွက်ဝင်သည့်အလုံးရေ ၇၀၀ နှင့် ၈၀၀ အကြားရရှိပြီး ခြောက်ဘီးကုန်တင်ယာဉ် တစ်ခေါက်စာ ရရှိနိုင်မည်ဖြစ်သည်။

မူဆယ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသည့် ဖရဲသီးများကို ဒေသတွင်းရှိ ဈေးများ၊ ရထား၊ ကားဂိတ်များနှင့် ရန်ကုန်- မန္တလေး ကားလမ်းတစ်လျှောက်တွင် တောင်သူများက လက်လီ ပြန်လည်ရောင်းချနေကြခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# စာရေးဆရာမကြီး ကြည်အေး၏ "မီ" ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပုံဖော်ရိုက်ကူး



**စာရေးဆရာမကြီးကြည်အေး၏ မီဝတ္ထုကို အကောင်းဆုံးထပ်တူကျစေရန် ပိုင်ဖြိုးသုကြိုးပမ်း**

မီဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် သရုပ်ဆောင် ပိုင်ဖြိုးသု၏ ရုပ်ရှင်ထုတ်လုပ်ရေးဖြစ်သည့် Victoria ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ရိုက်ကူးခြင်းဖြစ်ပြီး ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးပုံဖော်ခြင်းဟု သိရသည်။

အဆိုပါဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာဏကြီးမှ ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင်များအဖြစ် နေတိုး၊ သားညီ၊ ရဲအောင်၊ မင်းဦး၊ အောင်ရဲထိုက်၊ ပိုင်ဖြိုးသုနှင့်အတူ တခြားအနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်သည်။

ဒါရိုက်တာ ဏကြီးက "ဒါကို စရိုက်မယ် ဆိုကတည်းက တာဝန်အလွန်ကြီးပါတယ်၊ ကျွန်တော့်ဘက်ကတော့ အကောင်းဆုံး ပြင်ဆင်ထားတယ်၊ အဝတ်အစားတွေ၊ လိုကေးရှင်းတွေကအစ သေချာစီစဉ်ထားတယ်၊ ကျွန်တော့်ကို ကျွန်တော်ယုံတယ်၊ စာရေးဆရာမ ကြည်အေးရဲ့ မီကို အတတ်နိုင်ဆုံး အတူဆုံးဖြစ်အောင် ရိုက်ကူးဖို့ ကြိုးစားနေပါတယ်"ဟု ပြောသည်။

ယင်းဝတ္ထုသည် စစ်ပြီးကာလခေတ်ကို အခြေခံထားသည့် ဝတ္ထုဖြစ်သည့်အတွက် ဇာတ်ကားအတွက် လိုအပ်သည့် အဝတ်အစားများကိုလည်း Victoria ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထားပြီး Hair & Make Up အတွက် မိတ်ကပ် မေဦး (Magic) Team မှ တာဝန်ယူ လုပ်ဆောင်ပေးသွားမည် ဖြစ်သည်။

**"မီ" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်ခြင်းနှင့်ပတ်သက်ပြီး သရုပ်ဆောင် ပိုင်ဖြိုးသုက**

"နဝမတန်းကျောင်းသူကတည်းက ဆရာမကြီး ကြည်အေးရဲ့ဝတ္ထုတွေကို ဖတ်ခဲ့တယ်၊ ဆရာမကြီး ကြည်အေး စာအုပ်တွေဖတ်ပြီး သူ့ရဲ့ဝတ္ထုတွေမှာ သူ့ဇာတ်ကောင်စရိုက်တွေကို လိုက်ခံစားလာခဲ့တယ်၊ "မီ"ဝတ္ထုကို ဖတ်ချိန်မှာလည်း "မီ" လမင်းကြီးကို ကြည့်ပြီး အလွန်ကြောက်တယ်ဆိုတဲ့အခန်းမှာ စိတ်ထဲမှာလေ "မီ"ရဲ့ အီမိုးရှင်းတွေအကုန်လုံးကို ခံစားလိုက်ရတယ်၊ သူနဲ့ထပ်တူကိုပဲ ခံစားလိုက်ရတယ်၊ "မီ" နေရာမှာနေကြည့်ပြီး မီပုံစံကို အလွန်သရုပ်ဖော်ချင်တယ်၊ အဲ့ဒါနဲ့ ကိုဏကြီးကို သုသုဒီဇာတ်လေးရိုက်ချင်တယ်ရိုက်ပေးမလားလို့ပြောတော့ သူလည်းရိုက်ပေးမယ်ဆိုပြီး ဇာတ်ညွှန်းဖတ်တဲ့အခါ တိုက်ဆိုင်တာက သူလည်းသုသုကြိုက်တဲ့ လမင်းကြီးကိုကြည့်ပြီး ကြောက်လိုက်တာဆိုတဲ့နေရာကို သူလည်းကြိုက်တယ်၊ အဲ့ဒီနေရာလေးနဲ့တင် ရိုက်ချင်တယ်လို့ ပြောပါတယ်၊ နှစ်ယောက်ဆုံးဖြတ်ပြီးတာနဲ့ မေမေ့ကို ခွင့်တောင်းတာပေါ့၊ သုအဲ့ဒီဇာတ်လေး ရိုက်ချင်တယ်ပေါ့၊ မေမေကလည်း ခွင့်ပြုတဲ့အတွက် မေမေ့ကို အထူးကျေးဇူးတင်ပါတယ်၊ မေမေကသုကို ဆရာဝန်အဖြစ် ရုပ်တည်စေချင်တယ်၊ ဒါပေမယ့် သုက ဒီ Actor နဲ့ ရူးသွပ်မှန်းသိတဲ့အခါ သူဖြစ်စေချင်တာ မဟုတ်ပေမယ့် အမြဲတမ်း ပံ့ပိုးပေးတယ်၊ အခုခေတ်မှာ ဒီလိုဇာတ်မျိုး ရိုက်ရတာ အရမ်းအန္တရာယ်ကြီးတယ်၊ ဝတ္ထုကို မမီမှာ ကြောက်ရတယ်၊ ပရိသတ်က အေးလို့ အီလို့ လက်မခံမှာ ကြောက်ရတာတွေပေါ့၊ အဲ့ဒီလို အမျိုးမျိုးကြောက်ရတာများတဲ့ကြားကနေ သုကို မေမေက လိုက်လျောပေးတယ်၊ ဆရာဦးဝင်းငြိမ်း ကိုပြောပြီး ဝတ္ထုရအောင်ဝယ်ပေးခဲ့တယ်၊ အခုဆိုစပြီးတော့ ဝတ်စုံတွေအတွက်ရော၊ မိတ်ကပ်အတွက်ပါ အားလုံး လုပ်ပေးထားတယ်၊ အဘက်ဘက်က အကုန်လိုက်စဉ်းစားပြီး ခန္ဓာကိုယ်ထဲမှာရှိတဲ့ Energy တွေထုတ်ပြီး အကုန်သုံးထားတယ်၊ ခန္ဓာကိုယ် ထဲမှာရှိတဲ့စိတ်တွေအကုန်လုံးကို မီစိတ်နဲ့ပဲနေချင်တယ်၊ ကိုယ်မကြိုက်တဲ့ အရာတွေအားလုံးကို မီကြိုက်ရင် လိုက်ကြိုက်နိုင်အောင် ကြိုးစားတယ်၊ ပိုင်ဖြိုးသုဆိုတာ မဖြစ်ချင်ပါဘူး၊ မီပဲဖြစ်အောင် ကြိုးစားတယ်၊ အဲ့ဒါကြောင့် ခန္ဓာကိုယ် ထဲမှာရှိတဲ့ စိတ်စွမ်းအား အကုန်လုံးနှစ်ပြီးကြိုးစားပါ့မယ်၊ သုသုကြိုးစားသလို ပရိသတ်က အားပေးတာလေးလည်း လိုချင်မိပါတယ်" ဟု ပြောခဲ့သည်။

**ကိုလင်း**



# တစ်နှစ်မှာ တစ်ပွဲသာပြုလုပ်မည့်
## နိုင်ငံကျော် သရုပ်ဆောင်များ ပါဝင်သည့် "တော်ဝင်နှစ်သစ် နှင်းဆီအငြိမ့်"

ရန်ကုန်မြို့ပြည်လမ်းမကြီး နားတွင် ဖွင့်လှစ်ထားသော တော်ဝင်ဂါးဒင်းဟိုတယ်၏ နှစ်သစ်အကြို အမှတ်တရအဖြစ် ကျင်းပမည့် "တော်ဝင်နှစ်သစ်နှင်းဆီ" အငြိမ့် စာနယ်ဇင်း မိတ်ဆက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

"ကျွန်တော်တို့ နှင်းဆီကို တစ်နှစ်မှာတစ်ပွဲ ပုံမှန်ကဖြစ်ကြပါတယ်၊ ဒီနှစ်မှာ ဘာလို့မကဖြစ်သလဲဆိုတော့ Rose Rider ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေတာကြောင့်ပါ၊ ပရိသတ်ကလည်း လွမ်းလှပြီ၊ မကတော့ဘူးလား၊ မကသေးဘူးလား တောင်းဆိုတဲ့အတွက် ကျွန်တော်တို့ က ဖြစ်ပါတယ်၊ တော်ဝင် မိသားစုကလည်း ကျွန်တော်တို့ရဲ့ မိသားစုလိုဖြစ်နေတော့ ဒီပွဲလေးကို တော်ဝင်ဟိုတယ်မှာလုပ်ဖြစ်တယ်၊ ကမယ့်အချိန်ကလည်း ဒီဇင်ဘာ ၃၀ ရက် နှစ်သစ်ကူးအကြိုနေ့ဆိုတော့ နာမည်ကို တော်ဝင်နှစ်သစ် နှင်းဆီလို့ နာမည်ပေးဖြစ်တာပါ၊ တိုက်တိုက် ဆိုင်ဆိုင်ပါပဲ၊ ကျွန်တော်မေ့နေတာလေး တစ်ခုရှိပါတယ်၊ ဒီနှစ်က နှင်းဆီသခင်စကခဲ့တဲ့ ၁၀နှစ်ပြည့်တဲ့ နှစ်လည်း ဖြစ်ပါတယ်၊ ဒါကြောင့် ပရိသတ်အတွက် ထူးထူးခြားခြားလေးအနေနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ပြောသည်။

အဆိုပါ အငြိမ့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး အငြိမ့်မင်းသမီးများအဖြစ် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ ဖူးစုံ၊ မေကဗျာ၊ မိုးယုစံတို့က ကပြမည်ဖြစ်ကာ လူရွှင်တော်များအနေဖြင့် ထပ်ဆင့်အကယ်ဒမီ နေတိုး၊ ကျော်ကျော်ဗိုလ်၊ မင်းမော်ကွန်း၊ ထွန်းထွန်းနှင့် ရဲလေးတို့က တေးသီချင်းအသစ်များ ရေးစပ်သီကုံးကာ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

**ကိုလင်း**

# ဟာသ သရုပ်ဆောင် စည်သူ (ပလပ်ကျွတ်)ကို
## ကိုပေါရုပ်ရှင်ဇာတ်ကားကြီးနှင့် သမန်းကျားမှ စင်တင်ရိုက်ကူး




သမန်းကျား ရုပ်ရှင်ထုတ်လုပ်ရေးမှ စည်သူ (ပလပ်ကျွတ်) အား ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးထားသော ကိုပေါ ရုပ်ရှင်ဇာတ်ကားကြီးသည် အဆိုတော် လွှမ်းမိုး အောင်မြင်ကျော်ကြားခဲ့သည့် တေးသီချင်းကို အခြေခံ၍ ရိုက်ကူးထားကြောင်း သိရသည်။

"ကိုပေါဆိုတာက လူတိုင်းသိနေတဲ့ဇာတ် ဖြစ်ပေမယ့် ဇာတ်ကိုပုံစံတွေ အကုန်ပြောင်းထားတယ်၊ ဇာတ်လမ်း၊ ဇာတ်အိမ်ကလည်း ထူးခြားပါတယ်၊ အမှန်တကယ် သီချင်းအတိုင်း သွားရင် မင်းသမီးက ဗီလိန်ဇာတ်ဖြစ်မယ်၊ မင်းသမီးကြောင့် ကောင်လေး သေရတာကို မဟုတ်ဘဲ ပြောင်းလဲထားတယ်၊ ဒီဇာတ်ကားမှာ သီချင်းဆိုလည်း နှစ်ပုဒ် မူရင်းနဲ့ ဗားရှင်းပြောင်း ထည့်ထားပါတယ်"ဟု သရုပ်ဆောင် စည်သူ (ပလပ်ကျွတ်) က ပြောသည်။

အဆိုပါ ဟာသဒရမ်မာ ဇာတ်လမ်းပုံစံ ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်း စိုးခန့်(ကြို့ပင်ကောက်)၊ တွဲဖက် ဒါရိုက်တာ မျိုးကိုကို ( ရွှေညာသားလေး)၊ ဒါရိုက်တာ နန္ဒကျော် (ရိုက်ချက်ပြင်းပြင်း) က မြင်းခြံ၊ တောင်သာနှင့် ထနောင်းကုန်းရွာ တို့တွင် ဇာတ်အိမ်တည် ရိုက်ကူးကာ သရုပ်ဆောင် စည်သူ (ပလပ်ကျွတ်)၊ စံရတီမိုးမြင့်၊ စူးရှ၊ အကယ်ဒမီ ခင်စိုးပိုင်၊ အကယ်ဒမီ ဝါဝါအောင်၊ ဝင်းမင်းသန်း၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ မတူး၊ စပ်စု၊ ဆင်မ၊ ဗေဒါ၊ စိုင်းအောင်တင့်၊ နှိုင်းယှဉ်မြင့်မိုရ် တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

"ကျွန်တော် ဒီဇာတ်ကားမှာ အမှတ်တရကတော့ စံရတီမိုးမြင့် ပါးရိုက်တဲ့အခန်းကတော့ တော်တော်လေး ထိသွားတယ်၊ တကယ်ရိုက်လို့ ထိသွားတယ်၊ ဒီအိုက်တင်ကတော့ ဘယ်တော့မှလည်းရမှာ မဟုတ်ပါဘူး၊ တကယ် ရိုက်လိုက်တော့ တကယ်အံ့သြသွားတဲ့ အမူအရာတွေ ဖြစ်သွားတယ်၊ နောက်တစ်ခုကတော့ ဒီဇာတ်ကားရိုက်ကူးချိန်မှာ မုန်တိုင်းရှိလို့ ရိုက်ကူးရမယ့် ရွာမရောက်သေးဘဲ လယ်ကွင်းထဲမှာ အနုပညာမောင်နှမတွေ နေခဲ့ရတာကတော့ အမှတ်တရပါပဲ၊ ထွန်စက်ကြီးနဲ့ ကိုယ်တွေတည်းခိုရမယ့် ဘုန်းကြီးကျောင်းကို သွားရတာလည်း အမှတ်တရတွေပါပဲ"ဟု ၎င်းက ထပ်မံပြောသည်။

**ကိုလင်း**

# မြန်မာ ရုပ်ရှင်ဂန္ထဝင် တေးသီချင်းများကို တယောတူရိယာနှင့် ဖန်တီးတင်ဆက်

တေးရေးဆရာရွှေပြည်အေး၏ မြန်မာ့ဂန္ထဝင် ရုပ်ရှင်တေးသီချင်းများကို စုစည်း၍ တယောပညာရှင် ဇော်မျိုးအောင်မှ တယောပညာဖြင့် ဖန်တီး တီးခတ်ထားသော "တယောကွဲလေးတစ်လက်"ဟု အမည်ပေးထားသည့် တေးစီးရီးခွေကို မူပိုင်အဖြစ် ဂီတကဗျာမှ စီစဉ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် MMN မှ ဖြန့်ချိသွားမည်ဟု သိရသည်။



"ဒီခွေထုတ်ရတဲ့ အဓိကအကြောင်းအရာက ကျွန်တော် ဒီပညာနဲ့ အသက်မွေးခဲ့တယ်၊ ကိုယ်တိုင်ကြိုက်နှစ်သက်လွန်းလို့ပါ၊ ဒီအခွေလေး ဖန်တီးရတာကတော့ စီးပွားရေးအရလုပ်တာတော့ မဟုတ်ပါဘူး၊ ပျောက်ကွယ်လု နီးပါးဖြစ်ခဲ့တဲ့ မြန်မာသံစဉ်တွေကို ဖော်ညွှန်းချင်တာလည်း ပါပါတယ်၊ ကျွန်တော်တို့ တယောပညာဆိုတာကလည်း စစ်ကြိုခေတ်လောက်ကစပြီးတီးတဲ့ တူရိယာတစ်ခုပါ၊ ဆရာ ဦးတင်ရီရဲ့ သားတပည့်ဆိုလည်း မမှားပါဘူး၊ ကျွန်တော်တို့ အနုပညာသမားဆိုတာ ချမ်းသာတဲ့သူဆိုတာ မရှိသလောက်၊ စီးပွားဖြစ်အနေနဲ့ဆိုပြီး ဒီအလုပ်ကလုပ်စားဖို့ဆိုတာ မလွယ်ကူလှပါဘူး၊ ကျွန်တော်တို့ကိုယ်တိုင်က ကြိုက်နှစ်သက်တာကြောင့် လုပ်တာပါ၊ ကျွန်တော် ဆရာတစ်ယောက်ပြောတာ ကြားဖူးပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ ညီညွတ်ခြင်းဆိုတာ ဘောလုံးတစ်သင်းကို ဥပမာပြုလို့ရပါတယ်၊ တယောအော်ဂက်စတာ တီးဝိုင်းကို ကြည့်လို့ရပါတယ်၊ ဒါဆို ကျွန်တော်တို့ နိုင်ငံနဲ့ တခြားနိုင်ငံကို နှိုင်းယှဉ်လို့ရပါတယ်" ဟု ဇော်မျိုးအောင်က ဆိုသည် ။

အဆိုပါတေးစီးရီးတွင် တယောတူရိယာကိုသာ အဓိကထား ဖန်တီးထားသော စီးရီးဖြစ်ပြီး တေးသီချင်း ကိုးပုဒ်ပါဝင်ကာ တေးသီချင်းများမှာ တေးရေး ဆရာ မောင်မောင်လတ်၏ တိမ်တမာန်၊ ဂီတလုလင်ဦးကိုကို၏ မှုံရွှေရည်၊ ယိုးဒယားပန်းချီဝန်ဦးထောင်ဘို၏ ဆန်းနွေဦး၊ မြို့မငြိမ်း၏ မပြီးသေးသော ပန်းချီကား၊ သောတမောင်၏ ဆောင်းအမီ၊ စန္ဒရားလုထွင်၏ ဆောင်းရယ်နှင်းရယ် ချစ်သူရယ်၊ ပန်းတွေနဲ့ ဝေ၊ ရွှေပြည်အေး၏ ရွှေဖိုးခေါင်နှင့် မောင်တို့ချယ်ရီမြေ စသော တေးရေးဆရာများ ၏ တေးလက်ရာများပါဝင်ပြီး Violin Strings Orchestra ပုံစံဖြင့် ပြန်လည်ဆန်းသစ်ထားကာ Music Arrangement ကို ထပ်ဆင့် အကယ်ဒမီ ဓိရာမိုရ်က ဖန်တီးထား ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Star Wars: The Last Jedi ရုပ်ရှင်ဇာတ်ကားစတင်ရုံတင်သည့် သီတင်းပတ်တွင် ဒေါ်လာ သန်း ၄၅၀ ဝင်ငွေ ရရှိ



Star Wars ရုပ်ရှင်ဇာတ်ကားသစ်သည် စတင်ပြသသည့် သီတင်းပတ်၌ပင် တစ်ကမ္ဘာလုံးအနှံ့လက်မှတ်ရောင်းရငွေ ဒေါ်လာ သန်း၄၅၀ ရရှိခဲ့ကြောင်း သိရသည်။ အာကာသစိတ်ကူးယဉ် သိပ္ပံဇာတ်ကား ဖြစ်သည့် Star Wars ဇာတ်ကားများမှာ လူကြိုက်များ ကျော်ကြားပြီး အခုအခါ ရုစ်ကားမြောက်ရိုက်ကူးပြသခြင်း ဖြစ်သည်။ အမေရိကန်နှင့် ကနေဒါတို့၌ ရုံတင်ပြသရာတွင် ဝင်ငွေ ဒေါ်လာသန်း ၂၂၀ရရှိခဲ့သည်။ ၂၀၁၅ခုနှစ်က Star Wars : The Force Awakens ဇာတ်ကား အမေရိကန်မှာ စတင်ရုံတင်ပြသစဉ်ကလည်း ဒေါ်လာ ၂၄၈ သန်းဖြင့် စံချိန်ချိုးခဲ့သည်။ Star Wars:The Last Jedi ဇာတ်ကားတစ်ကမ္ဘာလုံးအနှံ့ရောင်းရငွေမှာ တတိယအများဆုံးဖြစ်ပြီး တရုတ်ပြည်ဈေးကွက်တွင် ပြသရခြင်းမရှိသေးကြောင်း ဒစ္စနေးလ်ကုမ္ပဏီက ပြောသည်။ တရုတ်ပြည်၌ ယင်းဇာတ်ကားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ပြသရန် စီစဉ်ထားသည်။ တရုတ်ပြည်၌ ဒုတိယအကြီးဆုံး ရုပ်ရှင်ဈေးကွက်ရှိရာနေရာလည်း ဖြစ်သည်။ ၂၀၁၅နှစ်က ထွက်ရှိခဲ့သည့် The Force Awakens ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော ဗြိတိန်သရုပ်ဆောင်များဖြစ်ကြသည့် Daisy Ridley နှင့် John Boyega တို့သည် ယခုဇာတ်ကားတွင်လည်း ပြန်လည်ပါဝင်လာခဲ့ကြသည်။ The Last Jedi ဇာတ်ကားကို ရုပ်ရှင်ဝေဖန်ရေးသမားများက ဝိုင်းဝန်းချီးကျူးခဲ့ကြသည်။ Star Wars ရုပ်ရှင်ဇာတ်ကားများတွင် မင်းသမီး Leia အဖြစ် ပါဝင်ခဲ့သော အမေရိကန်ရုပ်ရှင်မင်းသမီး Carrie Fisher မှာ The Last Jedi ဇာတ်ကားတွင် နောက်ဆုံးသရုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မင်းသမီးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ **ရိုက်တာ**

...........................

# ခရစ္စမတ်ကို အတူဖြတ်ကျော်ကြမယ့် ဘက်ခမ်းတို့ မိသားစု



ဒေးဗစ်ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားတို့စုံတွဲဟာ သားသမီးလေးယောက်နဲ့အတူ စံပြမိသားစုကြီးတစ်ခုတည်ဆောက်ထားပါတယ်။ သူတို့နှစ်ဦးရဲ့အကြီးဆုံးသားဖြစ်သူ ဘရွတ်ကလင်း ဘက်ခမ်းဟာ နယူးယောက်မှာ ပညာသင်ကြားနေရာမှ ခရစ္စမတ်ပွဲတော်ကို မိသားစုနဲ့အတူ ဆင်နွှဲဖို့ လန်ဒန်က နေအိမ်ကို ပြန်လာခဲ့ပါတယ်။

ဗစ်တိုးရီးယားဟာ ယခင်က အဆိုတော်တစ်ဦးဖြစ်ခဲ့ပေမယ့် အခုနောက်ပိုင်းမှာ ဖက်ရှင်ဒီဇိုင်နာအဖြစ်သာ လုပ်ကိုင်လျက်ရှိပါတယ်။ သားသမီးလေးယောက်ဖြစ်တဲ့ ဘရွတ်ကလင်း၊ ခရုဇ်၊ ရိုမီယိုနဲ့ ဟက်ပါတို့အတူ ရိုက်ထားတဲ့ ဓာတ်ပုံကို ဗစ်တိုးရီးယားက အင်စတာဂရမ်ပေါ်တင်ခဲ့ပြီး ကလေးတွေအားလုံးနဲ့အတူရှိနေရလို့ အလွန်ပျော်ရွှင်ရပါတယ်လို့ ရေးသားခဲ့ပါတယ်။ ဘက်ခမ်းတို့မိသားစုက ဒီဓာတ်ပုံကို အင်စတာဂရမ်မှာတင်ပြီး ငါးနာရီအတွင်းမှာပင် Like ပေါင်း ၇၀၀၀၀၀ ရရှိခဲ့ပါတယ်။ ဘက်ခမ်းတို့မိသားစုအတွက် အခုလာမယ့် ခရစ္စမတ်ဟာ အရင်ခရစ္စမတ်တွေနဲ့ မတူပါဘူး၊ မိသားစုဝင်တစ်ဦး ထပ်တိုးဦးမှာပဲ ဖြစ်ပါတယ်။ ဒေးဗစ်ဘက်ခမ်းရဲ့ညီမ ဂျိုနာဟာ ဒီဇင်ဘာလ ၉ ရက်နေ့မှာပဲ သမီးလေးတစ်ဦးမွေးခဲ့ပါတယ်။ ဗစ်တိုးရီးယားနဲ့ ဒေးဗစ်ဘက်ခမ်းတို့ မိသားစုဟာ အခုလို မိသားစုဝင်တွေပြန်လည် မဆုံစည်းခင်က ဗစ်တိုးရီးယားဟာ နေမကောင်းဖြစ်ခဲ့ပါသေးတယ်။ အခုလို မိသားစုတွေ စုံစုံညီညီပြန်တွေ့ကြတော့ ဗစ်တိုးရီးယားဟာ သူနောက်ထပ်မဖျားတော့ဘူးလို့ဆိုပါတယ်။ **ဟယ်လို**

ချိုး

# အင်းလေးဒေသ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် စုပေါင်းစက်ဘီးစီးနင်း

**ညောင်ရွှေ ဒီဇင်ဘာ ၁၉**




ရှမ်းပြည်နယ် အင်းလေးဒေသအတွင်းသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်မှုနှုန်း တိုးမြင့်လာစေရန် ရည်ရွယ်၍ အင်းလေးစုပေါင်းစက်ဘီးစီးနင်းပွဲ(Inle Bike Challenge 2017) ကို ညောင်ရွှေမြို့၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

စုပေါင်းစက်ဘီးစီးနင်းပွဲကို ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ စတင်တာလွှတ်၍ ကျင်းပပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ပြည်တွင်းစက်ဘီးစီးအားကစား ဝါသနာရှင်များ စုစုပေါင်း အင်အား ၃၅၀ကျော် တပျော်တပါး ပါဝင်စီးနင်းခဲ့ကြသည်။

အင်းလေးစုပေါင်းစက်ဘီးစီးနင်းပွဲတွင် ၁၅ ကီလိုမီတာ လမ်းကြောင်းနှင့် ၃၀ ကီလိုမီတာလမ်းကြောင်းဟူ၍ အမျိုးအစား နှစ်မျိုးဖြင့် စီးနင်းကြကာ ၁၅ ကီလိုမီတာတွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ ရုံးကြီးလမ်း၊ ညောင်ဖြူရွာ၊ ကန်နီကန်၊ Red Mountain ဝိုင်ခြံ၊ ရွှေလဖုန်းရွာ၊ အုန္နဲ့ပင်ရွာ၊ ဘုရားကြီးရွာ၊ လက်ခုပ်ပင်ရွာမှ ညောင်ရွှေကမ်းနားလမ်း လမ်းကြောင်းအတိုင်း စီးနင်းကြပြီး ၃၀ ကီလိုမီတာတွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ ရုံးကြီးလမ်း၊ ညောင်ဖြူရွာ၊ ကန်နီကန်၊ Red Mountain ဝိုင်ခြံ၊ ရွှေလဖုန်းရွာ၊ ဝါးတော်ရွာ၊ ကင်းတဲရွာ၊ မိုင်းသောက်ရွာ၊ ၎င်းနောက် အင်းလေးကန်ကို စက်လှေဖြင့် ဖြတ်ကူး၍ ခေါင်တိုင်ရွာ၊ တောင်ပို့ကြီး-ညောင်ရွှေ လမ်းကြောင်းအတိုင်း စီးနင်းခဲ့ကြသည်။

ထို့နောက် ပန်းဝင်သည်အထိ စီးနင်းနိုင်သူများအား ဂုဏ်ပြုဆုများနှင့် မေတ္တာလက်ဆောင် ကံစမ်းမဲများကို တာဝန်ရှိသူများက ဖွင့်ဖောက်၍ ချီးမြှင့်ပေးခဲ့သည်။ အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲကို ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှု၊ ဂျာမနီနိုင်ငံ (GIZ)အဖွဲ့၏ ပံ့ပိုးမှုများဖြင့် Taunggyi Freedom Riders စက်ဘီးအဖွဲ့နှင့် Cyclist Nyaungshwe စက်ဘီးအဖွဲ့တို့က ပူးပေါင်းစီစဉ်၍ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား မင်းလှမြို့၌ကျင်းပ

**မင်းလှ ဒီဇင်ဘာ ၁၉**

ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ အထက(မင်းလှ)ကျောင်းအားကစားကွင်း၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်အမျိုးသားသီချင်းသီဆို၍ အလံတင်အခမ်းအနား ပြုလုပ်ကာ တက်ရောက်လာသူများက အလံတော်ကို အလေးပြုကြပြီး ကြို့ပင်ကောက်ဆရာတော် ဦးသုန္ဒရနှင့် သိက္ခာတော်ရဆရာတော် စောသက်စေးတို့က နှစ်သစ်အတွက် ဆုတောင်းမေတ္တာများ ပို့သကြသည်။ ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဒေါက်တာစောကြည်စိုးက အမှာစကားပြောကြားကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားသည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းကလည်း ကရင်နှစ်သစ်ကူးပွဲတော်သည် အမျိုးသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်သည့် ပွဲတစ်ခုဖြစ်ကြောင်းနှင့် ယခုအချိန်တွင် နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်နေပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာ၊ စာပေနှင့်အနုပညာ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ နှစ်သစ်ကူးအချိန်အခါသမယတွင် နှစ်ဟောင်းမှအခက်အခဲများ၊ အမှားများကို လေ့လာသုံးသပ်ပြင်ဆင်ပြီး ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူကြီးများသာမက လူငယ်များကလည်း မိမိတို့၏ အမွေအနှစ်များနှင့် စာပေများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မှသာ ကမ္ဘာတည်သရွေ့ လူမျိုးနှင့် စာပေယဉ်ကျေးမှု အရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌကြီး စောမူတူးဆေးဖိုးမှ ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားကာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်စေးနှင့် တာဝန်ရှိသူများက ကရင်လူမျိုးများအကြောင်း၊ ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ၊ ကရင်အမျိုးသားသီချင်းနှင့် အလံတော် ဖြစ်ပေါ်လာပုံ၊ ကရင်ဖားစည်အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများနှင့် ဂုဏ်ထူးရသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး ခင်းကျင်းပြသထားသော ငြိမ်းချမ်းရေးပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ခေါင်းအုံးရိုက်ပွဲ၊ အပြေးပြိုင်ပွဲ စသည့် ပျော်ရွှင်ဖွယ် ပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# အင်တာနက်ကို လုံခြုံစိတ်ချစွာ အသုံးပြုနည်း သင်တန်းဖွင့်

**ပျော်ဘွယ် ဒီဇင်ဘာ ၁၉**

ရမည်းသင်းခရိုင် အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ အင်တာနက်ကို လုံခြုံစိတ်ချစွာအသုံးပြုနည်း သင်တန်းကို ဒီဇင်ဘာ ၁၈ ရက်က ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများကို အမျိုးသားများနှင့်တန်းတူ ရပိုင်ခွင့်ခံစားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ယခုဖွင့်လှစ်သောသင်တန်းသည် Online အသုံးပြုသော အမျိုးသမီးများအပေါ် လူမှုကွန်ရက်များမှတစ်ဆင့် ပြစ်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း၊ လိမ်လည်ခြင်း၊ လိင်ကိစ္စများကျူးလွန်ခြင်းစသည့် အမှုများ မဖြစ်ပေါ်ရေးအတွက် အသိပညာပေးနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာကော်မတီမှ သင်တန်းနည်းပြ ဒေါ်သူဇာဝင်းမင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်း ဆွေးနွေးသည်။ သင်တန်းသို့ ပျော်ဘွယ်မြို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# အိမ်ထောင်စု ၈၅၀၀ ကျော်ထံမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်

**ခင်ဦး ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများကို အတည်ပြုထုတ်ပြန်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးပြီး တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးသင်တန်းကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါ ဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာလှလှပြုံးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၁၃၈ ဦးအား တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို သင်ကြားပေးမည် ဖြစ်ကြောင်း၊ သင်တန်းသားများသည် ကျေးရွာအုပ်စု ၂၉ စုမှ အိမ်ထောင်စုပေါင်း ၈၅၃၉ စုထံ သွားရောက်ပြီး တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စာရင်းများကို အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးက ပြောသည်။

**ခင်ဦးစိုးဝေ**

# သဘာဝဘေးအန္တရာယ် ရေဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**ကော့သောင်း ဒီဇင်ဘာ ၁၉**

ကော့သောင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်အရ စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာစံပြကျေးရွာ၌ သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်သည့် ရေဘေးအန္တရာယ် ကျရောက်လာပါက ပင်လယ်ကမ်းခြေကျေးရွာနေ ပြည်သူများအနေဖြင့် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ဆောင်မှုများ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်တစ်ရပ်ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကကြီးမှူးပြီး ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်၍ ဒီဇင်ဘာ ၁၇ ရက်က ပြုလုပ်ကြသည်။

လေ့ကျင့်မှုအစီအစဉ်တွင် ကော့သောင်းမြို့နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ၊ World Vision အဖွဲ့ရပ်၊ ကျေး အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်ကာ သဘာဝဘေးအန္တရာယ် ရေဘေးကျရောက်လာပါက ပင်လယ်ကမ်းစပ်ကျေးရွာနေ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များ ကြိုတင်သိရှိနိုင်ပုံ၊ ကြိုတင်၍ အန္တရာယ်ကင်းရာသို့တိမ်းရှောင်ပုံ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်း အဆင့်ဆင့် လုပ်ဆောင်ပုံ၊ အရေးပေါ် ကျန်းမာရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပုံနှင့် ကယ်ဆယ်နေရာချထားရေး၊ သောက်သုံးရေနှင့် ရိက္ခာ အစားအစာများ စနစ်တကျဖြန့်ဝေပုံ၊ သက်ကြီးရွယ်အိုများ၊ လူမမာများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များအား ဘေးအန္တရာယ်ကင်းသည့် နေရာများသို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကယ်ဆယ်ကူညီရေးအဖွဲ့များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးပရဟိတအသင်းအဖွဲ့ဝင်များ အကူအညီဖြင့် ပို့ဆောင်ခြင်းတို့ကို စုပေါင်းလေ့ကျင့်ခဲ့ကြသည်။



ထို့နောက် ရေဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အချိန်အထိ ကျေးလက်ပြည်သူများက အချိန်နှင့်တစ်ပြေးညီ အရေးပေါ်လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများကို သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်အရ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ပြည်သူများထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ကျိုက္ကသာ အထက(ခွဲ)ကို အထကအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**ကျိုက်ထို ဒီဇင်ဘာ ၁၉**

ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် ဖွင့်လှစ်ထားရှိသည့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် ဒီဇင်ဘာ ၁၅ ရက်က အဆင့်မြှင့်ဖွင့်လှစ်ခဲ့သည်။

ကျောင်းဖွင့်ပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်တို့က အထက်တန်းကျောင်းအဖြစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခုလို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းမှာ ကျေးလက်နေပြည်သူများ၏ တောင်းဆိုချက်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျိုက္ကသာကျေးရွာသည် ရှေးဟောင်းမြို့ဖြစ်ပြီး ယနေ့တိုင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို ရရှိလျက်ရှိကြောင်း၊ ကျေးရွာရှိ ကျောင်းသူကျောင်းသားများအနေဖြင့် ယခင်က ကျိုက်ထိုမြို့သို့ သွားရောက်ပညာသင်ကြားရမှုကြောင့် အခက်အခဲများရှိခဲ့ရာ ယခုလို ကျောင်းအဆင့်တိုး ဖွင့်လှစ်နိုင်ခြင်းကြောင့် အဆင်ပြေစေမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များသည် ကျိုက္ကသာကျေးရွာ အမှတ်(၆)ရပ်ကွက် ကွန်ကရစ်လမ်း အရှည်ပေ ၃၆၀၀ နှင့် ရတနာသုခမြေသားလမ်း အရှည်ပေ ၃၈၀၀ တို့ကို သွားရောက်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းတို့က ဒေသဖွံ့ဖြိုးမှုအစီအစဉ်အရ လွှတ်တော်မှ ရန်ပုံငွေချထားပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ ကွန်ကရစ်လမ်းနှင့် မြေသားလမ်းတို့ကို စစ်ဆေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်း

**သံတောင်ကြီး ဒီဇင်ဘာ ၁၉**

သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသခံ အမျိုးသမီးငယ်များအနေဖြင့် စက်ချုပ်လုပ်ငန်းဖြင့် အိုးမကွာအိမ်မကွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အခြေခံမော်တာစက်ချုပ်သင်တန်းများကို သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း သုံးကြိမ်မြောက်အဖြစ် ဖွင့်လှစ်ခဲ့သည့် အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၃/၂၀၁၇) ဆင်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က သံတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာလိုက်၊ သံတောင်ကြီးမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဇောအောင်တို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၅ မှ ဒီဇင်ဘာ ၁၅ အထိ တစ်လကြာ သင်ကြားပို့ချပေးခဲ့ပြီး သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးများ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**တနင်္သာရီ ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အခြေခံပညာကျောင်းသူ ကျောင်းသားများအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြိုင်ပွဲများကျင်းပ၍ ဆုများချီးမြှင့်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က အခြေခံပညာ ပထမတန်းကျောင်းသား ကျောင်းသူများအတွက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။



အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် တနင်္သာရီမြို့အခြေခံပညာအထက်တန်းကျောင်းနှင့်ချောင်းငယ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတို့မှ ပထမတန်းကျောင်းသူ ကျောင်းသား ၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု(၁)၊ နှစ်သိမ့်ဆု(၂) ဆုရသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိသူဇာနှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ကျောင်းသုံးဗလာစာအုပ်များနှင့် ကော်ကွန်ပါဘူးများ ပေးအပ်လှူဒါန်း

**ဖာပွန် ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းထိန်နှင့် ဘားအံပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဒွေးကြွယ်နှင့် အဖွဲ့တို့က ဖာပွန်မြို့နယ် အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်များနှင့် ကော်ကွန်ပါဘူးများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က အမှတ်(၃) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဘားအံပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌက အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည့် ကလေးငယ်များအတွက် ကျောင်းသုံးဗလာစာအုပ် ၃၉ ဒါဇင်နှင့် ကော်ကွန်ပါဘူး ၁၄၅ လုံးတို့ကို ပေးအပ်လှူဒါန်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့က မထောကျေးရွာအုပ်စု ခွေးသေကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၄၈ ဒါဇင်နှင့် ကော်ကွန်ပါဘူး ၁၈၀ လုံးကို ပေးအပ်လှူဒါန်းခဲ့သည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**

# မြောက်မြန်မာပြည် - ဟာဆက်သွယ်ရေးသင်တန်း

# မျက်စိ အထူးကုဆရာဝန်ကြီးများ ဓနုဖြူမြို့၏ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်

**ဓနုဖြူ ဒီဇင်ဘာ ၁၉**

ဓနုဖြူမြို့တွင် အာယုဒါနကျန်းမာရေးစောင့်ရှောက်မှုအသင်းကြီးက ကြီးမှူး၍ မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးသည့်အခမ်းအနားတွင် လာရောက်ခွဲစိတ်ကုသပေးသော မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ စဂျေလွင်နှင့် အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံခြားသား အထူးကုဆရာဝန်ကြီးများသည် ဓနုဖြူမြို့၏ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဓနုဖြူမြို့၏သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး၊ စစ်သူကြီးမဟာဗန္ဓုလပန်းခြံ၊ စစ်သူကြီးမဟာဗန္ဓုလ၏ အုတ်ဂူတည်ရှိရာနေရာ၊ ဓနုဖြူခံတပ်နှင့် မြို့တွင်းနေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ညပိုင်းတွင် ဈေးပိုင်းဓမ္မာရုံ၌ အာယုဒါန ကျန်းမာရေးစောင့်ရှောက်ရေးမှုအသင်းကြီးက အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

# မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက်၌ အသိပညာပေးဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ စီစဉ်ညွှန်ကြားမှုဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ ခေတ္တမော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကူးမားတို့၏ ကြီးကြပ်မှုဖြင့် မူခင်းအသိပညာပေး မော်တော်ယာဉ်ပြခန်းဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက် စက်မှုဇုန် စစ်ဆေးရေးဂိတ်အနီး၌ ပြည်သူအားမူးယစ်ဆေးဝါး အသိပညာပေးဇာတ်ကား ပြသပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ ရပ်မိရပ်ဖများ၊ ဆိုင်ကယ်၊ တက္ကစီအငှားမောင်းနှင်သူများ၊ လမ်းဘေးဝဲယာရှိ လမ်းသွားလမ်းလာ ပြည်သူများ စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ မူခင်းအသိပညာပေးဟောပြောပွဲကို ကျင်းပရာ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးထွန်းနိုင်ထွေးက မူခင်းကျဆင်းရေးအကြောင်းအား လည်းကောင်း၊ အမှတ် ၉ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မော်လမြိုင်)မှ ဒုတိယရဲမှူးဆန်းဦးက လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း လည်းကောင်း၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မော်လမြိုင်)မှ ရဲအုပ်ဇော်ဇော်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ အကြောင်းအား လည်းကောင်း၊ စက်မှုဇုန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ရဲအောင်က သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေးအကြောင်းအား လည်းကောင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မော်လမြိုင်)မှ ရဲတပ်ကြပ် သောင်းအေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းအား လည်းကောင်း အသီးသီး ပညာပေးဟောပြောခဲ့ကြသည်။

**ကျော်သန်း(မော်လမြိုင်)**



## ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ တရုတ်တိဘက် ယဉ်ကျေးမှုဓာတ်ပုံများ ပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ၂၀၁၇ ခုနှစ် တရုတ်တိဘက် ယဉ်ကျေးမှု ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်က ကျင်းပခဲ့ပြီး ဓာတ်ပုံများကို နှစ်ရက်ကြာ ပြသထားခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် တိဘက်ယဉ်ကျေးမှု၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံပေါင်း ၆၀ ကျော်ဖြင့် ကဏ္ဍသုံးခုခွဲ၍ ပြသခဲ့ပြီး ဘာသာရေး၊ သဘာဝအလှအပများနှင့် လူနေမှုဘဝဓာတ်ပုံများ ပါဝင်သည်။ ဓာတ်ပုံပြပွဲအကြောင်းနှင့်ပတ်သက်၍ တိဘက်ယဉ်ကျေးမှု ရှေးဟောင်းသုတေသနဌာနမှ ဌာနမှူး မစ္စတာကျန်ရန်က “ရွှေတိဂုံဘုရားပေါ်မှာ တိဘက်ရိုးရာယဉ်ကျေးမှု ဓာတ်ပုံပြပွဲ လာရောက်ပြသရတာကတော့ တရုတ်-မြန်မာက အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံက ရှည်လျားတဲ့ သမိုင်းဆက်ဆံမှုတွေ ရှိနေတဲ့အတွက် ဒီပြပွဲကနေတဆင့် မြန်မာပြည်သူပြည်သားတွေအနေနဲ့ တရုတ်ပြည်နဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုဓလေ့တွေကို ပိုပြီးသိလာအောင် လာရောက်ပြသခြင်း ဖြစ်ပါတယ်”ဟု ပြောကြားသည်။

တရုတ်တိဘက် ယဉ်ကျေးမှုဓာတ်ပုံပြပွဲကို တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် ရွှေတိဂုံဘုရားဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဓာတ်ပုံပြပွဲဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

## ရောဝတီမြစ် သောင်ကျွန်းများပေါ်၌ ဖရဲစိုက်ပျိုးနိုင်ရန် တောင်သူများ ကြိုတင်ပြင်ဆင်နေ

**ကသာ ဒီဇင်ဘာ ၁၉**

ကသာမြို့နယ်အရှေ့ဘက် ရောဝတီမြစ်အတွင်း မြစ်ရေကျဆင်း၍ ပေါ်လာသော နုန်းတင်မြေနုကျွန်းများတွင် ဖရဲစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအနေဖြင့် နေ့စားလုပ်သားများငှားရမ်းကာ ထွန်ယက်ခြင်း၊ မြေဆွခြင်း၊ ကွင်းတူးခြင်းတို့ဖြင့် လုပ်ငန်းခွင်ဝင်ရန် ကြိုတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။

ဖရဲကို နုန်းတင်မြေနုများတွင် စိုက်ပျိုးသည့်အခါ အနက်သုံးပေခန့်အထိရောက်အောင် နက်နက်တူးပြီးနောက် မြေနုတွင်းထဲထည့်၍ အစေ့ချစနစ် ပုံစံဖြင့် စိုက်ပျိုးကြရကြောင်း၊ နေ့စား အလုပ်သမား အမျိုးသမီးတစ်ဦးလျှင် ငါးထောင်ကျပ်၊ အမျိုးသားတစ်ဦးလျှင် ခုနစ်ထောင်ကျပ်ပေး၍ ငှားရမ်းစိုက်ပျိုးကြရပြီး စိုက်ခင်းများတွင် မြက်များ ပေါင်းပင်များ မကျရောက်စေရေးအတွက် မြေများကို နုညက်အောင်ထွန်ယက်ပြီး စိုက်ပျိုးကြရကြောင်း ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။



ကသာမြို့နယ်အနီးရှိ ကျေးရွာအုပ်စု ၁၇ စု၊ ကျေးရွာ ၅၄ ရွာမှ တောင်သူ ၂၆၀၀ ကျော်အနေဖြင့် ရောဝတီမြစ်ရေကျဆင်း၍ ပေါ်လာသော နုန်းတင်မြေနုကျွန်းများပေါ်၌ ပဲ၊ ပြောင်း၊ မြေပဲ၊ အာလူး၊ ကြက်သွန်၊ သခွားမွှေး၊ ပန်းမျိုးစုံတို့ကို စိုက်ပျိုးကြကာ ယခုနောက်ပိုင်းတွင် ဝယ်လိုအားရှိလာသော ထိုင်ဝမ်ဖရဲများကို ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအနေဖြင့် ဦးစားပေးလုပ်ကိုင်လာကြကြောင်း သိရသည်။

ထိုင်ဝမ်ဖရဲကို စိုက်ပျိုးရာတွင် အခြားသီးနှံများဖြင့် တွဲပြီး စိုက်ပျိုးကြောင်း၊ ဖရဲမှာ ရာသီဥတု အဆိုးအကောင်း အပေါ် အခြေခံကာ ထွက်ရှိကြောင်း၊ ရာသီဥတုဖောက်သွားပါက မျိုးစေ့ဖိုး လုပ်အားခ အပါအဝင် ငွေဆုံးရှုံးနိုင်သည့်အတွက် ရှိသည့်မြေအားလုံးတွင် ဖရဲတစ်မျိုးတည်း စိုက်သူမရှိဘဲ အခြားသီးနှံများဖြင့် ရော၍စိုက်ကြောင်း ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

နုန်းတင်မြေနုများ၌ တောင်သူများက ထိုင်ဝမ်ဖရဲကို ဦးစားပေးစိုက်ပျိုးလာကြသလို သီးနှံဖြန့်ချိရောင်းဝယ်ရေး လုပ်ငန်းရှင်များလည်း ပြည်ပဝယ်လိုအားကိုမျှော်မှန်း၍ ဖရဲစိုက်ပျိုးရန် တောင်သူများနှင့်ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုများ ရှိလာကြောင်း၊ ဖရဲစိုက်တောင်သူအများစုအနေဖြင့် မြန်မာမျိုးဖြစ်သော ကျောက်စိမ်းဖရဲမျိုးကို စိတ်ဝင်စားစွာ ထိန်းသိမ်းစိုက်ပျိုးကြခြင်း မရှိတော့ဘဲ ထိုင်ဝမ်မျိုးများဖြစ်သော ၈၅ အကျား၊ အစိမ်း၊ အဖြူကျားနှင့် တရုတ်မျိုးဖြစ်သော ၆၁၈ အဖြူ မျိုးစေ့များကိုသာ စိုက်ပျိုးကြကာ စိုက်ခင်းများတွင်လည်း မှိုသတ်ဆေး၊ အားဆေး၊ ပိုးသတ်ဆေးများကို မသုံးမဖြစ်သုံးနေကြရကြောင်း ဖရဲစိုက်ပျိုးနေသည့် တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ငွေအိုး(ကသာ)**

## မီးဘေးကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**အမာ ဒီဇင်ဘာ ၁၉**

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ မီးဘေးလုံခြုံရေးအဖွဲ့က ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က ဆိပ်မကျေးရွာ၌ သွားရောက်ပညာပေးခဲ့ကြောင်း သိရသည်။

မီးဘေးလုံခြုံရေးအဖွဲ့သည် ဆိပ်မကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အမာမြို့မီးဘေးလုံခြုံရေးအဖွဲ့ခေါင်းဆောင် အမာမြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက မြို့နယ်အတွင်းနေထိုင်ကြသော ပြည်သူများ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကင်းရှင်းရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးကာကွယ်ရေးကို မိုးကာလကုန်ပြီးကတည်းက စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျေးရွာတော်တော်များများသို့ ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် စက်သုံးဆီရောင်းချနေသောဆိုင်များကို စနစ်တကျ ထားသိုရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ပြီး စက်သုံးဆီဆိုင်ရှင်များက အခက်အခဲများကို တင်ပြဆွေးနွေးနိုင်ကြောင်း၊ တင်ပြချက်များကို ညှိနှိုင်းအဖြေရှာပြီး ဖြစ်နိုင်သည့် မီးဘေးကာကွယ်ရေးနည်းလမ်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အမာမြို့နယ်အတွင်း မီးလောင်မှုမရှိစေရေး အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်ကျေးရွာအတွင်း စိတ်ဆန္ဒရှိသူ လူငယ်များဖြင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ကို အင်အားဖြည့်ဆည်းရန်၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဈေးဆိုင်များတွင် မီးသတ်ဆေးဘူးများ ထားရှိရန်၊ အရန်မီးသတ်တပ်ဖွဲ့အတွက် လက်ကိုင်မီးသတ်စက်တစ်လုံး ထပ်မံဖြည့်ဆည်းပေးရန် စသည်တို့ကို ဆွေးနွေးခဲ့ပြီး ကျေးရွာတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးဆိုင်များကို လိုက်လံစစ်ဆေးခဲ့သည်။

ဆက်လက်၍ မီးဘေးလုံခြုံရေးအဖွဲ့သည် နောက်မီးကျေးရွာသို့ သွားရောက်ပြီး ရေလုပ်ငန်းရှင်များ၊ စက်သုံးဆီအရောင်းဆိုင်ရှင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး မီးဘေးကာကွယ်တားဆီးရေးအတွက် ဟောပြောဆွေးနွေးခဲ့ကာ ကျေးရွာအတွင်းရှိ ဆိုင်များကိုလည်း လိုက်လံစစ်ဆေးခဲ့သည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲ စည်ကားစွာကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၉**

တောင်ကလေးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီး ဦးဆောင်ကျင်းပသော (၂၆)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲကို ဘားအံမြို့နယ် တောင်ကလေးကျေးရွာရှိ ဖလုံပညာသဝေါင်ကွင်း၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် (၂၆)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ မုခ်ဦးဆိုင်းဘုတ်ကို ပွဲကျင်းပရေးကော်မတီနာယက အဖွဲ့ဝင်များဖြစ်သော ဦးစောခင်မောင်မြင့်၊ ဦးစောပြည်အေး၊ ဒေါ်နန်းခင်သက်မာဝင်းနှင့် ဒေါ်နန်းခင်မေရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်အမျိုးသားအလံတင်အခမ်းအနားကို ဆက်လက်ကျင်းပသည်။ ထို့နောက် ပွဲကျင်းပရေးကော်မတီနာယက ဦးစောကြည်လင်းက အမှာစကားပြောကြားပြီး တောင်ကလေးကျောင်းတိုက်ဆရာတော်မှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဦးစောအောင်ဝင်းက ဖတ်ကြားကာ ကရင်ရိုးရာ နှစ်သစ်ကူးကောက်သစ်စားပွဲကို ဆက်လက်ကျင်းပခဲ့သည်။



အဆိုပါ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အခမ်းအနားကို ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင် မြန်မာ့ရိုးရာလက်ဝှေ့၊ အမျိုးသား အမျိုးသမီး မြန်မာ-ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲများ၊ ရိုးရာဒုံးယိမ်းပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ လာရောက်ကြသော ဧည့်သည်တော်များအား နေ့စဉ် စတုဒိသာထမင်းများ ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## ငရုတ်ခင်းများပိုးကျပြီး အထွက်လျော့သော်လည်း ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**ရေစကြို ဒီဇင်ဘာ ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဇီးတောကျေးရွာနှင့် ဆည်ရွာကျေးရွာတို့တွင် ငရုတ်ပင်များကို နှစ်စဉ် စီးပွားဖြစ်စိုက်ပျိုးကြလေ့ရှိရာ ယခုနှစ်တွင် ငရုတ်ခင်းများ ပိုးကျသောကြောင့် အထွက်နှုန်းလျော့နည်းမည်ဖြစ်သော်လည်း ပွဲစားများက ကြိုတင်၍ ဈေးကောင်းပေးကာ ဝယ်ယူလျက်ရှိသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ဇီးတောရွာမှာတော့ ငရုတ်ကို တော်သလင်းလမှာ စစိုက်ကြတယ်၊ ပြာသိုလထဲမှာ ငရုတ်သီးခူးဆွတ်ရတယ်၊ အခု အသီးတွေရင့်နေပြီ၊ ဒီနှစ် ၁၁ လပိုင်းလကုန်က အခါမဲ့မိုးရွာလိုက်တော့ ငရုတ်ပင်ပိုးကျပြီး ငရုတ်သီးတွေပါတဲ့အကိုင်းတွေကိုင်းလိုက် ပြတ်ကျနေတယ်၊ အထွက်နှုန်းက သုံးပုံတစ်ပုံလောက်တော့ လျော့မှာ၊ ငရုတ်က အထွက်ကောင်းရင် တစ်ဧကကို တင်း ၁၀၀ လောက်ထွက်တယ်၊ ပုံမှန်ကတော့ တင်း ၇၀၊ ၈၀ လောက်ထွက်တယ်၊ ဒီနှစ်ကတော့ ပိုးဝင်လို့ တင်း ၅၀ လောက်ပဲ ရနိုင်မယ်လို့ ခန့်မှန်းတယ်”ဟု ငရုတ်စိုက်တောင်သူ ဦးတင်ခိုင်က ပြောသည်။

ထိုသို့ ငရုတ်ပင်များ ပိုးကျသဖြင့် ငရုတ်သီးအထွက်လျော့နည်းမည်ဖြစ်သော်လည်း ငရုတ်သီး မခူးဆွတ်ရသေးမီ ယခုအချိန်ကတည်းကပင် ပွဲစားများက ငရုတ်သီးများကို ဈေးကောင်းပေး၍ ကြိုတင်ဝယ်ယူလျက်ရှိနေကြသည်။ “ငရုတ်သီးဆွတ်ဖို့က ၂၅ ရက်လောက်လိုသေးတယ်၊ ငရုတ်သီးပွဲစားတွေက ပိုက်ဆံကြိုပေးပြီးတော့ ဝယ်နေကြတယ်၊ ဈေးကလည်း မနှစ်ကထက် ဈေးပိုရတယ်၊ မနှစ်က ငရုတ်သီးပေါ်ပေါ်ချင်းကို အစိုတစ်တင်း တစ်သောင်းပဲရှိတာ၊ ဒီနှစ် ကြိုပေးဈေးကို တစ်တင်း တစ်သောင်းခွဲပေးတယ်၊ အထွက်နှုန်းလျော့မှာ သေချာပေမယ့် ဈေးအနေနဲ့ကတော့ ဈေးကောင်းရတယ်”ဟု ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ် ဇီးတောကျေးရွာအုပ်စုအတွင်းမှ တောင်သူများအနေဖြင့် ယခုနှစ်တွင် ငရုတ်စိုက်ဧကပေါင်း ၄၀ နီးပါးခန့် စိုက်ပျိုးထားကြသည်ဟု သိရသည်။

**အိမ့္ဓန်ဆွေ(ရေစကြို)**

# သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိလာတော့မည့် သောင်ရင်းမြစ်ကမ်းနံဘေးမှ ဖလူးကျေးရွာကလေး



**မြဝတီ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု ရသေ့ဂူကျေးရွာကလေးသည် မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကမ်းနံဘေးတွင်တည်ရှိသော်လည်း တွင်းတိမ်၊ရေတွင်းများမှ ရေများမှာ ထုံးခါတ်လွန်ကဲသောကြောင့် ကျေးရွာနေပြည်သူများ အနေဖြင့် ရေချိုသောက်သုံးရေအတွက် စိမ့်စမ်းရေအနည်းငယ်နှင့် သောင်ရင်းမြစ်ရေတို့ကိုသာအဓိက မှီခိုအားထားနေရကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၂၉၉ ဦး မှီတင်းနေထိုင်လျက်ရှိပြီး ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဦးစီးဌာန၏ ရေရှည်ရေရရှိရေးမဟာဗျူဟာအရ ယခုအခါ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသော သောက်သုံးရေရရှိစေမည့် စက်ရေတွင်း(တွင်းနက်)တစ်တွင်း အားတူးဖော်ပေးခြင်းနှင့် စင်မြင့်ရေကန်တစ်ကန်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုကျေးရွာလေး၌ စက်ရေတွင်းတူးဖော်ခြင်း ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ငွေဖြင့် ငွေကျပ်သိန်း ၁၁၅ ဖြင့် နိုင်ဝင်ဘာလအတွင်း စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းခွင်သို့ ကော့ကရိတ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့်အဖွဲ့က ဒီဇင်ဘာ ၁၄ ရက်တွင် ကွင်းဆင်းကြီးကြပ်ပေးခဲ့ပြီး ဆောင်ရွက်လျက်ရှိသော စက်ရေတွင်းကို ရေကြည်သည်အထိ စဉ်ဆက်မပြတ်ထိန်းသိမ်းမောင်းနှင်ပေးရန်နှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်၊ ရေစက်ရုံတို့ကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ "အရင်က ဒီသောင်ရင်းမြစ်ကမ်းနံဘေးမှာရှိတဲ့ ကျေးရွာတွေဟာ သောက်သုံးရေအတွက် သောင်ရင်းမြစ်ထဲကရေချိုတွေကို သုံးစွဲရတယ်၊ မိုးတွင်းပိုင်းဆိုရင် ရေစီးကလည်းသန်တယ်၊ ရေကလည်းနောက်တယ်၊ ဒေသခံတွေအနေနဲ့ ရေဆင်းခပ်ရတာလည်း အန္တရာယ်ရှိသလို ကျန်းမာရေးအရလည်း သန့်ရှင်းတဲ့ရေကြည် ရေသန့်မဟုတ်ဘူး၊ မြစ်နဲ့ဝေးတဲ့ အိမ်တချို့ကတော့ ထုံးခါတ်ပမာဏများတဲ့ တွင်းတိမ်ကရေတွေကိုပဲ သုံးစွဲနေကြရတယ်" ဟု မြို့နယ်ကျေးလက်ဦးစီးမှူးဦးငွေစိုးက ပြောသည်။

ထို့ကြောင့် မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း နွေရာသီ ရေရှားပါးပြတ်လပ်နိုင်ပြီး သန့်ရှင်းသောရေမရရှိသော(ထုံးခါတ်လွန်ကဲသောရေ)ထွက်သောကျေးရွာများ၌ စက်ရေတွင်းသုံးတွင်းကို စုစုပေါင်းရန်ပုံငွေကျပ်သန်း ၃၀ ကျော် အကုန်ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လူမှုရေးအသင်းအဖွဲ့များအား အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး call center ကိုတည်ထောင်ခဲ့သော Blue Ocean ကုမ္ပဏီသည် ရှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူမှုရေးအသင်းအဖွဲ့အစည်းများဖြစ်သော ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ၊ သွေးမေတ္တာ၊ မြမိုရ်မေတ္တာ၊ Myanmar Youth Initiative၊ Myanmar Independent Living Initiative၊ Future Stars Free Education စသော အသင်းအဖွဲ့ ခြောက်ဖွဲ့သို့ တစ်ဖွဲ့လျှင်ငွေကျပ် ၂၅ သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကို အဖွဲ့အစည်းများ၏ အသင်းဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း hotline ဖုန်းနံပါတ်များဖြစ်သော ၁၈၇၆ နှင့် ၁၈၇၅ တို့သည် လူသိများသော call center များဖြစ်ပြီး ယခုအခါ နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်း၍ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ မိုဘိုင်းအော်ပရေတာများနှင့် အခြားသောဝန်ဆောင်မှုများစသောဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် စာရင်းအင်းနှင့်သတင်းအချက်အလက်များကို တာဝန်ယူပြီး ထည့်သွင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေးနှင့် မူခင်းအသိပညာပေးလုပ်ငန်းများ ကျိုက်မရောတွင် ဆောင်ရွက်

**ကျိုက်မရော ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှုနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းဦး ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းဦးစီးသော မူခင်းအသိပညာပေးယာဉ်သည် ဒီဇင်ဘာ ၁၈ ရက်က ကျိုက်မရောမြို့နယ် ကြံတောကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများအား ပညာပေးဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြည်နယ်အကူတပ်ခွဲ၊ အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ ချောင်းနှစ်ခွရဲစခန်းမှူး ရဲအုပ်တင့်ဆန်းဦးနှင့် ကဒါရဲကင်းမှူး ဒုရဲအုပ်ဇေယျာလင်းတို့က မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ကြိုတင်ကာကွယ်ချက်များအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**၁၃၈**

# ခိုင်းနွားနှင့် အသားစားနွားများ ဝယ်သူနည်းပါးသည့်အတွက် နွားမွေးမြူရေးခြံများ အခက်ကြုံ

**ညောင်ဦး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ နွားမွေးမြူရေးသမားများမှာ အိမ်တိုင်ရာရောက်နွားဝယ်ယူမှုပါးသောကြောင့် နွားမွေးမြူသူများ ဈေးနှိမ်ခံနေကြရကြောင်း သိရသည်။

"အခု နှစ်နှစ် သုံးနှစ်အတွင်း နွားဝယ်သူအတော်နည်းသွားတယ်၊ လာပြန်တော့လည်း တစ်ဦးစ နှစ်ဦးစလောက်ပဲလာတယ်၊ နွားမွေးသူက ရောင်းချင်မှန်းသိတော့ နွားဝယ်လာသူတွေက ဈေးနှိမ်ဝယ်ကြတယ်၊ အဲဒီတော့ ဘယ်နည်းနဲ့မဆို တချို့လည်းရောင်းရတယ်၊ တချို့လည်းမရောင်းကြဘူး၊ အမဲသားဈေးက တစ်ပိဿာကိုတစ်သောင်းနှုန်းလောက်ပေးဝယ်ရတယ်၊ ကုန်ကြမ်းဖြစ်တဲ့နွားကိုတော့ ဈေးနှိမ်ပေးဝယ်ကြတယ်၊ ဒီတော့ ကျွန်တော်တို့ နွားမွေးမြူရေးသမားတွေအခက်တွေ့ရတယ်" ဟု ရွာသစ်ကုန်းကျေးရွာနွားမွေးမြူသူတစ်ဦးက ပြောသည်။

"တောင်သူစိုက်ပျိုးရေးဘက်က သိပ်အဆင်မပြေလို့ မွေးမြူရေးဘက်ကို အားစိုက်ခဲ့တယ်၊ မွေးမြူရေးလည်းအဆင်ပြေမှုနည်းလာတယ်၊ အဲဒီတော့ တောင်သူလုပ်ငန်းဘက်ကို အားစိုက်ရမလား၊ မွေးမြူရေးဘက်အားစိုက်ရမလား၊ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတယ်၊ စိုက်ပျိုးရေးစိုက်ခဲ့တာ သီးနှံကသိပ်မရဘူး၊ စိုက်ဘဏ်က ထုတ်ချေးထားတဲ့ ငွေကလည်း ပြန်ဆပ်ချိန်ရောက်နေပြီ၊ ဒီတော့အိမ်ရှိတဲ့ ခိုင်းနွားကိုရောင်းပြီး ဆပ်မယ်ဆိုတော့လည်း ဈေးမှန်မရဘဲဈေးနှိမ်ခံရတယ်၊ အဲဒီတော့ စိုက်ပျိုးရေးလည်း အဆင်မပြေ၊ မွေးမြူရေးလည်းအဆင်မပြေဖြစ်နေပြီ" ဟု စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူ ကံသာယာရွာဒေသခံတစ်ဦးက ပြောသည်။

**ကျော်ငွေး(ညောင်ဦး)**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8663 Mitsubishi Pajero V78 S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၉/မနမ(နိုင်)၁၁၉၃၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၇၉၄၅ Tayota Landcruiser S/W(4×4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၃/လနရ(နိုင်)၀၂၄၃၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာပုံ ၂လမ်း၊ ရတနာပုံအိမ်ရာရှိ မြေကွက် အမှတ် ၁၄၂(က+ခ)၊ ၁၄၃(က)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်ထွန်း(ခ) ဦးတင်ထွန်းနိုင် ၈/ဆပစ(နိုင်)၀၅၂၅၈၀ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးဇော်မျိုးသန့် ၈/ရနခ(နိုင်)၀၀၈၆၁၈၊ ဒေါ်ခင်မြတ်စိုး ၁၂/ဥကမ(နိုင်)၁၈၅၁၆၄တို့က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပုသိမ်ပေါ် ဆန်းစွမ်း ရှယ်ကြီး

52000 Ks အရောက်ပို့

အမှတ်(၅၁)၊အင်းစိန်လမ်းမကြီး၊(၉)ရပ်ကွက်၊လှိုင်မြို့နယ်။
☎ :01.512443, 09.73017656, 09.5055574

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃သမိုင်း၊ မြေကွက်အမှတ် ၁၂/ခ၏ အစိတ်အပိုင်း ၂၇' ၆"/၄၁' ၆"×၈၉'/၈၆' ၆" မြေကွက်တည်နေရာ ၁၁၄/ရွှေနှင်းဆီလမ်းသွယ်(၆)၊ (၅)ရပ်ကွက်၊ မရမ်းကုန်း (ဦးဘသိန်းနှင့် ၅၅ဦး) အမည်ပေါက် B-မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား ဒေါ်ဟန်ကြည်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ခင်ဥမ္မာရှိန်မှ (တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတရားမကြီးမှု အမှတ် ၄၃၈/၂၀၁၇(၁၅-၁၁-၂၀၁၇)ရက်ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ဒေါ်ဟန်ကြည်အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာတရားလိုမှအနိုင်ဒီကရီရရှိခဲ့ပါသည်။ ဇာရီမှုအမှတ် ၁၉၀/၂၀၁၇ (၂၇-၁၁-၂၀၁၇ရက်) အရတရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဒေါ်ရတနာထွန်း(ဘီလစ်) ဒုတိယဦးစီးအရာရှိ ၁၂/မရက(နိုင်)၀၉၆၈၂၁မှ တရားရုံးဒီကရီ၊ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက် ၄၊ အခန်း ၂နေ(ဘ)ဦးဝင်းကြည်၏သမီး ဒေါ်ဥမ္မာဝင်း ၁၄/ဘကလ(နိုင်)၁၅၉၅၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၅ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ် ၅၃၁နေ (ဘ)ဦးမင်းငွေ၏သား၊ ဦးရဲမင်းထွန်း ၁၄/ဟသတ(နိုင်)၀၂၃၅၄၆က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ညောင်ချိုမြို့၊ သရက်ကုန်းကျေးရွာအုပ်စု၊ဇာလီ ကျေးရွာနေ (ဘ)ဦးတင်ဖေ၏သမီးဒေါ်လုံး ၈/ရနခ(နိုင်)၀၂၃၅၄၆ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထား၍ မြို့ရွာနှင့်အိုးအိမ်ဦးစီး ဌာန၊ မြေနှင့်အခွန်ဌာနခွဲမှထုတ်ပေးထားသော မြေချပ်ပါမစ်မူရင်းပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၃၄)ရပ်ကွက်၊ ဟံသာဝတီလမ်းရှိ မြေကွက်အမှတ်(၇၁၃)မြေအကျယ်အဝန်းအလျား၄၁ပေ×အနံ ၆၀ပေမြေချပ်ပါမစ်(မူရင်း)အားပြသ၍ ၎င်းမြေကွက်ကို လက်ရောက်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လက်ရောက်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းသူ၏လက်ဝယ်သို့ပေးအပ်ရာ ၁၆-၁၂-၂၀၁၇ရက်တွင် ရောင်းသူက စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ရောက်လက်ခံထားပြီးဖြစ်ပါသည်။

အထက်ပါမြေအကျယ်အဝန်းအား ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်ပြုမှုကို ဥပဒေဘောင်အတွင်းမှ ဂရန်အမည်ပေါက်ရသည်အထိ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဒေါ်ဥမ္မာဝင်း၁၄/ဘကလ(နိုင်)၁၅၉၅၄၈၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး**
**B.A Eco, DA, RL, DBL, DML, DIL, DIPL, MA(Business Law P1), DL101, WIPO (Switzerland)**
**(အထက်တန်းရှေ့နေ-၃၇၀၂၉)**
**၄၈၇၊ ဒူးယား(၄)လမ်း၊ ၅၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၈၀၁၉၆၈၇၊ ၀၉-၇၉၆၂၇၉၂၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၂ Wᴶ)၊ မြေကွက်အမှတ် (V class ၁၇၁)၊ မြေကွက်တည်နေရာအမှတ် ၄၃၊ ဝါးတန်းလမ်း၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ဒေါ်အေးမြင့် ၁၂/လမတ(နိုင်) ၀၁၅၅၆၄နှင့်မောင်သန့်စင်လင်း (ခ)ဟိန်းနိုင် ၁၂/လမတ(နိုင်) ၀၀၁၂၄၇အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်ဂရန် (သက်ကုန်)မြေအား ဒေါ်အေးမြင့်နှင့်မောင်သန့်စင်လင်း(ခ)ဟိန်းနိုင်တို့မှ နိုင်ငံသားစိစစ်ရေးကတ်များ၊ သန်းခေါင်စာရင်း၊ မြေခွန်ပြေစာနှင့်နှစ်၆၀ဂရန် မိတ္တူမှန်တို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/9661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/2783 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

လင်းခေးမြို့နေ တပ်သားမျိုးထိုက် ၁၃/မနန(နိုင်)၀၂၈၅၅၇၏ဇနီးဖြစ်သူ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ်းကျေးရွာနေ ဦးဒေါစလို၏သမီး ဒေါ်နော်ဘလူဖိုဖော ၃/သတန(နိုင်)၀၃၂၆၇၁သည် ၎င်း၏ သဘောဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားခဲ့သည်မှာ သုံးနှစ်ကျော်လွန်သည်အထိ ပြန်လာခြင်း၊ ဆက်သွယ်ခြင်း မပြုလုပ်ပါသဖြင့် ဇနီးအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ခင်ပွန်း တပ်သားမျိုးထိုက်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၈၀၊ မြေညီနေ (ဦးစောအောင်)-ဒေါ်နီနီလွင်တို့၏သား မောင်အောင်ဇော်လွင် ၉/မရမ(နိုင်)၀၂၆၄၃၆သည် မိဘ၏ ဆိုဆုံးမမှုအား မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်နီနီလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8G/3783 Shwe Thway Super Light Truck Pickcp (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်း ၁၂/သဃက(နိုင်)၁၈၂၇၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဦးအေးမင်းဝင်း ၁၂/သဃက(နိုင်)၁၇၀၆၀၆ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ၂လမ်း၊ အမှတ်၁၁၁နေ ဦးဇော်ဝင်း(ကန်ထရိုက်တာ) ၁၂/ဥကတ(နိုင်) ၀၈၂၀၃၀သည် သဃ်န်းကျွန်းမြို့နယ်၊ (င/က) ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် (၆/၄၃)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် မြေပိုင်ရှင်နှင့် အခန်းပေးအခန်းယူ (၃) ခန်းတွဲ (၄ထပ်ခွဲ) တိုက်ဆောက်လုပ်ခဲ့ရာ ဦးအေးမင်းဝင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း (ကန်ထရိုက်တာ) အကျိုးခံစားခွင့်ရရှိမည့် တိုက်ခန်းများအနက် သုံးလွှာအလယ်ခန်းအား ကြိုပွိုင့်အရစ်ကျစနစ်ဖြင့် ဝယ်ယူရန်သဘောတူပြီး ၁-၁-၂၀၁၄ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေ၍ အရောင်းအဝယ်စာချုပ်ပြုလုပ်ခဲ့သော်လည်း ဦးအေးမင်းဝင်းသည် အရောင်းအဝယ်စာချုပ်ပါ ကတိပြုစည်းကမ်းချက်များအတိုင်း ထပ်မံပေးချေရမည့်ငွေများအား သတ်မှတ်ရက်များကျော်လွန်သည်အထိ ဆက်သွယ်ပေးချေခြင်းမရှိသလို ကျွန်ုပ်မိတ်ဆွေက အကြိမ်ကြိမ်ဆက်သွယ်ရာတွင်လည်း မည်သို့မျှ ဆက်သွယ်၍ မရရှိသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေဦးဇော်ဝင်းနှင့် လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးမျိုးညွန့် LL.B(ဖျာပုံ)၊ တရားလွှတ်တော်ရှေ့နေ(၈၇၂၆)**
**အမှတ် ၄၂၊ ငါးလွှာ၊ ၁၃၇လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁**

## ဒေါ်ဟေမာထွန်း ၁၂/သဃက(နိုင်)၁၅၄၁၅၀ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ ၂လမ်း၊ အမှတ် ၁၁၁နေ ဦးဇော်ဝင်း(ကန်ထရိုက်တာ) ၁၂/ဥကတ(နိုင်) ၀၈၂၀၃၀သည် သဃ်န်းကျွန်းမြို့နယ်၊ (င/က) ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် (၆/၄၃)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် မြေပိုင်ရှင်နှင့်အခန်းပေးအခန်းယူ (၃)ခန်းတွဲ (၄ထပ်ခွဲ) တိုက်ဆောက်လုပ်ခဲ့ရာ ဒေါ်ဟေမာထွန်းသည် ကျွန်ုပ်၏မိတ်ဆွေဦးဇော်ဝင်း (ကန်ထရိုက်တာ) အကျိုးခံစားခွင့်ရရှိမည့် တိုက်ခန်းများအနက် မြေညီအလယ်ခန်းအား ကြိုပွိုင့်အရစ်ကျစနစ်ဖြင့် ဝယ်ယူရန်သဘောတူပြီး ၁-၁-၂၀၁၄ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေ၍ အရောင်းအဝယ်စာချုပ်ပြုလုပ်ခဲ့သော်လည်း ဒေါ်ဟေမာထွန်းသည် အရောင်းအဝယ်စာချုပ်ပါ ကတိပြုစည်းကမ်းချက်များအတိုင်း ထပ်မံပေးချေရမည့်ငွေများအား သတ်မှတ်ရက်များကျော်လွန်သည်အထိ ဆက်သွယ်ပေးချေခြင်းမရှိသလို ကျွန်ုပ်မိတ်ဆွေက အကြိမ်ကြိမ် ဆက်သွယ်ရာတွင်လည်း မည်သို့မျှ ဆက်သွယ်၍မရရှိသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေဦးဇော်ဝင်းနှင့် လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးမျိုးညွန့် LL.B(ဖျာပုံ)၊ တရားလွှတ်တော်ရှေ့နေ(၈၇၂၆)**
**အမှတ် ၄၂၊ ငါးလွှာ၊ ၁၃၇လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် A.G.T.I ဒီပလိုမာ
## အောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားအတွက်

# ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင် ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ရက်(စနေနေ့) နံနက်၉း၀၀နာရီ

**အခမ်းအနားကျင်းပခြင်း** - ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားသို့အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများတက်ရောက်ယူနိုင်သည်-

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှု သိပ္ပံ(ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ)တို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအားအောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက် -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက် -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်းရိုက်ကူးထားသော(တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## အရွယ်မရောက်သေးသောသူငယ်ကို
## အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်
## လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူလူကြီးနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
## ဒက္ခိဏခရိုင်တရားမရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမအထွေထွေအမှုအမှတ် ၁၁

**ဒေါ်ခိုင်မီမီဇင်** **လျှောက်ထားသူ**

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၁၃)၊ မီးရထားဝင်းနေ အရွယ်မရောက်သေးသူ မောင်ဖုန်းမြင့်မိုရ်နှင့် ၄င်းပိုင်သောပစ္စည်းများအပေါ် အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၁၃)၊ မီးရထားဝင်းနေ ဒေါ်ခိုင်မီမီဇင်က အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ရက်(၁၃၇၉ ခုနှစ် နတ် တော်လပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဒက္ခိဏခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဖျာပုံခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်- ၂၆/၂၀၁၇

| | | |
|---|---|---|
| အဏ္ဏဝါထွန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမလီမိတက် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးကျော်သန်း) | **နှင့်** | ၁။ ဦးသိန်းဆန်းအောင်(ခ)ဦးအောင်အောင် ၂။ ဒေါ်ခင်သန်းမူ (အတူလင်မယား) |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ လိပ်ကမ္ဘာကျေးရွာ၊ မြသိန်းတန်ကျေးရွာအုပ်စုနေ ဦးသိန်းဆန်းအောင်၊ ဇနီး ဒေါ်ခင်သန်းမူ (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်တွင် တရားလိုအဏ္ဏဝါထွန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမလီမိတက်(၄င်း၏အခွင့်အရကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးကျော်သန်းက ချေးယူထားသောငွေအရင်းနှင့် အတိုးစုစုပေါင်း ၁၂၈၀၀၀၀၀(တစ်ရာနှစ်ဆယ့်ရှစ်သိန်းကျပ်)တိတိ ရလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကို ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၈ရက်(၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၁ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲဆိုခြင်းကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ထို့အပြင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်ပါရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်ဝယ်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဖျာပုံခရိုင်တရားရုံး**

## အသိပေးကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ပုဇွန်တောင်ချောင်းပေါ်ရှိ သာကေတ တံတားသစ်တည်ဆောက်ရေးစီမံကိန်းတွင် ရေလည်ယက်မ လုပ်ငန်းများ တည်ဆောက်မည်ဖြစ်ပါသဖြင့် ကုန်တင်ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ သတ်မှတ်ထားသည့် ရေလမ်းကင်းလွတ် အမြင့်အတိုင်း ဖြတ်သန်းသွားလာကြပါရန် အသိပေးကြေညာအပ်ပါသည်။

**နေရာ** - ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်တည်ဆောက်နေသော သာကေတတံတားသစ်စီမံကိန်း ရန်ကုန်မြို့။

**နေ့ရက်** - ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ၂၀၁၈ခုနှစ် ဧပြီ ၃၀ရက်အထိ

ရေလမ်းကင်းလွတ်အမြင့် - ၂၁ ပေ

ရေလမ်းကင်းလွတ်အကျယ် - ၆၀ ပေ

**တံတားဦးစီးဌာန**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်(၆)စီးနှင့် Video Conference စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၁၉-၁၂-၂၀၁၇ရက်မှ ၈-၁-၂၀၁၈ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၀-၁-၂၀၁၈ ရက် ၁၀း၀၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ် (၈)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၇၇၊ ၀၆၇-၃၄၁၂၂၄၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအုန်းကြိုင်၏သမီး မမေမီမီခိုင် ၁၀/မလမ(နိုင်)၀၈၀၉၀၃ နှင့် မမိမိခိုင်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမေမီမီခိုင်(ခ)မမိမိခိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/1855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

# (နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၁း၀၀နာရီ

**ကျင်းပမည့်နေရာ** - မဏိရတနာကျောက်စိမ်းခန်းမ ရာဇသင်္ဂဟလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

အသင်းဝင်/အသင်းသားများ လိုက်ပါတက်ရောက်နိုင်ရန်အတွက် ရန်ကုန်သို့ ရောက်ရှိနေသောနယ်အသင်းများမှ အသင်းသူ/ အသင်းသားများနှင့် ရန်ကုန်မှလိုက်ပါလိုသူများသည် ရန်ကုန်မှနေပြည်တော်သို့ အသွား/အပြန်(နေ့ချင်းပြန်)ခရီးစဉ် မော်တော်ယာဉ်များစီစဉ်ထားရှိပါသည်။ ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် လိုက်ပါမည့်သူများသည် ၂၃ ရက် ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ရန် ဖြစ်ပါသည်။

သက်ဆိုင်ရာအသင်းခွဲ(မြို့)များမှ လိုက်ပါတက်ရောက်လိုသော အသင်းသူ/ အသင်းသားများသည် အောက်ဖော်ပြပါ အသင်းရုံးဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**သက်ဆိုင်ရာအသင်းများသို့ဆက်သွယ်ရန်ဖုန်း**

မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ (ကမ္ဘာအေး)ဖုန်း-၀၁-၆၆၅၀၈၀၊ ၀၁-၆၆၃၁၀၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မန္တလေး)ဖုန်း-၀၂-၂၄၇၇၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မိုးကုတ်) ဖုန်း-၀၈၆- ၂၀၈၄၉၊ ၀၈၆-၂၀၇၈၈၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ဖားကန့်) ဖုန်း-၀၇၄-၇၀၈၉၃၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၄၂၂၁၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(စစ်ကိုင်း)ဖုန်း-၀၉-၆၀၀၅၃၂၇၄၆၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်)ဖုန်း-၀၁-၅၃၄၂၆၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်)ဖုန်း-၀၆၇-၄၃၂၁၈၄၊ ၄၃၂၁၈၂

**ရန်ကုန်ခရီးစဉ်စုရပ်နေရာ** - အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ ရန်ကုန်မြို့

**ယာဉ်ထွက်ခွာမည့်ရက်** - ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)

**ယာဉ်ထွက်ခွာမည့်အချိန်** - နံနက် ၄း၀၀နာရီ

(နေပြည်တော်တွင် နေ့လယ်စာဖြင့် ဧည့်ခံပါမည်)

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပရေးကော်မတီ**

# မောင်တောဒေသရှိ မိုးစပါးရိတ်သိမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ပိတ်သိမ်းမည့်နေ့ရက်ထုတ်ပြန်

**မောင်တော ဒီဇင်ဘာ ၁၉**

မောင်တောဒေသရှိမောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် ARSAအစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ ကျန်ရှိနေသော မိုးစပါးများအား ရိတ်သိမ်းခြွေလှေ့ ထိန်းသိမ်းရောင်းချခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာန အသီးသီးကို တာဝန်ခွဲဝေပေးပြီး ဆောင်ရွက်စေခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းရေးလုပ်ငန်းတာဝန်ယူဆောင်ရွက်ရပြီး စပါးထိန်းသိမ်းရောင်းချရေး လုပ်ငန်းများအတွက် မောင်တောတောင်ပိုင်းဒေသအား စိုက်ပျိုးရေးဦးစီးဌာနမှ လည်းကောင်း၊ မောင်တောမြောက်ပိုင်းဒေသအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်ထိ ရိတ်သိမ်းပြီး ၆၆၃၈ ဧကနှင့် ရောင်းချပြီး စပါးတင်းမှာ ၇၁၀၇၂ တင်းဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၄* ❇



မောင်တောဒေသ၌ ရိတ်သိမ်းပြီး မိုးစပါးများအား စနစ်တကျ စုပုံထားသည်ကို တွေ့ရစဉ်။ သတင်းစဉ်

**အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက် ရည်ရွယ်၍ ချီးမြှင့်သည့် Kate Webb ဆုကို မြန်မာနိုင်ငံမှ သတင်းထောက်ကိုမြတ်ကျော်သူ ရရှိ** စာ ၅

**ကိုယ့်သမိုင်းကို ကိုယ်ပဲရေးကြသည်** စာ ၆

**အခွန်ပြုပြင်ပြောင်းလဲရေးအတွက် ဂျေရုဆလင်သို့ သွားရောက်မည့် ခရီးစဉ်ကို မိုက်ပန့်စ် ရွှေ့ဆိုင်း** စာ ၁၄

## မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည့် AFC Cup ပြိုင်ပွဲ အသင်းများထွက်ပေါ်



ရှမ်းယူနိုက်တက်ဂိုးသမား ရာသီကြိုလေ့ကျင့်မှု ပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် 2018 AFC Cup ပြိုင်ပွဲဝင်အသင်းများ စုံလင်စွာထွက်ပေါ်လာပြီဖြစ်ပြီး ဖိလစ်ပိုင်လိဂ်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်သောကြောင့် အသင်းများထွက်ပေါ်လာခြင်းဖြစ်သည်။

2018 AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားပြီး အုပ်စု(F)တွင်

*စာမျက်နှာ ၉ ကော်လံ ၅* ●

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကို ထိုင်းကလပ်သို့ ပြောင်းရွှေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာ့လက်ရွေးစင်နှင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်မှူး ကျော်ကိုကိုသည် ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။ ချင်းရိုင်အသင်းတာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက်တွင် ရန်ကုန်အသင်းမှ တာဝန်ရှိသူများနှင့် အပြောင်းအရွှေ့ကိစ္စအတွက် လာရောက်ဆွေးနွေးခဲ့ပြီး သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

ချင်းရိုင်ယူနိုက်တက်အသင်းသည် ကျော်ကိုကို ကို တစ်လလျှင် လစာ ဒေါ်လာ ၇၀၀၀၊ နေထိုင်ရန်အိမ်နှင့် သွားလာရန်ကား တစ်စီး စီစဉ်ပေးမည်ဖြစ်ပြီး အခြားခံစားခွင့်များလည်း ရရှိမည် ဖြစ်သည်။ ကျော်ကိုကိုသည် ယခုလအတွင်း ချင်းရိုင်ယူနိုက်တက်အသင်း၌ ဆေးစစ်မှုခံယူမည်ဖြစ်ပြီး အောင်မြင်ပါက အပြီးသတ် စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ကစားသမားဘဝ တိုးတက်ရန်နှင့် မြန်မာ့ဘောလုံးလောကကို ပြန်လည်အကျိုးပြုနိုင်ရန် အငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တစ်ရာသီ အငှားစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ထိုင်းကလပ်အသင်းများသည် ၎င်းတို့ဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အာဆီယံကစားသမားတစ်ဦး မဖြစ်မနေခေါ်ယူရမည်ဖြစ်သောကြောင့် မြန်မာကစားသမားများအား ခေါ်ယူခြင်းဖြစ်ပြီး အောင်သူ ပြီးနောက် ဒုတိယမြောက် မြန်မာကစားသမားအဖြစ် ကျော်ကိုကိုက ထိုင်းလိဂ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်နှင့် ရတနာပုံတိုက်စစ်မှူး အောင်သူသည်

*စာမျက်နှာ ၉ ကော်လံ ၁* ❖



ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်မှူး ကျော်ကိုကို ဓာတ်ပုံ-စိုးညွန့်





# မြို့ပြရန်ကုန်နှင့် စားသောက်ဆိုင်အဖုံဖုံ

ဝေယံဦး၊ ဓာတ်ပုံ-ကေဇင်

နီယွန်မီးရောင်ဖြာကျနေသည့် စားသောက်ဆိုင်ခန်းမအတွင်း စားသုံးသူများက စားပွဲလွတ်မရှိအောင် ဝင်ရောက်စားသောက်နေကြသည်။ မိမိတို့ စားပွဲမှာလည်း လူခြောက်ဦးက အပြည့်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာ ဟင်းလျာများ ကုန်နေသော ပန်းကန်များကလည်း အစီအရီ။ သည်ဆိုင်က လက်ရာကောင်းသဖြင့် လာရောက်စားသူက နေ့စဉ်များပြားလျက်ရှိသည်။ စားသောက်ပြီးနောက် ကျသင့်ငွေရှင်းရာ ဘေလ် စာရွက်ပေါ်တွင် အခွန်တံဆိပ်ခေါင်းကပ်မထား။ ကျသင့်ငွေကလည်း မိမိတို့ မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေပြန်သည်။

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်ရာ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးသမားများ၊ ခရီးသွားဧည့်သည်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ စသည်တို့ဖြင့် အမြဲတမ်းစည်ကားနေရာ စားသောက်ဆိုင်များတွင် မလွဲမသွေ ဝင်ရောက်စားသုံးကြရသည်။ စားသောက်ဆိုင်အများစုမှာ သန့်ရှင်းသပ်ရပ်မှု၊ ဝန်ဆောင်မှု၊ စားသုံးဖွယ်ရာများ အရသာအရည်အသွေးမြင့်မားမှုတို့ ကြိုးစားထားသည်ကို တွေ့နေရပြီဖြစ်သည်။

တချို့စားသောက်ဆိုင်များက ဂျပန်စတိုင်၊ တချို့ဆိုင်များက ကိုရီးယားအတိုင်း၊ တချို့က တရုတ်၊ စင်ကာပူ၊ ဟောင်ကောင် စသည်ဖြင့် အမျိုးမျိုးပြင်ဆင်ကာ စားသုံးသူများကို ဆွဲဆောင်ကြသည်ကို တွေ့နေရသည်။ ဟင်းချက်လက်ရာ၊ ဟင်းပွဲများ ပြင်ဆင်ခင်းကျင်းမှုများကလည်း နိုင်ငံတကာအဆင့်မီကြသည်မှာ ကျေနပ်စရာပင်ဖြစ်သည်။ ရန်ကုန်မြို့တွင် နိုင်ငံတကာ စားသောက်ဆိုင်များအတိုင်း စားသုံးခံစားနိုင်ကြပြီဖြစ်ရာ ဧည့်သည်များကို ဧည့်ခံရာတွင် စားသောက်ဆိုင်ပေါများနေပြီဖြစ်သဖြင့် စိတ်ကြိုက်ရွေးချယ်ပေးနိုင်နေပြီဖြစ်ရာ ဧည့်သည်အတန်းနှင့် လိုက်လျောညီထွေရှိသည့် စားသောက်ဆိုင်သို့သာ ခေါ်ဆောင်ရန်သာ လိုတော့သည်။

သို့သော် အားနည်းချက်တစ်ရပ်ရှိနေသည်။ ယင်းမှာ အခြားမဟုတ်။ စားသောက်ဆိုင်အတော်များများတွင် ရနိုင်သော ဟင်းအမည်များ၊ စားသောက်ဖွယ်ရာများကိုသာ ဖော်ပြထားပြီး ဈေးနှုန်းများ မဖော်ပြထားခြင်းပင်။ ဆိုင်ရှင်များသည် မိမိဆိုင်သို့ လာရောက်စားသုံးသူများအပေါ် ပွင့်လင်းရန်၊ ရိုးသားရန် လိုအပ်မှုရှိနေသည်မှာ အမှန်ပင်။

ရန်ကုန်မြို့သည် အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ဖြစ်ရာ နိုင်ငံတကာနှင့်ကူးလူးဆက်ဆံမှု၊ သွားလာဝင်ထွက်မှုများ တဖြည်းဖြည်းများပြားလာနေသည့်မြို့ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဧည့်သည်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပညာရှင်များသည် နိုင်ငံအတော်များများသို့ ရောက်ဖူးကြသူများ၊ စားသောက်ဆိုင်များတွင် ဝင်ရောက် စားသောက်ကြဖူးသူများဖြစ်လေရာ အစားအသောက်အမည်ဘေးတွင် ဈေးနှုန်းမကပ်ထားခြင်းသည် ရိုးသားခြင်း၊ ပွင့်လင်းမှုမရှိခြင်းဆိုသည်ကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

မိမိသည် စင်ကာပူ၊ ထိုင်းနှင့်အင်ဒိုနီးရှားနိုင်ငံများသို့ ရောက်ခဲ့ဖူးရာ စားသောက်ဆိုင်တိုင်း၌ ရရှိနိုင်သည့် စားသောက်ဖွယ်ရာများနှင့်အတူ ဈေးနှုန်းကျသင့်ငွေကို စာလုံးကြီးကြီးဖြင့် ထင်သာမြင်သာရေးသားထားသည်ကို တွေ့မြင်ရသည်။ တချို့ဆိုင်များတွင် နမူနာအဖြစ် စားသောက်ဖွယ်ရာများကို ပန်းကန်များ၊ အသင့်စားသုံးနိုင်သော ထုပ်ပိုးမှုများဖြင့် ပြင်ဆင်ပြသထားပြီး ဈေးနှုန်းကိုပါ ရေးသားဖော်ပြထားရာ ဧည့်သည်က မိမိစားသုံးလိုသည့် စားဖွယ်ကို လွယ်ကူစွာ လက်ညှိုးထိုးပြလိုက်ရုံနှင့် ကိစ္စပြီးလေသည်။ ဈေးနှုန်းကိုပါ သိရှိထားပြီးဖြစ်ရာ စားသုံးသူက စိတ်လက်ပေါ့ပါးစွာ၊ စိတ်အေးချမ်းစွာ စားသုံးနိုင်လေသည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ မြို့ကြီးအများအပြားရှိ စားသောက်ဆိုင်များတွင် ဈေးနှုန်းများ မဖော်ပြထားသဖြင့် စားသုံးသူများ စိတ်တထင့်ထင့်နှင့် စားသုံးကြရသည်။ စားသောက်ပြီးပါက ဘယ်လောက် ကျသင့်မည်လဲဆိုသည်ကို ရင်တထိတ်ထိတ်နှင့် စောင့်ဆိုင်းနေကြရသည်မှာ စိတ်ပင်ပန်းမှုဖြစ်ရသည်။ ငွေရှင်းကောင်တာမှ တွက်ချက်မှုကို ခေါင်းငုံ့ လည်စင်းခံကြရသည်။ စားသုံးသူ၏ အခွင့်အရေးဆုံးရှုံးရပြီး ဆိုင်ရှင်များ၏ ပွင့်လင်းမှု၊ ရှင်းလင်းမှုမရှိခြင်းမှာ စားသုံးသူအပေါ် အလေးမထားခြင်း၊ မရိုးသားခြင်းပင် ဖြစ်သည်။

ယခုစားသောက်ဆိုင်များတွင် အခွန်တံဆိပ်ခေါင်းများ ရောင်းချထားပြီး စားသုံးသူများအနေဖြင့် ကျသင့်ငွေကို ပြေစာနှင့်ရှင်းရာတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် သတ်မှတ်ထားသော်လည်း ဆိုင်အတော်များများက ပြေစာတွင် တံဆိပ်ခေါင်းများ မကပ်ကြ။

ရန်ကုန်မြို့ရှိ စားသောက်ဆိုင်အတော်များများတွင် ဝန်ဆောင်မှုများ ပေးချေရသည်ကို စားသုံးသူများထင်သာမြင်သာတွေ့နိုင်သည့်နေရာများ၌ ကပ်ထားရန်၊ ချိတ်ဆွဲထားရန်၊ နှုန်းထားများကိုလည်း စားသုံးသူများ မြင်တွေ့နိုင်ရေး ဖော်ပြထားရန် ညွှန်ကြားထားကြောင်း စားသုံးရေးရာဦးစီးဌာနက အသိပေးထားသော်လည်း လက်တွေ့အကောင်အထည်ဖော်မှုမှာ အားနည်းနေဆဲဖြစ်သည်ကို တွေ့နေရသည်။

စားသောက်ဆိုင်အများစုတွင် ဝန်ဆောင်ခများကို ငွေစာရင်းတွင်သာ ထည့်ရေးပြီး တောင်းခံကြသဖြင့် စားသုံးသူများအတွက် ပေးချေရသည်မှာ ကသိကအောက်နိုင်လှသည်။

**အချပ်ပို (ခ) သို့**



# စည်းကမ်းရှိသော ရန်ကုန်မြို့တော်ကြီးအဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့

တင်ဝင်းလေး(ကြည့်မြင်တိုင်)



**ရန်ကုန်** မြို့တွင် ခြေကျင်ခရီးသွားပြည်သူအများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တပ်မတော်အစိုးရလက်ထက်နှင့် အရပ်သားအစိုးရလက်ထက်တွင် လူကူးခုံးကျော်တံတားများကို ဆက်တိုက်ဆိုသကဲ့သို့ တည်ဆောက်ပေးခဲ့သည်။

လူကူးခုံးကျော်တံတားများနှင့် အလှမ်းကွာရာနေရာများ၊ ခရီးသွားတို့များပြားရာ နေရာတို့တွင် လူကူးမျဉ်းကျားများကို ထင်ရှားစွာ ရေးသားပေးခဲ့သည်။

သို့သော် ခရီးသွားအများစုမှာ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းကို လိုက်နာမှုအားနည်းခဲ့ကြသည်။ သို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီကို လိုအပ်သောဌာနများနှင့် ပေါင်းစပ်ဖွဲ့စည်းပေးပြီး စည်းကမ်းထိန်းသိမ်းရေးကို ဆောင်ရွက်ခဲ့ကြသည်။ ကြိုတင်အသိပေးကြေညာချက်များ ထုတ်ပြန်ခြင်းနှင့် ပညာပေးကာလများ သတ်မှတ်ပေးခဲ့သည်။ ထိုကာလများကျော်မှ ကားကြီးတစ်စီးဖြင့် မြို့ကိုပတ်ကာ စည်းကမ်းမဲ့လမ်းကူးသူများကို ဖမ်းဆီးကားပေါ်တင်ပြီး သတ်မှတ်တရားရုံးတို့တွင် ငွေဒဏ်အဖြစ် သတ်မှတ်ပြစ်ဒဏ်များ ပေးခဲ့သည်။

ရုံးချိန်၊ သတ်မှတ်ချိန်းဆိုထားသော အချိန်များထက်



လွန်စွာနောက်ကျမှုများ ဖြစ်ခဲ့ကြရသည်။ အချို့သတ်မှတ်ဒဏ်ငွေမပါ၍ အိမ်နှင့် မိတ်ဆွေများသို့ အကြောင်းကြားမှုကြောင့် နောက်မှလိုက်ကာ ဒဏ်ငွေပေးဆောင်ရခြင်းမျိုးလည်း ရှိခဲ့သည်။ ထိုအချိန်က အမျိုးသား၊ အမျိုးသမီးကြီးကြီးငယ်ငယ် ဘယ်သူမပြု မိမိမှုဆိုသော်လည်း ကားပေါ်ပါသွားသည်နှင့် အရှက်ရခဲ့ကြရသည်။ ဖမ်းဆီးခြင်းကို ရုံးတက်ချိန်၊ ရုံးဆင်းချိန်များတွင် အဓိကဆောင်ရွက်ခဲ့ကြသည်။

ခြေကျင်သွားခရီးသွားအများစုကလည်း အခြေအနေအချိန်အခါကို ကြည့်ကြသည်။ စည်းကမ်းထိန်းသိမ်းရေးယာဉ်ကြီးအနီးပတ်ဝန်းကျင်၌ လှည့်နေသည်ဟု အသံကြားလျှင် အနည်းငယ် အပင်ပန်းခံ၍ လူကူးမျဉ်းရှိရာသို့ အရောက်သွား၍ လမ်းကူးကြသည်။ သို့မဟုတ်ပါက မိမိရောက်ရှိနေရာ ပလက်ဖောင်းမှ တစ်ဖက်ပလက်ဖောင်းသို့ ကားများအကြားမှ အလျင်အမြန်ကူးပြီးသားဖြစ်ကြသည်။

စောစောကဆိုသကဲ့သို့ ခြေကျင်ခရီးသွားများအနေဖြင့် လူကူးမျဉ်းကျားအထိရောက်အောင်သွား၍ လမ်းကူးရာတွင် အဆင်ပြေ လွယ်ကူလှသည်တော့ မဟုတ်ပေ။ မီးပွိုင့်အမိတွင် လူကူးမျဉ်းကျားကို မချန်လှပ် လူကူး မျဉ်းကူးအပေါ်အထိပင် ယာဉ်ကိုရပ်တန့်၍ မီးပွိုင့်ကို စောင့်ကြသည်။ ခရီးသွားများအနေဖြင့် မျဉ်းကျားပေါ်ရပ်ထားသော ယာဉ်များအကြားမှ မြွေလိမ်မြွေကောက်သဖွယ် ကွေ့ပတ်လမ်းကူးကြရသည်။

မီးပွိုင့်လွတ်၍ တစ်ဖြောင့်တည်းသွားသော ယာဉ်အများစုအနေဖြင့် လူကူးမျဉ်းကျားမှ ခရီးသွားများကို ဦးစားမပေး၊ မငဲ့ညှာ အရှိန်လျှော့ပေးခြင်းမရှိသည့်အတွက် မျဉ်းကျားပေါ်မှ လမ်းကူးလင့်ကစား ပြေးပြေးလွှားလွှား ဖြစ်သည်။

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် လူကူးမျဉ်းကျားမှ လမ်းကူးသူများကို ကူညီရန် သူတို့တာဝန်မဟုတ်၊ စည်းကမ်းမဲ့လမ်းကူးသူများကို ဖမ်းဆီးရန်သာဖြစ်သည်။ ဤသည်ကလည်း တစိုက်မတ်မတ်မဟုတ်၊ ကာလအတိုင်းအတာတစ်ခုအထိသာ အစဉ်အမြဲ တွေ့မြင်နေရပြီး တစ်ခါတစ်ခါ အိပ်မက်အရ ပြန်ပေါ်လာလိုက်နှင့် ပေါ်ချီတစ်ခါ မြုပ်ချီတစ်လှည့် ဖြစ်နေခြင်းကြောင့် သတ်မှတ်စည်းကမ်းဥပဒေများအပေါ် လိုက်နာမှု အစဉ်အားနည်းတတ်သူတို့အဖို့ အကြိုက်ဖြစ်ခဲ့သည်ကိုလည်း ပြန်လည်သုံးသပ်မိခဲ့သည်။

တစ်ဖန် ခြေကျင်ခရီးသွားများ အစဉ်များပြားရာ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံနေရာတွင် ယခင်က လူကူးခုံးကျော်တံတားတစ်စင်းတည်းသာ ရှိခဲ့ရာမှ ယခုအခါ ပတ်လည်တံတားအဖြစ် လေးဖက်လေးတန်ဆက်၍ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ဖြည့်ဆည်းပေးခဲ့သည်။ သို့သော် တံတားအပေါ်၌ အစဉ်အမြဲလိုလို ဈေးသည်များက ရှိနေတတ်ကြသည်။

ထို့အပြင် အငြိမ်းစားဝန်ထမ်းအချို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နေ့စားအဖြစ် ပြန်လည်ခန့်ထား၍ တံတားအောက်မှ စည်းကမ်းမဲ့ လမ်းဖြတ်ကူးမည့် သူများကို တံတားပေါ်မှ သွားကြရန် ညွှန်းဆိုအသိပေးမှုများကို ပြုလုပ်စေခဲ့သည်။ ဤသည်ကလည်း အစဉ်အမြဲမရှိ အနတ္တပင်ဖြစ်သည်။ မြုပ်ချိန်တစ်ခါ ပေါ်ချီတစ်လှည့်ဖြင့် စည်းကမ်းမလိုက်နာသူတို့အား တားချီတစ်ခါ၊ လွှတ်ချီတစ်လှည့်ဆိုသကဲ့သို့ ရှိနေသည်။

ယာဉ်ထိန်းရဲတစ်ဦး၏ အဆိုအရ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် အသစ်အသစ်သော ယာဉ်ထိန်းရဲ၊ ရဲမေများကို တိုးမြှင့်ခန့်ထားသော်လည်း ဝင်လာသူနှင့် ပြန်လည်ထွက်သွားသူတို့ဖြင့် လက်ရှိအခြေအနေအရ အင်အား ၁၀၀၀ ကျော်ဖြင့်သာ များပြားသောယာဉ်များကို ထိန်းသိမ်းနေရသည်ဟု သိရသည်။

ဤတွင် တည်ဆောက်ပြီး လူကူးခုံးကျော်တံတားများကို ပြန်လည်လေ့လာကြည့်ပါက တံတားပေါ်မှ သွားလာသူများသောတံတားနှင့် တံတားရှိလျက် တံတားအောက်နှင့် တံတားအနီးလမ်းကူးသူ များနေသော နေရာများကို နှိုင်းယှဉ်ကြည့်ရန် လိုအပ်ပြီဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့မှ လူကူးခုံးကျော်တံတား၊ မင်္ဂလာဒုံမြို့နယ် အထက(၂) အောင်ဆန်းသူရိယ လှသောင်းကျောင်းအနီးမှ လူကူးခုံးကျော်တံတား၊ ကမ္ဘာအေးဘုရားလမ်း ကမ္ဘာအေးဘုရားပရိဝုဏ်ရှေ့မှ လူကူးခုံးကျော်တံတား၊ အင်းစိန်လမ်းမကြီး လှည်းတန်းလမ်းဆုံအနီးမှ လူကူးခုံးကျော်တံတား၊ ဗဟန်း(၃) လမ်းအနီးမှ လူကူးခုံးကျော်တံတားတို့မှာ ခြေကျင်ခရီးသွားများ တကယ်ရောက်ဖြတ်သန်းရာ တံတားများ ဖြစ်သည်။ တံတားတည်ဆောက်ပေးရသည်မှာ အကျိုးရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဘာကြောင့်နည်း ... လမ်းကူးခရီးသည်များ လွယ်ကူစွာ စည်းကမ်းမဲ့ မဖြတ်သန်းနိုင်ရေးအတွက် စီစဉ်ထားမှုကြောင့်ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့မှ တံတားဆိုပါက ယခင်တံတားဟောင်းရှိစဉ်ကတည်းကပင် ကားလမ်းပေါ်မှ အလွယ်တကူ ဖြတ်သန်းလမ်းမကူးနိုင်ရန်အတွက် ကားလမ်းအလယ်တွင် ရှည်လျားသော စတီးဝရန်တာများကို ချထားခဲ့သည်။ မင်္ဂလာဒုံ အထက(၂) ကျောင်းအနီးမှ တံတားဆိုပါက တံတားအောက်မှ ဖြတ်သန်း၍ ကားလမ်းပေါ်၌ တံတားနှင့် အလှမ်းဝေးသည်အထိ စတီးသံပန်းများ ကာရံထားခြင်းဖြစ်သည်။ ထို့အတူ အင်းစိန်လမ်းမ လှည်းတန်းလမ်းဆုံမှ တံတားဆိုပါလျှင်လည်း စတီးသံပန်းများကို ရှည်လျားစွာ ချထားသည်။ ဗဟန်း (၃) လမ်းအနီးမှ တံတားဆိုပါကလည်း လမ်းအလယ်မှ ကွန်ကရစ်တုံးများကို ရှည်လျားစွာ တစ်တုံးနှင့်တစ်တုံး အကြားအလပ်မရှိကပ်လျက် တန်းစီကာရံထားခြင်းတို့ကြောင့် အလွယ်ကြိုက်သော ခြေကျင်ခရီးသွားများအတွက် အခွင့်မသာတော့ဘဲ ဖြစ်ရသည်။

ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းပေါ်ရှိ လူကူးခုံးကျော်တံတား၊ ကမ်းနားလမ်းပေါ်ရှိ ပန်းဆိုးတန်းလမ်းအနီးမှ လူကူးခုံးကျော်တံတား၊ သိမ်ကြီးဈေးအနီး အပေါ်အောက်လမ်းဆုံတို့မှ လူကူးခုံးကျော်တံတား၊ လမ်းမတော်လမ်းနှင့် အနော်ရထာလမ်းဆုံမှ လူကူးခုံးကျော်တံတား၊ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း၊ မော်တင်မှတ်တိုင်အနီးမှ လူကူးခုံးကျော် တံတား စသည်တို့မှာ ခရီးသွားများ တက်လှမ်းသွားလာသူ အလွန်နည်းသော တံတားများ ဖြစ်သည်။ တံတားရှိပါလျက် ကားလမ်းပေါ်မှပင် လွယ်ကူစွာ ဖြတ်သန်းနေသည်ကို တွေ့ရသည်။

ဘာကြောင့်နည်း ... လမ်းဆုံလမ်းခွများဖြစ်၍ ကားလမ်းပေါ်တွင် အကာအရံများ ရှည်လျားစွာချထားခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်။ အလွယ်တကူ ဖြတ်သန်း၍ရသောကြောင့် ဖြစ်သည်။ ဤကဲ့သို့သော နေရာမျိုးတွင် သတိပေး တားမြစ်ရန် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ အမှန်တကယ် လိုအပ်နေခြင်းဖြစ်သည်။ မြုပ်ချီတစ်ခါ ပေါ်ချီတစ်လှည့်မဟုတ်ဘဲ ရေရှည်လိုအပ်ပါသည်။ ခြေကျင်ခရီးသွားများအနေဖြင့်လည်း စင်ကာပူလို မြို့တော်ကြီးဖြစ်ချင်ပါသည်ဟု ပါးစပ်ကပြောနေခြင်းထက် မိမိကိုယ်၌ကပင် အသေးအဖွဲ့ဖြစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကအစ လိုက်နာပြီး စည်းကမ်းရှိသော ရန်ကုန်မြို့တော်ကြီးဖြစ်စေရေးမှာ လိုအပ်၍ သတ်မှတ်ထားသော စည်းကမ်းဥပဒေများကို လိုက်နာခြင်းဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

**မြို့ပြရန်ကုန်နှင့် စားသောက်ဆိုင်အဖုံဖုံ - - - မှ**

အမှန်မှာ စားသောက်ဆိုင်အတွင်းမှာပင် ထင်သာမြင်သာဖြစ်နိုင်သည့်နေရာ၌ စားသုံးသူများ သတိပြုသိရှိရန် ကပ်ထားဖော်ပြပေးရမည်သာဖြစ်သည်။ မလိုက်နာလျှင် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်၍ရသလို လုပ်ငန်းလုပ်ဆောင်ခွင့်ကို ရပ်ဆိုင်းသည်အထိ အရေးယူမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော မှတ်ပုံတင်ပြီးသည့် စားသောက်ဆိုင်များမှာ ၄၈၀ ကျော်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းကို ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ မှတ်ပုံတင်ထားသည့် စားသောက်ဆိုင်ပေါင်းမှာ ၄၈၀ ကျော်ရှိသည့်အနက် ရန်ကုန်မြို့တွင် ဆိုင်ပေါင်း ၁၄၀ ကျော်ရှိနေကြောင်း သိရသည်။

စားသောက်ဆိုင်များအနေဖြင့် မိမိဆိုင်သို့ လာရောက်စားသုံးသူများအပေါ် မှန်ကန်မှုမရှိသည့် ပြုမူဆောင်ရွက်မှုများ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်ရန် လိုအပ်နေသလို ရိုးသားပွင့်လင်းမှုရှိရန်လည်း လိုအပ်လျက်ရှိသည်။ စားဖွယ်ဈေးနှုန်းများကို ပွင့်လင်းစွာ ဖော်ပြခြင်း၊ ဝန်ဆောင်ခကောက်မှုကို သိသာထင်ရှားစွာ ပြသချိတ်ဆွဲထားခြင်းဖြင့် စားသုံးသူများအပေါ် အစွမ်းကုန် ရိုးသားရန် လိုအပ်နေပြီဖြစ်သည်။

ယခု မိမိတို့ပင် စားသောက်ဆိုင်တွင် စားသောက်ပြီး ငွေရှင်းမှသာ မျှော်မှန်းမထားသည့် ငွေပမာဏဖြစ်နေရခြင်း၊ ဝန်ဆောင်ခပေးချေရမှုသိခြင်း၊ အခွန်တံဆိပ်ခေါင်း မကပ်ထားခြင်းများ တွေ့မြင်နေရရာ စိတ်ထဲမသက်မသာဖြစ်နေမိသည်က အမှန်ပင်။

စားသောက်ဆိုင်စားပွဲမှစပြီး အဝေးစားပွဲများသို့ လှမ်းကြည့်လိုက်ရာ ငွေရှင်း ပြေစာကို ကြည့်ကာ အပျော်အပြုံးကင်းမဲ့နေသော စားသုံးသူအချို့၏ မျက်နှာများကို မြင်တွေ့နေရသည်မှာ မည်သို့ နားလည်ရမည်မသိပေ။ ။

# စက်မှုလက်မှုထွန်းကားရာ ရန်ကုန်မြို့မဟာ



မောင်မောင်ထွေး

**ပြီးခဲ့တဲ့ဆယ်စုနှစ်များစွာကတည်းက နိုင်ငံတော်ရဲ့စီးပွားရေးကို အဓိက အထောက်အကူပြုသည့် တိုင်းဒေသကြီး ခြောက်ခုထဲမှာ ရန်ကုန်နဲ့ ဧရာဝတီက ထိပ်ဆုံးမှာပါ။ ဧရာဝတီက စိုက်/မွေးကဏ္ဍ၊ ရန်ကုန်က စက်မှုလက်မှုကဏ္ဍနဲ့ နိုင်ငံတော်ရဲ့GDP ထိပ်ဆုံးနေရာကို သူတစ်ပြန် ကိုယ်တစ်ပြန် နေရာယူလေ့ရှိတယ်။**

လက်ရှိမှာလည်း ရန်ကုန်ဟာ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းဒေသကြီးပီပီ စက်မှုဇုန်တွေသာမက အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ၊ အိမ်တွင်းမှု စက်မှုလက်မှုလုပ်ငန်းတွေကလည်း ဆင်ခြေဖုံးရပ်ကွက်တွေထဲမှာ လက်ညှိုးထိုးမလွဲပါ။ ကျွန်တော့်အိမ်ရဲ့ ကပ်၍ဘေးအိမ်မှာတောင် အိမ်တွင်းမှု သံဖြူလုပ်ငန်းလေးတစ်ခု ရှိသေးတယ်။ အိမ်တွင်းမှုလုပ်ငန်းဆိုတဲ့အတိုင်း သူ့အိမ်ရဲ့ အိမ်ရှေ့မှာပဲ လုပ်ငန်းလေး တည်ထားတာပေါ့။

မူလကတော့ ပိုင်ရှင်ကိုယ်တိုင်တစ်ဦးတည်း စလုပ်ပေမယ့် လုပ်ငန်းလေးက တွင်ကျယ်လာပြီး လုပ်ငန်းသုံး လက်တွန်းလှည်းလေးတွေ၊ အလုပ်ပမဏ္ဍာပ်တွေပါမကျန် လုပ်ငန်းလာအပ်တော့ တပည့်တပန်း အလုပ်သမားလေးတွေနဲ့ မိုးလင်းမိုးချုပ် လည်ပတ်နိုင်လာတယ်။ တစ်ခါတစ်ခါကျတော့လည်း မီးပြတ်ရင် အလုပ်ခဏရပ်ပြီး မီးလာမှ အပြေးအလွှားလုပ်ရတော့ ညဉ့်ဦးယံအထိ လုပ်ကြရတယ်။ သူတို့အလုပ်ကလည်း လျှပ်စစ်မီးက အဓိကကိုး။ သံချောင်း၊ သံပြားတွေကို ဖြတ်ရတယ်၊ တောက်ရတယ်၊ ပြီးရင် ဂဟေဆော်ပြီး ဆက်ရတဲ့ အလုပ်ကိုး။



**ရန်ကုန်မြို့သာကေတမြို့နယ်ရှိ ဂျပန်ကုမ္ပဏီပိုင် သံမဏိသံပေါင်ထုတ်လုပ်သည့်လုပ်ငန်းမှ လုပ်သားတစ်ဦးကို တွေ့ရစဉ်။**

သူတို့ အိမ်တွင်းမှုလုပ်ငန်းလေး သို့ကလို စည်ပင်ကြီးထွားလာတာကို တစ်ဖက်က ကျွန်တော်တို့ မုဒိတာပွားဝမ်းမြောက်ရသလို တစ်ဖက်ကလည်း မီးအားအတက်အကျကြောင့် ရုံးအားလပ်ရက် နေ့လယ် နေ့ခင်း ကိုယ့်အိမ်မှာ တီဗွီကြည့်လို့ မရတာမျိုး၊ ဩော်နံ့နဲ့အတူ ဆူညံသံ မျိုးစုံကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရတယ်။

နှလုံးသားနဲ့ ယှဉ်တွဲစဉ်းစားရင် ရုံးအားရက်မှာကိုယ့်အိမ်မှာ အေးအေးလူလူ အနားယူချင်လို့ လူနေရပ်ကွက်တွေထဲမှာ အလုပ်ရုံတွေ မရှိစေချင်မိပေမယ့် ဦးနှောက်နဲ့ယှဉ်တွဲစဉ်းစားကြည့်ပြန်တော့ ကျွန်တော်တို့ရန်ကုန်၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အိမ်တွင်းမှု စက်မှုလက်မှုလုပ်ငန်းတွေ၊ အသေးစား အလတ်စားလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ ပိုမိုစည်ပင် ထွန်းကားစေချင်မိတာ အမှန်ပါပဲ။

စာဖတ်သူ မိတ်ဆွေ၊ သက်ကြီးပိုင်းလူကြီးတွေ ယခုတိုင်တသသဖြစ်ခဲ့ကြတဲ့ ဖဆပလခေတ်က စက်မှုလက်မှုဖွံ့ဖြိုးမှုကို ပြန်လေ့လာကြည့်ကြရအောင်။

ဖဆပလခေတ်ရဲ့ မြန်မာ့စီးပွားရေး အောင်မြင်မှုကို လေ့လာကြည့်ရင် ဖဆပလရဲ့ ဦးကျော်ငြိမ်းကို ကျွန်တော်တို့ ချန်ထားလို့မရပါဘူး။ ဦးကျော်ငြိမ်းဟာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဘုရင်ခံကောင်စီ (ဖဆပလ) အစိုးရအဖွဲ့မှာ ၁၉၄၇ ခုနှစ်ကတည်းက ဝန်ကြီးစဖြစ်တယ်။ အသက်က ၃၃ နှစ်၊ ၃၄ နှစ်ပဲ ရှိသေးတယ်။ ပြည်ထဲရေးဝန်ကြီး တာဝန်စယူခဲ့ပြီး သမဝါယမဝန်ကြီး၊ စက်မှုလက်မှုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးချုပ်တာဝန်တွေအထိ အဆင့်ဆင့် ထမ်းဆောင်ခဲ့တယ်။

၁၉၄၉ ခုနှစ်မှာ သမဝါယမဝန်ကြီးအနေနဲ့ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့တယ်။ ကုန်ဈေးနှုန်း ကျဆင်းရေး၊ ထိုခေတ်က လူပေါင်းများစွာ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ အိမ်တွင်းရက်ကန်းလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့တယ်။

၁၉၅၄ ခုနှစ်မှာ စက်မှုလက်မှုဝန်ကြီးအနေနဲ့ စက်မှုလက်မှုလုပ်ငန်း ထွန်းကားရေးအတွက် မရှိမဖြစ်လျှပ်စစ်ဓာတ်အားပေးမီးစက်များကို နှစ်နှစ်အတွင်း မြို့တိုင်းမှာ တည်ဆောက်ပေးခဲ့တယ်။ လောပိတ ရေအားလျှပ်စစ်စက်ရုံကြီးကိုလည်း အောင်မြင်စွာတည်ဆောက်နိုင်ခဲ့တယ်။

သကြားစက်၊ ဂုန်လျှော်စက်၊ ချည်ထည်စက်တွေတည်ဆောက်နိုင်ခဲ့လို့ စစ်ပြေးဒုက္ခသည်ပေါင်း များစွာ အလုပ်အကိုင်တွေရခဲ့ကြသလို အရပ်သားပုဂ္ဂလိကပိုင် စက်ရုံများကိုလည်း ပံ့ပိုးကူညီမှုများ ပေးခဲ့တဲ့အတွက် ဘီစကွတ်မုန့်၊ စီးကရက်၊ ဒန်အိုးဒန်ခွက်၊ စွပ်ကျယ်၊ ကြွေပန်းကန်လုံး၊ ပန်းကန်ပြား၊ သံပန်းကန်စတဲ့ လုပ်ငန်းတွေ၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ သားရေနယ်လုပ်ငန်းများ စသဖြင့် လုပ်ငန်းများစွာဟာ နိုင်ငံခြားထွက်ကုန်ပစ္စည်းများနဲ့ ယှဉ်ပြိုင်နိုင်သည်အထိ တိုးတက်ကြီးပွားလာခဲ့တယ်။

အိမ်တွင်းလက်မှုလုပ်ငန်းများကိုလည်း အားပေးခဲ့တယ်။ အထူးသဖြင့် ရက်ကန်း၊ ယွန်းထည်နဲ့ ကျောက်သွေးလုပ်ငန်းတို့ဖြစ်ပါတယ်။ အလားတူ ရန်ကုန်တစ်မြို့တည်းမှာပဲ စက်မှုလုပ်ငန် ကြီးပေါင်း ၂၀၀၀ ကျော်ကို မျက်နှာကြီးငယ်မရွေး၊ အဂတိမလိုက်စားဘဲ နိုင်ငံ့အကျိုးအတွက် ထိထိရောက်ရောက် ကူညီခဲ့တယ်။ သို့ကလိုကြောင့် ထိုခေတ် စက်မှုလုပ်ငန်းရှင်ကြီးငယ်မရွေးအားလုံးက ဦးကျော်ငြိမ်းကို မြန်မာ့စက်မှုလက်မှုတော်လှန်ရေးကြီးရဲ့ ဖခင်လို့တောင် ခေါ်ဝေါ်ကြပြီး ကျေးဇူးတင်မဆုံး ရှိကြတယ်။

မြန်မာ့ဒီမိုကရေစီခေတ်ဦး ရောင်နီသန်းချိန်က အစပြုပြီး ဖွံ့ဖြိုးစည်ပင်ထွန်းကားလာတဲ့ စက်မှုလက်မှုလုပ်ငန်းတွေဟာ မြန်မာ့ဒီမိုကရေစီ နေမင်းညိုချိန် အရောက်မှာတော့ ပြည်သူပိုင်အသိမ်းခံလိုက်ရပြီး ကာလအတန်ကြာ ပြိုလဲခဲ့ရတယ်။ သို့မို့ကြောင့် ပစ္စုပ္ပန်တစ်ကျော့ပြန် ဒီမိုကရေစီခေတ်မှာ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများသာမက အသေးစား၊ အလတ်စားလုပ်ငန်းတွေ အပါအဝင် စက်မှုလက်မှုလုပ်ငန်းတွေ အားလုံး ပြန်လည်အားယူနိုးထလာဖို့ လိုအပ်လာ ပါပြီ။

နိုင်ငံတော်ရဲ့ GDP ကို စက်မှုလုပ်ငန်းနဲ့ ထိပ်တန်းအဆင့်က အထောက်အကူပြုပေးနေတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာလည်း ဆိုခဲ့ပါ စက်မှုလက်မှုလုပ်ငန်းတွေ ပြန်လည်အားယူနိုးထဖို့က ပိုပြီးအရေးကြီးတယ်လို့ ဆိုရမှာပါ။

သို့သော်ငြား ဆိုခဲ့ပါ ဖွံ့ဖြိုးမှုက ရပ်ရွာနေ ပြည်သူများရဲ့ လွတ်လပ်ခွင့်နဲ့ ဝိရောဓိမဖြစ်ဘဲ ဟန်ချက်ညီညီ ဖြစ်တည်နိုင်ဖို့က စိန်ခေါ်မှုတစ်ရပ် ဖြစ်နေကြောင်းပါ။ ။



**ရန်ကုန်ဆိပ်ကမ်း**

# အနာဂတ်၏လူငယ်များ အသုံးချခံ သားကောင်များ မဖြစ်စေချင်

**သော်တာနမ့်စန်**

ယနေ့ မြန်မာနိုင်ငံ၏ မြို့ပြကြီးတစ်ခုဖြစ်သော ရန်ကုန်မြို့သည် လူနေထူထပ်လာသည်ကို မြို့နယ်အားလုံးနီးပါးရှိ ရပ်ကွက်များတွင် တွေ့မြင်ရမည်ဖြစ်သည်။ မွေးဖွားနှုန်းနှင့် သေဆုံးနှုန်းတွင် နှစ်စဉ် မွေးဖွားမှုတိုးလာသည့်နည်းတူ ရန်ကုန်မြို့အနီးရှိ မြို့နယ်တို့တွင် ဒေသအသီးသီးမှ ရွှေ့ပြောင်းရောက်ရှိလာသူတို့ဖြင့် လူဦးရေနှစ်စဉ်တိုးလာလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များ တိုးလာသောကြောင့် ထိုကလေးများအနာဂတ်ကို ပုံဖော်ရန် စီမံထားမှုမရှိကြသည့်အတွက် လမ်းလျှောက်တတ်သော အချိန်မှစ၍ ထိုကလေးငယ် အများစုသည် လမ်းပေါ်တွင် နေထိုင်မှုများလာလျက် ရှိသည်။ ထိုသို့သော ကလေးများကို ရန်ကုန်မြို့၏ လူစည်ကားရာ နေရာများနှင့် စက်မှုဇုန်၊ ဈေး၊ ပလာဇာများ၊ ခုံးကျော်တံတားများနှင့် သင်္ဘောဆိပ်၊ ကားဝင်းတို့တွင် အများဆုံး တွေ့ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့၏ နေ့စဉ် လူစည်ကားရာ လှည်းတန်းလမ်းဆုံသည် ရန်ကုန်တက္ကသိုလ်နှင့် နီးသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း သင်ကြားမှု တက်ရောက်ရာ နေရာ၊ ပညာရပ်ဆိုင်ရာများ သင်ကြားရာ နေရာဖြစ်သည့်အပြင် အဆောင်များလည်း ရှိသည့်အတွက် မိမိဘဝတက်လမ်းအတွက် ရည်မှန်းချက်တို့ဖြင့် လူငယ်၊ လူရွယ် အများဆုံးသွား လာရာနေရာလည်း ဖြစ်သည်။ ယာဉ်ကြောကျပ်သည့် လမ်းဆုံဖြစ်၍ ပြည်သူများကားလမ်းတစ်ဖက်မှ တစ်ဖက်သို့ သွားလာနိုင်ရန် လူကူးခုံးကျော်တံတားနှင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် ခုံးကျော်တံတားတစ်ခုကိုလည်း တည်ဆောက်ထားသောကြောင့် ပြည်သူနှင့် ယာဉ်များသွားလာရေးမှာ ယခင်ထက် သိသာစွာ အဆင်ပြေချောမွေ့လျက်ရှိသည်။

လှည်းတန်း လူကူးခုံးကျော်တံတားပေါ်တွင် အသက် လေးနှစ်ခန့်ရှိ ကလေးငယ်တစ်ဦးကို အသက် ၁၃နှစ် ခန့်ရှိ လူငယ်တစ်ဦးက ကြီးကြပ်၍ ထိုတံတားပေါ်မှ ဖြတ်သန်းသွားလာသော အမျိုးသမီးများကို လိုက်လံ၍ ငွေတောင်းလျက်ရှိသည်။ အထူးသဖြင့် မိန်းကလေးငယ်များကိုသာ တောင်းခံလေ့ရှိပြီး အမျိုးသားများထံ ငွေတောင်းခံမှုနည်းသည်ကို တွေ့ရသည်။ ရှက်တတ်သော ငယ်ရွယ်သူ မိန်းကလေးများကို ကျောပိုးအိတ်၊ လက်ဆွဲအိတ်၊ ဘောင်းဘီ၊ အင်္ကျီတို့ကို လိုက်လံဆွဲ၍ ငွေတောင်းခံခြင်းဖြစ်သည်။ အချို့သင်တန်းတက်သော မိန်းကလေးများမှာ ငွေအကြွေမရှိ၍ ရှောင်ကွင်းသွားသောအခါ မီရာလိုက်လံဆွဲပြီး အတင်းတောင်းခံလေ့ရှိသည်။ မရမက အင်္ကျီ၊ ဘောင်းဘီ၊ စကတ်တို့ကိုဆွဲ၍ ငွေတောင်းခံမှုကြောင့် ထိုတံတားပေါ်တွင် ငွေတောင်းသောကလေးမလေးနှင့် အတောင်းခံရသူ အမျိုးသမီးငယ်တို့မှာ ထုပ်ဆီးတိုးသကဲ့သို့ ရှောင်တိမ်းနေရသည်ကိုတွေ့မြင်ရလေ့ရှိသည်။



**လှည်းတန်းခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာမည့် အမျိုးသမီးတစ်ဦးထံမှ ငွေကြေးတောင်းခံနေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။**

ထိုကလေးမှာ ကျောင်းတက်ရမည့် အရွယ်ဖြစ်သည့်အပြင် ထိုကလေးကို ကြီးကြပ်သော ကောင်လေးမှာလည်း စာသင်ကျောင်းတွင် ပညာသင်ကြားရမည့် အရွယ်တို့ပင်ဖြစ်သည်။ ကလေးငယ်ကို ငွေတောင်းခံခိုင်းပြီး ထိုကောင်လေးမှာ တံတားလူသွားလမ်းပေါ်တွင် အိပ်စက်လျက်ရှိသည်။ ကလေးငယ်မှာ တံတားခြေရင်းဆင်း၍ ငွေတောင်းခံလိုက်၊ တံတားပေါ်တက်၍ ငွေတောင်းလိုက်ဖြင့် သံပတ်ပေးထားသောစက်ရုပ်ပမာ သွက်လက်လှုပ်ရှားလျက်ရှိသည်။ အချို့အမျိုးသမီးငယ်များထံမှ မုန့်နှင့် ရေသန့်ဘူး တောင်းခံသည်ကိုလည်း တွေ့ရသည်။ မြန်မာတို့၏ သနားကြင်နာတတ်သော စေတနာကြောင့် ထိုကလေးငယ် တောင်းသမျှကို ပေးသွားကြသည်က များသည်။ တောင်း၍ ရသောငွေကို ၎င်း၏လည်ပင်းတွင် လွယ်ထားသော ပီနံအိတ်ငယ်အတွင်း ထည့်လေ့ရှိသည်။ထိုကလေးကို ကြီးကြပ်သူ ကောင်လေးမှာ လှည်းတန်း လူကူး ခုံးကျော်တံတားပေါ်တွင် စိတ်အေးချမ်းသာစွာဖြင့် အိပ်စက်လျက်ရှိသည်။

*အချပ်ပို (ဃ) သို့*



တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# ညာမောင်းကားများ တင်သွင်းခွင့် လက်ကျန်ရက်များနှင့် ရန်ကုန်ဈေးကွက်

**မင်းသော်**

၂၀၁၇၏ နောက်ဆုံးလဖြစ်သည့် ယခုလတစ်ဝက်မှာပင် ညာမောင်းကားတင်သွင်းမှု နိဂုံးချုပ်တော့မည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က မော်တော်ကားစီးပိုင်ခွင့်သည် လူချမ်းသာတို့ လက်ဝယ်မှသည် ငွေကြေးအတန်အသင့် တတ်နိုင်သူတို့အဖို့ ဖြစ်ခဲ့ရပြီး ဂျပန်တစ်ပတ်ရစ်ကားများကို အပြိုင်အဆိုင် ဝယ်ယူလာခဲ့ကြခြင်းဖြင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၏ လမ်းမများထက်ဝယ် မြင်မကောင်းအောင်ပင် ကိုယ်ပိုင်ကားများပေါ်များလာခဲ့သည်။ တစ်စီးလျှင် ငွေကျပ်သိန်း ၆၀၊ ၇၀ ဖြင့် စီးနင်းခဲ့ကြသည်။ ယခုအခါ မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒများ ပြောင်းလဲခဲ့ပြီး လူလတ်တန်းစားဝယ်ယူစီးနင်းနိုင်သည့် လွန်ခဲ့သည့် ငါးနှစ်ပတ်လည်မှ မော်တော်ကားများသည်လည်း ဈေးနှုန်းနှစ်ဆမှသုံးဆသို့ ခုန်တက်ခဲ့ကြပြီဖြစ်သည်။

လာမည့် နှစ်ဆန်းတစ်ရက်မှစတင်ကာ ဘယ်မောင်းကားများကို တင်သွင်းကြရမည်ဖြစ်သည်။ ပြီးခဲ့သည့်တစ်ပတ်အတွင်းက မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်လျှောက်ထားမှု နောက်ဆုံးရက် ဒီဇင်ဘာ ၁၅ရက်အထိ စလစ်ဈေးနှုန်းများသည် ငွေကျပ် ၁၄၃ သိန်းအထိ မြင့်တက်သွားခဲ့သည်။ ပါမစ်လျှောက်ထားနိုင်ကြသူများသည် လာမည့်နှစ် ဧပြီလအထိ မော်တော်ယာဉ် (ညာမောင်းကား)များကို တင်သွင်းခွင့်ရရှိကြမည်ဖြစ်သည်။ မူဝါဒတစ်ခုမှ တစ်ခုသို့ အပြောင်းအလဲကာလဖြစ်ခြင်းကြောင့် ယခုအချိန်သည် ဈေးကွက်အတွင်း အရောင်းအဝယ်မရှိသလောက် ငြိမ်သက်သွားခဲ့ပြီး လျှော့ဈေးဖြင့် ရောင်းချမည့်ကားများပင်ရှားနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ဒီဇင်ဘာ ၁၅ ရက်မတိုင်မီအထိ တင်သွင်းမှု အားကောင်းလာခဲ့သည့်အတွက် ဂျပန်လေလံဈေးမှာလည်း မြင့်တက်ခဲ့ရပြီး ယခုလာမည့် သီတင်းပတ်အတွင်းတွင် ဂျပန်လေလံဈေးများ နှစ်ကူးရာသီမို့ ကျဆင်းနိုင်ပြီး တင်သွင်းခွင့်ရရှိသူများ မှာယူတင်သွင်းရန် သင့်တော်သည့်အချိန်ဖြစ်လာနိုင်ကြောင်း မော်တော်ကား လေလံကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

နှစ်ကုန်ပိုင်းဖြစ်လာပြီး အပျော်အပါးရာသီဖြစ်သည့်အတွက် မော်တော်ယာဉ်ရောင်းချလိုသူများကို မြင်တွေ့ရသော်လည်း ဝယ်လက်မှာ ရှားပါးနေကြောင်း၊ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်သလောက် နည်းပါးနေပြီး လာမည့် ဇန်နဝါရီလဆန်းပိုင်းမှသာ အရောင်းအဝယ်များပြန်လည်အားကောင်းလာနိုင်ကြောင်း သိရသည်။ သို့သော် ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ကားသစ်များမှာမူ နှစ်အကူးအပြောင်းကာလ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"နယ်ဝယ်လက်တွေက ဘရန်းနယူးကားတွေဘက်ကို လှည့်သွားကြတယ်၊ ဈေးကွက်ထဲက ကားတွေက ဈေးကသိပ်မငြိမ်သေးဘူးလို့ ယူဆကြတယ်၊ ဝယ်လက်ကတော့ ဈေးချမှအရောင်းအဝယ်ဖြစ်မှာ၊ ကျွန်တော်တို့ကလည်း ဈေးကိုဆွဲထားရတယ်၊ ကျွန်တော့်အထင်ပြောရရင် ဇန်နဝါရီဆိုရင် ကားဈေးတွေ ဈေးမာမာနဲ့ အဝယ်လိုက်လာလိမ့်မယ်၊ ဝယ်လက်တွေအနေနဲ့လည်း တကယ်လိုချင်တဲ့သူကဈေးကို အဲဒီလောက်ကြီးစောင့်နေတော့မှာမဟုတ်ဘူး၊ နောက်ပိုင်းသွင်းတာ မရှိသလောက်ဖြစ်လာရင် ရှိတဲ့ညာမောင်းကားတွေက ဈေးကောင်းလာမှာ၊ ဒီအချိန်မှာ ဈေးချိုချိုနဲ့ ရလိုက်ရင်တော့ ဝယ်ထားတဲ့သူအတွက် အကျိုးရှိနိုင်သေးတယ်" ဟု ကားဝယ်ရောင်းတစ်ဦးက သုံးသပ်ပြသည်။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ**

| ယာဉ် အမျိုးအစား | Model | လိုင်စင် | အင်ဂျင် ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၆၀ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၅ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၀ |
| AD Van | 2011 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၉၀ |
| Wish | 2003 | ရန်ကုန် | 2500cc | အပြင်ဈေး | ၂၄၅ |
| Probox | 2009 | ရန်ကုန် | 1500cc | အပြင်ဈေး | ၂၃၈ |
| Civic | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၉၀ |
| MarkII | 2000 | ရန်ကုန် | 2000cc | အပြင်ဈေး | ၁၆၂ |

* ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

---

**အချပ်ပို (၈) မှ**

ထိုကလေးငယ် ငွေတောင်းခံပြီး သုံးနာရီကျော်ခန့်အကြာတွင် အသက် ၁၇ နှစ် ခန့်ရှိ လူငယ်တစ်ဦး တံတားပေါ်သို့ ရောက်ရှိလာပြီး အိပ်နေသော ကောင်လေးအား ခြေဖြင့်ကန်နှိုးသည်။ အတန်ကြာနှိုး၍ အိပ်မှုန်စုံမွှားဖြင့် နိုးလာသော ကောင်လေးအား တောင်းခံသမျှငွေကို တောင်းရာ လိုက်လံတောင်းနေသော ကလေးကိုခေါ်၍ ပီနံအိတ်ငယ်အတွင်းမှ ငွေအကြွေများကို ရေတွက်ကာ ထိုလူငယ်ထံ ပေးလိုက်ပြီး တံတားကြမ်းပြင်တွင် ဆက်အိပ်လျက်ရှိသည်။ ငွေတောင်းသော လူငယ်မှာ တစ်နေရာကို ဖုန်းဖြင့် ဆက်သွယ်လျက်ရှိပြီး လှည်းတန်းပန်းခြံဘက်ရှိ ခုံးကျော်တံတားဘက်သို့ ထွက်သွားသည်ကို တွေ့ရသည်။

ကလေးငယ်မှာ တံတားပေါ်မှ ဖြတ်သန်းသွားလာသော မိန်းကလေးများထံ လိုက်လံငွေတောင်းခံလျက်ရှိသည်။ သေချာ သင်ကြားပေးထားဟန်ရှိပြီး ကြောက်လန့်မှုမရှိသည်ကို တွေ့ရသည်။ လူကူးခုံးကျော် တံတားအောက် လှည်းတန်းပန်းခြံအနီးနေ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဤသို့ ပြောသည်။

လှည်းတန်း လူကူးခုံးကျော်တံတားပေါ်တွင် ငွေတောင်းခံနေသော ကလေးမှာ ခုံးကျော်တံတားကြီးအောက်တွင် နေထိုင်သူများမှ မိသားစုဝင်တစ်ဦးဖြစ်ပြီး ယခင်ကလည်း ထိုတံတားပေါ်တွင် ကလေးများ ငွေတောင်းနေသည့်အတွက် လာရောက်ထိန်းသိမ်းသွားဖူးပြီး ပြန်ရောက်လာကာ ယခုလို ဆက်လက်တောင်းနေခြင်း ဖြစ်ကြောင်း၊ လှည်းတန်းခုံးကျော်တံတားကြီး အောက်တွင်လည်း မိသားစုသုံးစု နေထိုင်လျက်ရှိကာ နေ့ပိုင်းတွင်ဈေးရောင်း၍ ကလေးများကို လွှတ်ထားလေ့ရှိကာ ညပိုင်းတွင် ထိုနေရာ၌ပင် အိပ်လေ့ရှိကြောင်း ဆိုပါသည်။

လှည်းတန်းလမ်းဆုံသည် လူကူးခုံးကျော်တံတား၊ ခုံးကျော် တံတားကြီးနှင့် စူပါမားကတ်၊ ဟိုတယ်များနှင့် ရန်ကုန်တက္ကသိုလ်အနီးတွင် ရှိသည့်အတွက်နေ့စဉ်လူစည်ကားရာနေရာ ဖြစ်သည်။ တံတားအောက်တွင် အိပ်၍ ထိုတစ်ဝိုက်တွင် ကလေးသူငယ်များကို တောင်းရမ်းခိုင်းခြင်းသည် အနာဂတ်မျိုးဆက်သစ်လူငယ်တို့၏ လွတ်လပ်သော အတွေးအခေါ်၊ အခွင့်အရေးတို့ကို တားဆီးဖျက်ဆီးခြင်းပင်ဖြစ်သည်။

မိမိတို့ လက်ရှိဘဝကို တန်ဖိုးထားမှု အားနည်းသည့်နည်းတူ ကလေးသူငယ်တို့၏ ဘဝနောင်ရေးကိုလည်း စဉ်းစားချင့်ချိန်မှု မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တောင်း၍ မရပါက လုယက်သည့်အဆင့်သို့ အချိန်မရွေး ရောက်ရှိနိုင်သည်။ မြို့ပြ၏ ခေတ်မီအဆောက်အအုံများနှင့်အတူ ရန်ကုန်တက္ကသိုလ်အနီးတွင် ဤသို့ ကလေးငယ်များကို တွေ့မြင်ရသည်မှာ လိုက်ဖက်ညီမှုမရှိသော မြင်ကွင်းပင်ဖြစ်သည်။



လှည်းတန်းလူကူးခုံးကျော်တံတားပေါ်၌ ငွေတောင်းခံသည့် ကလေးငယ်တစ်ဦးနှင့် တောင်းရမ်းသည့်ငွေများကို ရယူနေသည့် လူငယ်တစ်ဦးကို တွေ့ရစဉ်။

တံတားအောက်တွင် နေအိမ်သဖွယ် နေထိုင်ခြင်းမှာလည်း မြို့အင်္ဂါနှင့် တင့်တယ်မှုမရှိသည်ကို တွေ့မြင်ရလျက်ရှိသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတွင် လူငယ်တို့၏ အခန်းကဏ္ဍသည် အထူးအရေးပါလာပြီ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဂုဏ်တင့်စွာ ရပ်တည်နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသကဲ့သို့ လူငယ်တို့၏ တီထွင်ကြံဆမှုနှင့် ခိုင်မာသော စိတ်ဓာတ်သည် အထူးပင်အရေးကြီးသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်မည့် လူငယ်များသည် ဘက်စုံပညာတတ်မြောက်ရန် လိုသည်။ ထိုသို့ သင်ကြားနိုင်ရန် ငယ်ရွယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ရမည် ဖြစ်သည်။ လမ်းပေါ်ကလေးပပျောက်ပြီး ပညာတတ်လူငယ်များ ထွန်းကားလာပါက လူငယ်၏အင်အားနှင့် စီးပွားရေးအင်အားပူးပေါင်းကာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမှု၏ အနာဂတ်အလင်းတန်းများကို တွေ့မြင်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့ပြ၏ အချက်အချာကျသော နေရာတို့တွင် ကလေးသူငယ်တို့ကို အသုံးချခံ သားကောင်များ မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။